# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် နယုန်လပြည့်ကျော် ၁၁ ရက်၊ သောကြာနေ့၊ 1, Friday July 2016 (၈၆၀၉)


## အနှစ်ရှိသောတရားကိုရနိုင်

အနှစ်ရှိသောတရားကိုလည်း အနှစ်ရှိသောတရားဟူ၍၊ အနှစ်မရှိသောတရားကိုလည်း အနှစ်မရှိသောတရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သောကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသောတရားကို ရနိုင်ကြကုန်၏။

ယမကဝဂ်(ဓမ္မပဒ - ၁၂)

## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ



သတင်း စာမျက်နှာ - ၃

## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နေပြည်တော်ရှိ အားကစားတက္ကသိုလ်နှင့် အားကစားလေ့ကျင့်ရေးစခန်းများအား ကြည့်ရှုစစ်ဆေး



သတင်း စာမျက်နှာ - ၃



# အာဇာနည်ဗိမာန်ကြီးအား မူလဗိသုကာဒီဇိုင်းအတိုင်း ပြုပြင်မွမ်းမံလျက်ရှိ

**သတင်း - ခင်ဇာလီ၊ ဓာတ်ပုံ - စောသိန်းဝင်း**

**ရန်ကုန် ဇွန် ၃၀**

မကြာမီကျရောက်တော့မည့် (၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားအတွက် အာဇာနည်ဗိမာန်၊ ယင်းနှင့်ဆက်စပ်နေသော နေရာအတွင်းအပြင် ပြင်ဆင်မွမ်းမံနေမှုများကို ယခင်နှစ်များနှင့်မတူ မူလရေးဆွဲခဲ့သည့် ဒီဇိုင်းပုံစံအတိုင်း ပြန်လည်ပြင်ဆင်မွမ်းမံသွားမည်ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

အာဇာနည်ဗိမာန်ကြီးအား မူလဒီဇိုင်းပုံစံအတိုင်း ပြန်လည်ပြုပြင်နေသည့်အချက်များအနေဖြင့် ယခင်က ကြယ်ဖြူအချိုင့်ရှိခဲ့သည့်နေရာတွင် ကြယ်ပွင့်ပုံသဏ္ဌာန် အပေါက်ဖောက်ခြင်း၊ ဗိုလ်ချုပ်အောင်ဆန်း၏ တည်နေရာအား ၁၀ လက်မ ထပ်မြှင့်ခြင်း၊ ဗိမာန်တစ်ခုလုံးကို ယခင်က အနီရောင်ဆေးသုတ်ခဲ့ရာမှ ယခုအချိန်တွင် ရှေ့မျက်နှာစာကိုသာ အနီရောင်ဖြင့်ထားရှိပြီး အနောက်ဘက် မျက်နှာစာကို သျှားညိုရောင်သုတ်ခြင်း၊ ယခင်နိုင်ငံတော်အလံကို အလယ်တွင်ထားရှိခဲ့ရာမှ ဘယ်ဘက်ဘေးသို့ ရွှေ့၍ ပြန်လည်ထားရှိခြင်း၊ ကြွေလင့်သွားရသည့် သင်္ကေတအဖြစ် ကြယ်တစ်ပွင့် မြက်ခင်းပေါ်ကျနေသည့်သဏ္ဌာန်ပြုလုပ်ခြင်း၊ အာဇာနည်ဗိမာန်၏ခြေရင်းတွင် အာဇာနည်ကိုးဦးအတွက် အထိမ်းအမှတ်အဖြစ်ပြုလုပ်မည့် ကျောက်တုံးများကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိခြင်း၊ ယင်းကျောက်သားများပေါ်တွင် အာဇာနည်များ၏ ရာဇဝင်များအား ကြယ်ပွင့်ပုံသဏ္ဌာန် ကြေးပြားထဲတွင် ကမ္ပည်းရေးထိုးခြင်း၊ ဗိမာန်ကြီး၏ မူလရှိပြီးသား အမြောင်း ၉ ခုပေါ်တွင်အထိမ်းအမှတ်ကျောက်တုံးများထားရှိခြင်း စသည်တို့ဖြင့် ပြုပြင်ပြောင်းလဲသွားရန် အစီအစဉ်များစွာဖြင့် ဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီဌာန(အဆောက်အအုံ)မှ ဌာနခွဲမှူး ဦးစောနိုင်က ပြောသည်။

မူလပထမ အာဇာနည်ဗိမာန်သည် ရွှေတိဂုံစေတီတော်၏ ခြေရင်းသွေးဆေးကန်၏ အနောက်ဘက်တွင် တည်ရှိပြီး ၁၉၈၃ ခုနှစ်တွင် အာဇာနည်ဗိမာန်ကြီးသည် မထင်မှတ်ဘဲ ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးသည့်နောက် စက်မှုတက္ကသိုလ် ဗိသုကာဌာနမှ အာဇာနည်ဗိမာန်ကြီးအတွက် ဒီဇိုင်းအသစ်ရေးဆွဲခဲ့သည်။

ယင်းဒီဇိုင်းကို ၁၉၈၄ ခုနှစ် အောက်တိုဘာလတွင် စတင်တည်ဆောက်ခဲ့ရာ ၁၉၈၅ ခုနှစ် ဇူလိုင်လတွင် ဂုဏ်ပြုအခမ်းအနားကို အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။ သို့သော်လည်း နှစ် ၃၀ ကြာတည်ရှိခဲ့သည့် အာဇာနည်ဗိမာန်ကြီးတွင် မူလဒီဇိုင်း၏ ဗိသုကာလက်ရာ ၈၀ ရာခိုင်နှုန်းသာ မြင်တွေ့ခဲ့ရခြင်းဖြစ်သည်။

ယခုအစိုးရသစ်လက်ထက်တွင်မူ မူလဗိသုကာဒီဇိုင်းလက်ရာအတိုင်းပြုပြင်မွမ်းမံမှုများကို ပြန်လည်လုပ်ဆောင်နေခြင်းဖြစ်သည်။




ကြေးမုံ

# အခြေခံပညာအထောက်အပံ့ကောင်းပျိုးထောင်

အခြေခံပညာမြင့်မားရေးအတွက် ပညာရေးပြုပြင်ပြောင်းလဲမှုများကို ဖော်ဆောင်နေသည်ကို မြင်တွေ့နေရသည်။ ကျောင်းသား ကျောင်းသူ ကလေးသူငယ်များအား ကျောင်းလခ၊ စာရေးကိရိယာမှအစ လိုလေသေး မရှိအောင် ဖြည့်ဆည်းပေးနေသည်ကို မြင်တွေ့ရသည်။ ဆရာ ဆရာမများ အတွက်လည်း ပညာရေးမြှင့်တင်ပေးမှုနှင့် အထောက်အပံ့များကို တတ်နိုင်သလောက်ဖြည့်ဆည်းပေးသည်ကို ကြားသိရသည်။

သို့သော် ကျောင်းသား ကျောင်းသူများလောကတွင် ကျူရှင်စနစ် ရှိနေသေးသည်မှာ အခြေခံပညာလိုအပ်ချက်ဟု ထင်မြင်မိသည်။ ကျူရှင် ယူခြင်း၊ မယူခြင်းမှာ ကျောင်းသား ကျောင်းသူလေးများနှင့် မိဘများ အပေါ်တွင်မူတည်သည်။ ကျူရှင်မယူဘဲ ထူးချွန်ပေါက်မြောက်သော ကလေးသူငယ်တို့ကို ကျေးလက်များတွင် တွေ့ရသည်။ ထို့ကြောင့် ပညာ ရေးတွင် ကျူရှင်ယူခြင်း၊ မယူခြင်းထက် ကျောင်းသား ကျောင်းသူများ၏ ကြိုးစားအားထုတ်မှုသည်သာ ပို၍အရေးပါလိမ့်မည်။ အကယ်၍ ကျူရှင်ပြ သောဆရာ ဆရာမထံတွင် ကျူရှင်မတက်သော ကျောင်းသား ကျောင်းသူ မှာ စာတော်ပါလျက် အမှတ်ကောင်းမရလျှင် လိုအပ်ချက်တစ်ဖက်ဖက် တွင်ရှိနေမည်မှာ အမှန်ဖြစ်သည်။

ကျူရှင်ဟူသည်မှာ ကျောင်းမှ ဆရာ ဆရာမစာမပြလျှင်လည်း ပြင်ပမှဆရာ ဆရာမများက အခကြေးငွေဖြင့် ပြသလိမ့်မည်ဖြစ်သည်။ အရင်းခံအဓိကအချက်မှာ ဆရာ ဆရာမများသာ အခရာဖြစ်၍ ကလေး ငယ်များအား ကျောင်းတွင်သင်ကြားမှု၊ သင်ယူမှုပြီးပြတ်အောင် ဆောင် ရွက်ပေးနိုင်ရေးပင်ဖြစ်သည်။ ဆရာဟူသည် နာသုံးနာဖြင့် အသက်မွေး ဝမ်းကျောင်းပြုသူများဖြစ်သည်။ စာသင်ကျောင်းနှင့် ဆရာများ၏လိုအပ် ချက်များ ပြည့်စုံနေပါက ဆရာ့စေတနာနှင့် ဆရာ့ပညာတို့ကို ဆရာစား မချန်ဘဲ ကျောင်းသား ကျောင်းသူတို့၏ ဦးနှောက်နှင့် နှလုံးသားအတွင်း စိမ့်ဝင်ပျံ့နှံ့ဝင်ရောက်နေမည်ဖြစ်သည်။

ပင်ကိုအခံကောင်းရုံဖြင့် ကျောင်းတွင်ပျော်၍ စာတော်သော ကလေးများဖြစ်လာစေရန် ကျောင်းသား၊ ဆရာနှင့်ပတ်ဝန်းကျင်တည်းဟူ သော ဤသုံးချက် ဟန်ချက်ညီဖို့လိုအပ်မည်။ ပတ်ဝန်းကျင်ဟုဆိုရာ၌ မိဘအုပ်ထိန်းသူများ၊ ရပ်ကွက်၊ကျေးရွာမှ မိဘပြည်သူများ၊ စေတနာရှင်များ၊ အသင်းအဖွဲ့များလည်း တက်ညီလက်ညီ ပါဝင်ဖို့လိုမည်။ အဓိကကျသော အဖွဲ့အစည်းမှာ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းဖြစ်သည်။ ထိုအထဲ တွင် အရေးအကြီးဆုံးဖြစ်သည့် ဆရာ ဆရာမများအား လုံလောက်သော အထောက်အပံ့ကောင်းများ ဖြည့်ဆည်းပေးထားနိုင်ရေးလည်း လိုအပ် မည်။

ကျောင်းသား၊ ဆရာ၊ ပတ်ဝန်းကျင်အခြေခံကောင်းများ ရရှိထားမှ သာလျှင် သာယာချမ်းမြေ့သော ပျော်ရွှင်ဖွယ်ရာ ကျောင်းတော်သာဖြစ်လိမ့် မည်။ ကျူရှင်စနစ်မှာလည်း တဖြည်းဖြည်းတိမ်ကောပပျောက်၍ ကျောင်း နေပျော်ပြီး ပတ်ဝန်းကျင်ကောင်းကို ဖန်တီးနိုင်သော ပညာချွန်သည့် ကလေးငယ်များ အမြောက်အမြားပေါ်ထွက်လာပေလိမ့်မည်။ လွန်ခဲ့သော ဆယ်စုနှစ်များစွာကတည်းက ကျူရှင်စနစ်မှာ ပေါ်ထွက်ခဲ့သည်။ ကျောင်း တွင်းသင်ကြားတတ်မြောက်မှုထက် ပိုတော်အောင်၊ ဂုဏ်ထူးထွက်အောင်၊ အတန်းအောင်အောင် ကျောင်းသင်ပညာကိုသာမက ပြင်ပကျူရှင်များကို လည်း ကျောင်းသားများကိုယ်တိုင် ရွေးချယ်တက်ရောက်ခဲ့ကြသည်။ ထိုစဉ်က စေတနာဆရာများ သင်ပြမှုလိုအပ်ချက်ကြောင့်မဟုတ်ချေ။ ကျောင်းသားများ၏ ရွေးချယ်မှုအရ အပိုသင်ကြားမှု ကျူရှင်အလေ့အထ များဖြစ်လာပြီး ယနေ့ထက်တိုင် အမြစ်ပြတ်သွားခြင်းမရှိချေ။ ကျူရှင် မယူသောသူများ စာပိုတော်သည့် ပုံရိပ်ကိုဖော်ဆောင်နိုင်မှသာလျှင် ကျူရှင်စနစ်မှာ တိမ်ကောသွားနိုင်သည်။

ပတ်ဝန်းကျင်ကောင်းကို ဖန်တီးနိုင်ရန်မှာ ကျောင်းတွင်သင်ကြားမှု လုံလောက်ပြီး စာသင်ချိန်ပြင်ပတွင် ကလေးသူငယ်များ ကာယ၊ ဉာဏ စာရိတ္တမှအစ ဗလငါးတန်ဖွံ့ဖြိုးရေးအတွက် ပတ်ဝန်းကျင်ကောင်းများ ပြန်လည်ဖော်ထုတ် ဖန်တီးပေးသွားနိုင်ရန်လိုအပ်သည်။ ယခုအခါ ကျောင်းပတ်ဝန်းကျင်တွင် ကျောင်းသားကလေးငယ်များအတွက် ဝန်းကျင် ကောင်းများ ကွယ်ပျောက်ခဲ့ပြီဖြစ်သည်။ ယင်းတို့ကို ပြန်လည်ဖော်ထုတ် ဖန်တီးပေးရန် လိုအပ်ပေလိမ့်မည်။

သို့မှသာ ကျောင်းနေပျော်ပြီး ပညာချွန်သောကလေးငယ်များ ပေါ်ထွက်လာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ရပ်ရွာပတ်ဝန်းကျင်ကောင်း မှသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို တည်ဆောက်နိုင် မည်ဖြစ်သည်။ ။



နိုင်ငံတော် အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးကျော်တင့်ဆွေသည် ချက်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Jaroslav Dolecek အား ဇွန် ၂၈ ရက် မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော် အတိုင်ပင်ခံရုံး ဝန်ကြီး ဌာန ဧည့်ခန်းမ၌ တွေ့ဆုံစဉ်။

**(သတင်းစဉ်)**

## ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းက သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ကယားပြည်နယ်တွင် ငွေကျပ်သိန်းတစ်ထောင်လှူဒါန်း

**လွိုင်ကော် ဇွန် ၃၀**

ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်း(BFM)သည် မြန်မာနိုင်ငံ အတွင်း သဘာဝဘေးအန္တရာယ်ကျရောက်ခြင်းများ ကြုံတွေ့လာပါက သက်ဆိုင်ရာဒေသများအလိုက် အများပြည်သူအတွက် ကယ်ဆယ်ရေး လုပ်ငန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် ရည်ရွယ်လျက် ဇွန် ၂၉ ရက်က ကယားပြည်နယ်အစိုးရအဖွဲ့ထံသို့ ငွေကျပ်သိန်း ၁၀၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။**(ယာပုံ)**

အလှူငွေပေးအပ်ပွဲအခမ်းအနားကို ကယားပြည်နယ် လွိုင်ကော်မြို့ ပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ၌ပြုလုပ်ခဲ့ရာ အခမ်းအနားသို့ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် ပြည်နယ်ဝန်ကြီးများ တက်ရောက်ကြပြီး ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်း (ကိုယ်စား) တာဝန်ရှိသူ ကမ္ဘောဇဘဏ်လီမိတက် လွိုင်ကော် ဘဏ်ခွဲ(၁)မှ ဘဏ်ခွဲတာဝန်ခံ ဒေါ်အိအိခိုင်က ကယားပြည်နယ်ဝန်ကြီးချုပ်ထံ အလှူငွေကျပ်သိန်း ၁၀၀၀ ကို ပေးအပ်လှူဒါန်းခဲ့သည်။

အလှူငွေပေးအပ်ပွဲတွင် ဖောင်ဒေးရှင်းမှ ဒေါ်အိအိခိုင်က ၂၀၁၅ ခုနှစ် နိုဝင်ဘာလ၌ ကယားပြည်နယ် မော်ချီးဒေသတွင် ရွာလုံးကျွတ်မြေပြိုမှုဖြစ် ပွားခဲ့ရာ သိလျှင်သိချင်း ပြည်နယ်အစိုးရနှင့်ပူးပေါင်း၍ ကူညီကယ်ဆယ်ရေးနှင့်



ပြန်လည်နေရာချထားရေးတို့ကို ဆောင်ရွက်ခဲ့ပြီး ကျေးရွာပြန်လည်တည်ဆောက် ပေးခြင်း၊ ဆေးပေးခန်း၊ စာကြည့်တိုက်၊ စာသင်ကျောင်းဆောင်၊ မီးသွယ်တန်း ခြင်းနှင့် သောက်သုံးရေအတွက် ရေကန်များတည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ဇွန် ၆ ရက်က အနာဂတ်အလင်းတန်းစံပြကျေးရွာကို ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ယင်းကဲ့သို့ သဘာဝဘေးအန္တရာယ်များ ကြုံတွေ့လာပါက သက်ဆိုင်ရာအစိုးရအဖွဲ့များအနေဖြင့် အမြန်ဆုံးထိရောက်စွာ ကူညီဆောင်ရွက် နိုင်ရန်အတွက် ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း၏ စီစဉ်ညွှန်ကြားမှုဖြင့် ယခုလို လှူဒါန်းရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ကယားပြည်နယ်ဝန်ကြီးချုပ်က ယခုလိုလှူဒါန်းမှုအတွက် ကယားပြည် နယ် ပြည်သူလူထုကိုယ်စား အထူးပင်ကျေးဇူးတင်ရှိကြောင်း ပြန်လည်ပြောကြား ကာ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည် ပေးအပ်ခဲ့သည်။ **(ဝ၁၀)**

## ရက် ၁၀၀ အတွင်း ဆောင်ရွက်သည့်လုပ်ငန်းများ ပြီးစီးမှုစစ်ဆေး

**မိုးမောက် ဇွန် ၃၀**

ကချင်ပြည်နယ် မိုးမောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပထမရက် ၁၀၀ အတွင်း စီမံချက်ဖြင့် ရေရရှိရေးလုပ်ငန်းသုံးခုနှင့် လမ်းလုပ်ငန်းတစ်ခုတို့အား ဆောင်ရွက်လျက်ရှိရာ သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီရေး အတွက် ဗန်းမော်ခရိုင်ဦးစီးမှူး ဦးသောင်းညွှန့်၊ မြို့နယ်ဦးစီးမှူး ဦးတင်ဇော်လင်းတို့ဖြင့် ဖွဲ့စည်းထားသော လုပ်ငန်းအရည်အသွေးနှင့်ပြီးစီးမှု စိစစ်ရေးအဖွဲ့က ဇွန်လ တတိယပတ်တွင် လုပ်ငန်းပြီးစီးမှုအခြေအနေများအား ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**




သင့် စီးပွားရေး လုပ်ငန်း အောင်မြင်ဖို့ ကြေးမုံ သတင်းစာတွင် ကြော်ငြာစို့

ကြေးမုံ နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလွဲသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလဲ
ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀) ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror ၁၉၅၇ ခုနှစ် ၁၆ ရက်နေ့ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၁၂၈၊ ၀၆၇-၃၆၀၁၃၀၊ ဖက်စ် ၀၆၇-၃၆၀၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၃ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂
မန်နေဂျာ ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၈၃၃၅

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နေပြည်တော်ရှိ အားကစားတက္ကသိုလ်နှင့် အားကစားလေ့ကျင့်ရေးစခန်းများကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၃၀**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာ့လက်ရွေးစင်အားကစားသမားများ စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)ကို ယနေ့ညနေ ၃ နာရီခွဲတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒေါက်တာမြင့်ထွေးတို့နှင့်အတူ အားကစားတက္ကသိုလ်ရှိ ရုံးခန်းများ၊ အစည်းအဝေးခန်းမ၊ စာသင်ဆောင်များကို ကြည့်ရှုစစ်ဆေးရာ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)ရှိ ဝန်ထမ်းများနှင့် Multi Purpose Hall ၌ ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်မှုနှင့် ပတ်သက်၍ အားကစားအရည်အချင်း သတ်မှတ်ချက်ကို မေးမြန်းရာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် Fitness Center (GYM)ခန်းမ၌ မြန်မာ့လက်ရွေးစင် အားကစားသမားများအား ရင်းရင်းနှီးနှီး တွေ့ဆုံကာ (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှ လူငယ်ဘော်လီဘောပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အမျိုးသားလူငယ်ဘော်လီဘောအားကစားသမားများအား ပြိုင်ပွဲဝင်အသင်းများနှင့် မိမိအသင်းတို့၏ အားနည်းချက်၊ အားသာချက်များကို မေးမြန်းပြီး မြန်မာအားကစားသမားများ ပြိုင်ပွဲအတွေ့အကြုံရရှိရန် ပြည်တွင်းပြိုင်ပွဲများ ကျင်းပပေးနိုင်ရေး၊ ပရိသတ်၏ ဖိအားပေးမှုဒဏ်ခံနိုင်ရေးနှင့် ပြိုင်ပွဲဝင်အားကစားသမားများ ပြိုင်ပွဲယှဉ်ပြိုင်နေစဉ် စိတ်တည်ငြိမ်မှုရှိစေရေးအတွက် အထူးလေ့ကျင့်ပေးရန် လမ်းညွှန်မှာကြားခဲ့သည်။ **(အောက်ပုံ)**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အားကစားသမားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်လျက်ရှိသော(Sports Medical Center)သို့ ရောက်ရှိပြီး ပြင်ပလူနာကုသရေးဌာန၊ Physiotherapy ဌာန၊ အကြောပြင်ဌာန၊ ကိုယ်ခန္ဓာအချိုးအစားတိုင်းတာရေးဌာန၊ အဆုတ်နှင့်နှလုံးကြွံခိုင်မှု ဆန်းစစ်ရေးဌာနတို့၌ ခေတ်မီစက်ကိရိယာများဖြင့် အားကစားအထောက်အကူပြုစစ်ဆေးကုသမှုများကို ကြည့်ရှုစစ်ဆေးရာ အားကစားနှင့်ဆေးဘက်ဌာနခွဲတာဝန်ခံ ညွှန်ကြားရေးမှူးက လိုက်လံရှင်းလင်းပြသသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် နိုင်ငံတကာအားကစားသမားများ လာရောက်ယှဉ်ပြိုင်ရာတွင် တည်းခိုနေထိုင်သည့် (Cluster 5)အား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ **(သတင်းစဉ်)**





# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၃၀**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန် မစ္စတာ အမ်ဒီ ရှာဟိဒူလ် ဟော့ခ် အား ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

**❂ ကျောက်စိမ်းအတွဲမှ**

တက်ရောက်သည့် ပြည်ပရတနာကုန်သည်များကို ပြပွဲရက်အတွင်း ဂုဏ်ပြုမှတ်တမ်းပေးအပ်ချီးမြှင့်လေ့ရှိရာ ယခု (၅၃) ကြိမ်မြောက် ရတနာပြပွဲထိ (၄၅) ကြိမ်၊ (၃၅) ကြိမ်၊ (၂၅) ကြိမ်နှင့် အကြိမ် (၂၀) အထိ ဆက်တိုက်တက်ရောက်ခဲ့သည့် ပြည်ပရတနာကုန်သည် စုစုပေါင်း ငါးဦးအား ယမန်နေ့က ဂုဏ်ပြုမှတ်တမ်းပေးအပ်ခဲ့သည်။

**(သတင်းစဉ်)**

**❍ သတင်းထုတ်ပြန်ချက်မှ**

၃။ မြန်မာနိုင်ငံသည် လူကုန်ကူးမှုတိုက်ဖျက်ရေးကိစ္စရပ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိပြီး ကဏ္ဍများစွာ၌ သိသာထင်ရှားသည့် တိုးတက်မှုများ ရရှိနေပါသည်။ အဓမ္မခိုင်းစေမှုပပျောက်ရေးအတွက်ထူထောင်ထားသည့် အိုင်အယ်လ်အို တိုင်ကြားမှုယန္တရားသည် လုပ်ငန်းများ အောင်မြင်လျက်ရှိပါသည်။ မည်သူ့ကိုမဆို အဓမ္မခိုင်းစေမှုပြုလုပ်ပါက ရာဇဝတ်မှုကျူးလွန်ရာရောက်ပြီး ဥပဒေကြောင်းအရလည်းကောင်း၊ လက်တွေ့တွင်လည်းကောင်း ပြင်းထန်စွာ အပြစ်ပေးခံရမည်ဖြစ်ပါသည်။ ကုလသမဂ္ဂစောင့်ကြည့်အစီရင်ခံရေးလုပ်ငန်းအဖွဲ့နှင့် ပူးပေါင်းလျက် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်ဘက်တွင်စုဆောင်းခြင်းနှင့် အသုံးပြုခြင်းတို့ကို တားဆီးကာကွယ်ရေးအတွက် အကောင်အထည်ဖော်လုပ်ဆောင်မှုသည် နောက်ဆုံးအဆင့်သို့ ရောက်ရှိနေပြီဖြစ်ပါသည်။ အိန္ဒိယသမုဒ္ဒရာအတွင်း မျောပါနေခဲ့သည့် ပုံမှန်မဟုတ်သော ရွှေ့ပြောင်းသွားလာသူများအား မြန်မာနိုင်ငံမှ ကယ်ဆယ်စောင့်ရှောက်ခြင်း၊ ပင်ရင်းနိုင်ငံဖြင့် ပူးပေါင်းဆောင်ရွက်လျက် ၎င်းတို့၏ဆန္ဒဖြင့် ပြန်လည်ပို့ဆောင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။ ပုံမှန်မဟုတ်သည့် ရွှေ့ပြောင်းသွားလာသူအများစုမှာ မြန်မာနိုင်ငံမှ မဟုတ်ကြောင်းလည်း သက်သေပြခဲ့ပြီးဖြစ်ပါသည်။ အိမ်နီးချင်းနိုင်ငံများနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများတွင် အထူးသဖြင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးမှုဆိုင်ရာ လုပ်ငန်းများလည်း ကောင်းစွာအောင်မြင်လျက်ရှိပါသည်။ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်ကိုက်ညီသည့် ပြည့်စုံသောဥပဒေမူဘောင်တစ်ရပ်ရှိနေပြီး ဥပဒေလိုက်နာအကောင်အထည်ဖော်မှုဆိုင်ရာ စွမ်းဆောင်ရည်များလည်း တိုးတက်အောင် ဆောင်ရွက်ထားပါသည်။

၄။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၆ ခုနှစ် လူကုန်ကူးမှုအစီရင်ခံစာတွင် ပါရှိသည့်အကြံပြုချက်များကို အလေးအနက်ထားစဉ်းစားလျက် လူကုန်ကူးမှုတိုက်ဖျက်ရေးဆောင်ရွက်ချက်များဆိုင်ရာ အားထုတ်ကြိုးပမ်းမှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လူမှောင်ခိုကူးမှုနှင့် လူကုန်ကူးမှုကိစ္စရပ်များကို နိုင်ငံတကာမိတ်ဖက်များနှင့် နီးကပ်စွာပူးပေါင်း၍ အားသွန်ခွန်စိုက်ဖြေရှင်းသွားမည်ဖြစ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်။**
**ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၃၀ ရက်**

**❒ MNL ပြိုင်ပွဲမှ**

၂၁ မှတ်စီ၊ ချင်းယူနိုက်တက်အသင်းက ၁၈ မှတ်၊ ရခိုင်အသင်းက ၁၁ မှတ်၊ Southern အသင်းက ၁၀ မှတ်နှင့် Horizon အသင်းက ငါးမှတ်တို့ရရှိထားသည်။

အမှတ်ပေးဇယားထိပ်ဆုံးတွင် အမှတ်ပြတ်ဦးဆောင်နေသည့် ရတနာပုံအသင်းသည် အိမ်ကွင်းတွင် ကစားရမည်ဖြစ်ပြီး အမာခံကစားသမားများဖြစ်သည့် အောင်သူ၊ ရဲကိုဦးနှင့် နိုင်ငံခြားသားနောက်ခံလူမွန်ကာလူးတို့ ပါဝင်နိုင်ခြင်းမရှိသောကြောင့် အနည်းငယ်ရုန်းကန်ရဖွယ်ရှိနေသည်။

အသင်းကြီးနှစ်သင်းဖြစ်သည့် ရှမ်းယူနိုက်တက်အသင်းနှင့် ဧရာဝတီအသင်းတို့ပွဲမှာ အကြိတ်အနယ်ရှိလာနိုင်ပြီး နိုင်ပွဲပြန်လည်ရရှိရန် ရုန်းကန်ဖွယ်ရှိနေသည်။ ရှမ်းယူနိုက်တက်အသင်းသည် ဒုတိယအကျော့အစ သုံးပွဲဆက်တိုက်အနိုင်ရရှိခဲ့သော်လည်း ပွဲစဉ် ၁၅ တွင် အိမ်ကွင်း၌ ဇေယျာရွှေမြေကို မထင်မှတ်ဘဲ ရှုံးနိမ့်ခဲ့သောကြောင့် ယခုပွဲတွင် နိုင်ပွဲပြန်လည်ရရှိရန် ကြိုးပမ်းဖွယ်ရှိနေသည်။

**သတင်းနှင့်ဓာတ်ပုံ-ရှိုင်းထက်ဇော်**

# ဖိလစ်ပိုင်နိုင်ငံ၏ ၁၆ ဦးမြောက်သမ္မတအဖြစ် ရိုဒရစ်ဂို ဒူတာတေး ကျမ်းသစ္စာကျိန်ဆို



**မနီလာ ဇွန် ၃၀**
ဖိလစ်ပိုင်နိုင်ငံ၏ ၁၆ ဦးမြောက် သမ္မတအဖြစ် ရိုဒရစ်ဂို ဒူတာတေး ဇွန် ၃၀ ရက်တွင် ကျမ်းသစ္စာကျိန်ဆိုကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဒုစရိုက်သမားများနှင့် လူဆိုးလူယုတ်တို့အပေါ် သက်ညှာထောက်ထားခြင်းမရှိဘဲ တရားဥပဒေစိုးမိုးရေး ဘက်တော်သားအဖြစ် ရပ်တည်ခဲ့ပြီး ပြည်နယ်မြို့တော်ဝန်ဘဝမှ နိုင်ငံတော်သမ္မတအဖြစ် တက်လှမ်းနိုင်ခဲ့သူ ဒူတာတေးသည် မေလက ကျင်းပသော ရွေးကောက်ပွဲတွင် သောင်ပြိုကမ်းပြိုအနိုင်ရရှိခဲ့ပြီးနောက် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခြင်းဖြစ်သည်။

အသက် (၇၁) နှစ်ရှိ ဒါဗာအိုမြို့တော်ဝန်ဟောင်း ဒူတာတေးသည် နိုင်ငံရေးအရ လူ့မလိုင်အလွှာမှ ပြိုင်ဘက်များအပေါ် အနိုင်ရရှိခဲ့ပြီး ရွေးကောက်ပွဲတွင် အောင်ပွဲခံခဲ့သည်။


ရာဇဝတ်မှုခင်း တားဆီးနှိမ်နင်းရေးလုပ်ငန်းနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းတို့ကို အစွမ်းကုန်ဆောင်ရွက်သွားမည်ဟု ကတိကဝတ်ပြုထားသူ ဒူတာတေးသည် ဖိလစ်ပိုင်နိုင်ငံ၏ နိုင်ငံရေးစနစ်ကို အောက်ခြေသိမ်း ပြုပြင်ပြောင်းလဲသွားမည်ဟု သမ္မတသစ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုပွဲအပြီး ပထမဆုံးအကြိမ် မိန့်ခွန်းပြောကြားရာတွင် ဖော်ပြသည်။

မိမိအနေဖြင့် သမ္မတအာဏာစက်၏ ကန့်သတ်ချက်ဘောင်အတွင်းမှသာ လုပ်ဆောင်နိုင်မည်ကို သိရှိကြောင်း ဒူတာတေးက ပြောကြားသည်။

အဂတိလိုက်စားမှုများ၊ ရာဇဝတ်မှုခင်းများနှင့် ဥပဒေမဲ့မူးယစ်ဆေးဝါး မှောင်ခိုမှုများကို စဉ်ဆက်မပြတ်တိုက်ဖျက်နိုင်ရေးအတွက် မိမိအစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒူတာတေးက ကတိပြုပြောကြားသည်။

မိမိနိုင်ငံ၏ ခေါင်းဆောင်များအပေါ် ပြည်သူတို့၏ယုံကြည်မှု ပျက်ပြားနေသည်ဟု မိမိရှုမြင်မိကြောင်း၊ မိမိတို့နိုင်ငံ၏ တရားစီရင်ရေးစနစ်အပေါ်တွင်လည်း ပြည်သူတို့၏ယုံကြည်မှု နည်းပါးနေကြောင်း၊ ပြည်သူတို့၏လူနေမှုဘဝ ပိုမိုတိုးတက်စေရေး၊ ပြည်သူတို့ဘေးကင်းလုံခြုံစွာ နေထိုင်နိုင်ရေး၊ ပြည်သူတို့ ပိုမိုကျန်းမာကြံ့ခိုင်စေရေးတို့အတွက် ဆောင်ရွက်ပေးရမည့် ပြည်သူ့ဝန်ထမ်းများ၏ စွမ်းပကားအပေါ်တွင်လည်း ပြည်သူ့ယုံကြည်မှု ယိုင်နဲ့နေကြောင်း ဒူတာတေးက သုံးသပ်ပြောကြားသည်။ **ရိုက်တာ။**

# အစ္စတန်ဘူလ်လေဆိပ် အကြမ်းဖက်မှုကျူးလွန်သူများအား ဖော်ထုတ်




**အစ္စတန်ဘူလ် ဇွန် ၃၀**
တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့ရှိ အာတာတပ် လေဆိပ်တွင် ဖြစ်ပွားခဲ့သော သေနတ်ပစ်ခတ်မှုနှင့် အသေခံဗုံးပေါက်ကွဲမှုများ ကျူးလွန်ခဲ့သူ သုံးဦးသည် ရုရှား၊ ဥဇဘက်ကစ္စတန်နှင့် ကာဂျစ္စတန်နိုင်ငံတို့မှဖြစ်ကြောင်း တူရကီအစိုးရတာဝန်ရှိသူတစ်ဦးက ယနေ့ထုတ်ဖော်ပြောကြားခဲ့သည်။

ဥရောပ၏တတိယအကြီးဆုံးသော လေဆိပ်တွင် ဖြစ်ပွားခဲ့သည့် အဆိုပါအကြမ်းဖက်မှုတွင် လူပေါင်း ၄၂ ဦးသေဆုံးခဲ့ပြီး ၂၃၉ ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့သည်။ ယင်းအကြမ်းဖက်မှုသည် တူရကီနိုင်ငံ၏ ယခုနှစ်အတွက် သေဆုံးမှုအရေအတွက် များပြားဆုံးသော အကြမ်းဖက်မှုလည်းဖြစ်သည်။

ဗုံးဖောက်ခွဲသူသုံးဦးသည် လေဆိပ်အပြင်ဘက်တွင် သေနတ်ပစ်ခတ်ပြီးနောက် ၎င်းတို့အနက် နှစ်ဦးက လေဆိပ်အထဲသို့ဝင်ရောက်ပြီး အသေခံဗုံးဖောက်ခွဲခဲ့ခြင်းဖြစ်သည်။ ကျန်တစ်ဦးသည် ဝင်ပေါက်တွင် ဗုံးများဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ဗုံးဖောက်ခွဲသူများနှင့် ပတ်သက်ပြီး ၎င်းတို့သည် မည်သည့်နိုင်ငံသား ဖြစ်သည်ကလွဲပြီး အခြားမည်သည့် အချက်အလက်ကိုမျှ တာဝန်ရှိသူများက ပြောကြားခြင်းမရှိပေ။ စုံစမ်းစစ်ဆေးသူများက သေဆုံးသွားသော ဗုံးဖောက်ခွဲသူများနှင့် ပတ်သက်သည့် အချက်အလက်များ ရရှိစေရန် ၎င်းတို့၏အလောင်းများကို စစ်ဆေးလျက်ရှိကြသည်။

ထို့အတူ ဆရာဝန်များကလည်း ဗုံးဖောက်ခွဲသူများကို သိရှိဖော်ထုတ်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

အဆိုပါအကြမ်းဖက်မှုနှင့်ပတ်သက်ပြီး နိုင်ငံခြားသားများအပါအဝင် သံသယရှိသူ ၁၃ ဦးကို တူရကီရဲအရာရှိများက ဖမ်းဆီးထားသည်။

ယင်းလေဆိပ်တိုက်ခိုက်မှုတွင် အိုင်အက်စ် စစ်သွေးကြွများက ကြိုးကိုင်လှုပ်ရှားခဲ့ခြင်း ဖြစ်သည်ဟု တူရကီအာဏာပိုင်များက ယုံကြည်ကြသည်။ **ရိုက်တာ။**

# ပစိဖိတ်နှုတ်ခမ်းသတ်နိုင်ငံများ၏ ရေတပ်ပူးတွဲ စစ်ရေးလေ့ကျင့်မှု၌ ပါဝင်မည့် တရုတ်စစ်ရေယာဉ်စု ဟာဝိုင်ယီသို့ ရောက်ရှိ

**ဟာဝိုင်ယီ ဇွန် ၃၀**
ပစိဖိတ်နှုတ်ခမ်းသတ် ဒေသနိုင်ငံများ၏ နိုင်ငံစုံရေတပ်တပ်ဖွဲ့များပူးတွဲ စစ်ရေးလေ့ကျင့်မှု ၂၀၁၆ (အာရ်အိုင် အမ်ပီအေစီ-၂၀၁၆)တွင် ပါဝင်လေ့ကျင့်ရန် အရာရှိနှင့် စစ်သည်အင်အား ၁၂၀၀ ခန့် ပါဝင်သော တရုတ် စစ်ရေယာဉ်စုသည် ဇွန် ၂၉ ရက်တွင် အမေရိကန်ပြည်ထောင်စု ဟာဝိုင်ယီပြည်နယ် ပုလဲဆိပ်ကမ်းသို့ ဆိုက်ရောက်လာကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

တရုတ်ရေတပ်သည် အဆိုပါ စစ်ရေးလေ့ကျင့်မှုတွင် ဒုတိယအကြိမ်အဖြစ် ပါဝင်ခြင်းဖြစ်သည်။ တရုတ်ရေတပ် စစ်ရေယာဉ်စုတွင် ရှီအန်းအမည်ရှိ ဒုံးကျည်ဖျက် သင်္ဘော၊ ဒုံးကျည်တပ် ဖရီးဂိတ်သင်္ဘော ဟန်ရှုအီ၊ ထောက်ပံ့ရေးသင်္ဘော ကောင်ယုဟူ၊ ဆေးရုံသင်္ဘော ပိစ်အာ့ခ်၊ ရေငုပ်သင်္ဘောကယ်တင်ရေးသင်္ဘော ချန်တောင်နှင့် ရဟတ်ယာဉ် သုံးစင်းတို့ပါဝင်ပြီး ကမ်းတက် တပ်သားတပ်စုနှင့် ရေငုပ်သမားတပ်စုတို့လည်း ပါဝင်သည်။

အမေရိကန်နှင့် တရုတ်နိုင်ငံတို့၏ ကနဦးသဘောတူညီချက်အရ အဆိုပါစစ်ရေးလေ့ကျင့်မှုတွင် တရုတ်ရေတပ်စုသည် လက်နက်များ ပစ်ခတ်လေ့ကျင့်မှု၊ စစ်ရေယာဉ်နစ်မြုပ်နိုင်သော အရေးပေါ်အခြေအနေဆိုင်ရာ ထိန်းချုပ်မှု၊ ပင်လယ်ဓားပြနှိမ်နင်းရေး၊ ရှာဖွေရေးနှင့်ကယ်ဆယ်ရေး၊ ရေငုပ်ခြင်းနှင့် ရေငုပ်သင်္ဘောကယ်ဆယ်ရေး လုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်ကြမည့်အပြင် နိုင်ငံစုံတပ်ဖွဲ့ဝင်များ၏ အားကစားပြိုင်ပွဲများနှင့် အပြန်အလှန်ဖလှယ်ရေး အစီအစဉ်တို့တွင်လည်း ပါဝင်လှုပ်ရှားမည်ဖြစ်သည်။

**ဆင်ဟွာ။**

# မြေပြင်မှ ဝေဟင်ပစ် တာလတ်ပစ်ဒုံးကျည်သစ် အိန္ဒိယ စမ်းသပ်ပစ်ခတ်မှုအောင်မြင်


**နယူးဒေလီ ဇွန် ၃၀**
မြေပြင်မှ ဝေဟင်ပစ် တာလတ်ပစ်ဒုံးကျည် အမျိုးအစားသစ်တစ်စင်းကို အောင်မြင်စွာ စမ်းသပ်ပစ်ခတ်ခဲ့ကြောင်း အိန္ဒိယစစ်ဘက်ဆိုင်ရာ တာဝန်ရှိသူများက ပြောကြားကြသည်။

အိန္ဒိယနိုင်ငံအရှေ့ပိုင်း ပင်လယ်ကမ်းရိုးတန်းဒေသမှ ဩရိဿပြည်နယ်ရှိ စစ်အခြေစိုက် စခန်းတစ်ခုတွင် ဒုံးကျည်စမ်းသပ် ပစ်ခတ်မှုပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အမ်အာရ်အက်စ်အေအမ်ဟု အမည်ပေးထားသည့် တာလတ်ပစ်ဒုံးကျည်ကို အိန္ဒိယနှင့် အစ္စရေးနိုင်ငံတို့က ပူးတွဲထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ ဇွန် ၃၀ ရက် နံနက်ပိုင်းတွင် ချန်ဒီပူရ်ရှိ စုပေါင်းစမ်းသပ်ရေးကွင်း၌ ရွေ့ပြောင်းနိုင်သော ဒုံးကျည်ပစ် စင်တင်ယာဉ်တစ်စီး အသုံးပြုကာ စမ်းသပ်ပစ်ခတ်ခြင်းဖြစ်ပြီး ပစ်မှတ်အားလုံးကို ထိမှန်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

အဆိုပါ ဒုံးကျည်အမျိုးအစားသစ်ကို နိုင်ငံပိုင်ကာကွယ်ရေး သုတေသနဖွံ့ဖြိုးရေးအဖွဲ့နှင့် အစ္စရေးလေကြောင်း အာကာသစက်မှုလုပ်ငန်းတို့က ပူးတွဲထုတ်လုပ်ခြင်းဖြစ်သည်။ အိန္ဒိယနိုင်ငံ၌ ယင်းဒုံးကျည် အစင်းရေ ၁၀၀ ခန့်ကို နှစ်စဉ် ထုတ်လုပ်သွားမည်ဖြစ်သည်။

အမ်အာရ်-အက်စ်အေအမ် အမျိုးအစား ဒုံးကျည်သည် ကီလိုမီတာ ၇၀ အထိဖြစ်သော အကွာအဝေးအတွင်း ရန်သူ့ဒုံးကျည်များကို ကြားဖြတ်ဟန့်တားနိုင်ကြောင်း၊ အိန္ဒိယကြည်းတပ်၊ ရေတပ်နှင့် လေတပ်တို့တွင် ယင်းဒုံးကျည်များကို ဖြန့်ကြက်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။



**ဆင်ဟွာ။**

# နှစ်ဦးနှစ်ဖက်အပြုသဘောဆောင်သော လုပ်ဆောင်မှုများသည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုအတွက် များစွာအထောက်အကူရစေမည်

**နေပြည်တော် ဇွန် ၃၀**

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ကောင်းမွန်ခဲ့သည့် ဆက်ဆံရေး သမိုင်းကြောင်းကို ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် အပြင် BIMSTEC အဖွဲ့ဝင်နိုင်ငံများလည်းဖြစ်၍ အိမ်နီးချင်းကောင်းပီသစွာ အပြုသဘောဆောင်သည့် လုပ်ဆောင်ချက်များဖြင့် နှစ်နိုင်ငံဆက်ဆံရေး မြှင့်တင်နိုင်မည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပြောကြားလိုက်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ်ဖြစ်သူ ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန် မစ္စတာ အမ်ဒီ ရှာဟိဒူလ်ဟော့ခ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ် ထိုသို့ ပြောကြားခဲ့ခြင်း ဖြစ်သည်။

နှစ်ဖက်နိုင်ငံသားများ၊ သက်ဆိုင်ရာဌာန တာဝန်ရှိသူများအနေဖြင့်လည်း မိမိနိုင်ငံ သမိုင်းကြောင်းနှင့် အခြေအနေများကို သိရှိနားလည်ရန်လိုကြောင်း၊ တစ်ဦးနှင့်တစ်ဦး နားလည်မှုရှိပြီး ဖြစ်စဉ်အမှန်ကို လက်ခံနိုင်ရန်မှာ အရေးကြီးကြောင်း၊ နှစ်ဦးနှစ်ဖက်အပြုသဘောဆောင်သော လုပ်ဆောင်မှုများသည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုအတွက် များစွာအထောက်အကူရစေမည်ဟု ယုံကြည်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဆက်လက်ပြောကြားသည်။

ဆက်လက်၍ နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ဆက်ဆံရေးတိုးမြှင့်နိုင်ရေး၊ နယ်စပ်ဒေသလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် နှစ်ဖက်တပ်များနှင့် လုံခြုံမှုထိန်းသိမ်းရသည့်အဖွဲ့အစည်းများ ပိုမိုထိတွေ့ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများကို ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

❖



# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဌာနချုပ်နှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တို့ကို ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇွန် ၃၀**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေသည် ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်ရှိ Command and Control Center သို့ ကြည့်ရှုစစ်ဆေးခဲ့ရာ **(အောက်ပုံ)** တာဝန်ရှိသူများက လုပ်ငန်းစဉ်များ၊ ရန်ကုန်မြို့တော် မီးငြိမ်းသတ်ရေးစနစ်(Standard Operation Procedure-SOP )တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိပြီး လေဆိပ်လုံခြုံရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လေဆိပ်လုံခြုံရေးနှင့်စပ်လျဉ်းသည့် အကြောင်းအရာများကို ရှင်းလင်းတင်ပြခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် စမ်းချောင်းမြို့နယ် မြေနီကုန်းရှိ မီးသတ်သုတေသနနှင့် မီးဘေးလုံခြုံရေး အသိပညာပေးရေးဌာနသို့ ရောက်ရှိရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မီးဘေးလုံခြုံရေးတာဝန်ခံ(Fire Safety Manager-FSM) သင်တန်းဖွင့်လှစ်ပို့ချနေမှု၊ ပြည်သူလူထု မီးဘေးလုံခြုံရေး အသိပညာပေး ပြခန်းများနှင့် အဆောက်အအုံများတွင် တပ်ဆင်ထားရမည့် မီးဘေးကြိုတင်ကာကွယ်ရေး ပစ္စည်းကိရိယာများ လက်တွေ့သရုပ်ပြသမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ **(သတင်းစဉ်)**



# နှစ်နိုင်ငံ တပ်မတော်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် ဇွန် ၃၀**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်းသည် အီတလီသံအမတ်ကြီး H.E.Mr.Pier Giorglo ALIBERTI အား ယနေ့နံနက် ၉ နာရီခွဲတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံခဲ့သည်။**(အပေါ်ပုံ)**

တွေ့ဆုံစဉ် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ပြုပြင်ပြောင်းလဲရေး၊ ရှေးဟောင်းပစ္စည်းများ မွမ်းမံထိန်းသိမ်းရေး၊ နှစ်နိုင်ငံ တပ်မတော်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံရာ၌ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အခမ်းအနား ကျင်းပ



**မော်လမြိုင် ဇွန် ၃၀**

ဇွန် ၂၆ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဇွန် ၂၆ ရက်က မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမ၌ ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းနိုင်ဦးက အဖွင့်အမှာစကားပြောကြားပြီး ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေထံမှ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

ဆက်လက်၍ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအထိမ်းအမှတ်အဖြစ် ဗဟို/ပြည်နယ်အဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသူများကို ဆုချီးမြှင့်ပွဲ ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းနိုင်ဦးနှင့် ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ဗဟိုအဆင့် ကွန်ပျူတာပန်းချီ အထက်တန်းအဆင့်ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

**ကျော်သန်း(မော်လမြိုင်)**

# ကျေးရွာမြေပုံဂရန် ထုတ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**ဒိုက်ဦး ဇွန် ၃၀**

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရက် ၁၀၀ စီမံချက်အဖြစ် ဆောင်ရွက်သည့် ၁၀ နှစ်အာမခံ မြေပုံဂရန် ထုတ်ပေးနိုင်ရေးအတွက် ဒိုက်ဦးမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်မြေပုံဂရန်ထုတ်ပေးရေးအဖွဲ့သည် သရက်တောကျေးရွာအုပ်စု ငှက်သိုက်ပေါက်ကျေးရွာသို့ ဇွန် ၂၉ ရက် နံနက် ၁၀ နာရီခွဲတွင် ကွင်းဆင်း၍ မြေပုံဂရန်နှင့် ပတ်သက်သည့်အသိပညာပေးခြင်းနှင့် ကျေးရွာမြေတိုင်းခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

ငှက်သိုက်ပေါက်ကျေးရွာသည် အိမ်ခြေ ၈၁ အိမ်ရှိပြီး မြေပုံဂရန်ထုတ်ပေးနိုင်သည့် အချက်များနှင့် ပြည့်စုံသည့်အတွက် ရွေးချယ်ဆောင်ရွက်ခြင်းဖြစ်ပြီး အမှုတွဲပြုစု၍ သတ်မှတ်ကာလအတွင်း မြေပုံဂရန်ထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**ကျော်ကျော် (IPRD)**

# မိုဘိုင်းဖုန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု

**ဇိမ်ခံပစ္စည်းမှ မရှိမဖြစ်သို့**

လွန်ခဲ့သောနှစ်များက ဖွံ့ဖြိုးဆဲတိုင်းပြည်အချို့တွင် (အထူးသဖြင့် မြန်မာနိုင်ငံတွင်) ဝင်ငွေကောင်းသူများ၊ ချမ်းသာကြွယ်ဝသူများ ဝယ်ယူအသုံးပြုနိုင်သော ဇိမ်ခံပစ္စည်းတစ်ခုသဖွယ်ဖြစ်နေခဲ့သည့် မိုဘိုင်းဖုန်းသည် မကြာသေးမီကာလများမှစ၍ ဇိမ်ခံပစ္စည်းအဆင့်မှ ဈာန်လျှောကာ နေ့စဉ်သုံး၊ မရှိမဖြစ်အရေးပါသည့် လိုအပ်သည့်အရာတစ်ခုဖြစ်လာခဲ့သည်။ အမှန်တွင်လည်း ထိုကြိုးမဲ့ဆက်သွယ်ရေးပစ္စည်းလေး၏ မူလအရည်အချင်းသည် ယခင်ကတည်းကပင် တိုးတက်ခေတ်မီလာနေသော ကမ္ဘာ့နယ်ပယ်အသီးသီးနှင့် လိုက်လျောညီထွေရှိနေခဲ့ပြီး အချိန်နှင့်အမျှ တီထွင်ဆန်းသစ်မှုများ ပိုမိုပြုလုပ်လာကြသောကြောင့်လည်း ပိုမိုကျယ်ပြန့်လာကာ လူတို့၏ နေ့စဉ်ဘဝတွင် မဖြစ်မနေ အသုံးပြုရန်လိုသည့် အရာတစ်ခုဖြစ်လာနေခဲ့ခြင်းဖြစ်သည်။ လက်ရှိအခြေအနေတွင် မိုဘိုင်းဖုန်းသည် ခေတ်သစ်လူနေမှုစနစ်တွင် လွန်စွာအရေးပါသော အခန်းကဏ္ဍ၏ထိပ်ဆုံးတွင် ရှိနေသည်။ ထို့ကြောင့်ပင် မိုဘိုင်းဖုန်းကျယ်ပြန့်စွာ သုံးစွဲလာမှုသည် လူ့အဖွဲ့အစည်းတစ်ခုအတွင်း မည်သို့ပြောင်းလဲမှုများ ဖြစ်ပေါ်လာစေသည်၊ မည်မျှ ဖြစ်ထွန်းတိုးတက်မှုများ ရရှိလာနေသည်ကို သုတေသီများစိတ်ဝင်တစားရှိသည့် အခြေအနေအထိ ဖြစ်လာရ၏။ အထူးသဖြင့် လူ့အဖွဲ့အစည်းတစ်ရပ်အတွင်း မိုဘိုင်းဖုန်းအသုံးပြုမှုများပြားလာခြင်းနှင့် ထိုလူ့အဖွဲ့အစည်း၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မည်သို့မည်ပုံဆက်စပ်မှုရှိနေသနည်းဆိုသည်မှာ ပညာရှင်များ၊ သုတေသီများအဖို့ လေ့လာအဖြေရှာသင့်သည့်အကြောင်းတစ်ရပ် ဖြစ်လာနေတော့သည်။

**ကြိုးဖုန်းနှင့် မိုဘိုင်းဖုန်း**

ဖုန်းလိုင်းကြိုးများသွယ်တန်း၍ တစ်နေရာတွင် အတည်တကျတပ်ဆင်ရသော လိုင်းဖုန်း(ခေါ်)ကြိုးဖုန်းနှင့် မိုဘိုင်းဖုန်းတို့ကွာခြားချက်မှာ ထင်ထင်ရှားရှားဖြစ်၏။ သိသာလွန်း၏။ ကြိုးဖုန်းသည် ဖုန်းတပ်ဆင်ထားသော နေရာတွင် ဖုန်းအသုံးပြုသူကို ကြိုးနှင့်ချည်နှောင်ထားသလို ရှိနေသော်လည်း မိုဘိုင်းဖုန်းမှာမူ အမည်နှင့်လိုက်ဖက်စွာပင် အသုံးပြုသူ ယူဆောင်သွားချင်သောနေရာသို့ အလွယ်တကူသယ်ယူသွားနိုင်သည်။ မည်သည့်ကြိုးနှင့်မျှ မချည်ထား၊ အသုံးပြုသူအနေဖြင့် လွတ်လပ်စွာ မိမိနှင့် တစ်ပါတည်းသွားလေရာ ပါသွားနိုင်သည်။ မိုဘိုင်းဖုန်းသည် အသုံးပြုသူကို လွတ်လပ်စွာ လှုပ်ရှားခွင့်များ ပေးထားသည့် သဘောရှိနေသည်။

> **စီးပွားရေး၊ ကုန်သွယ်ရေး၊ ကုန်ထုတ်လုပ်မှု နယ်ပယ်အသီးသီးတို့တွင် မိုဘိုင်းဖုန်းများက ၎င်းတို့၏ အသုံးဝင်သော လက်တံရှည်များထုတ်လျက် ကူညီနေသလို ခံစားရနိုင်သည်။ မိုဘိုင်းဖုန်းသည် နိုင်ငံတစ်နိုင်ငံ၊ လူ့အဖွဲ့အစည်းတစ်ရပ်၏ အနာဂတ်ကာလ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် ကြီးမားသော အကျိုးသက်ရောက်မှုများ ဆက်လက်၍ ရှိလာနိုင်မည်မှာ အသေအချာပင်ဖြစ်သည်။**

လွန်ခဲ့သော နှစ်အနည်းငယ်က ပြုလုပ်ခဲ့သော မက်ခရိုစီးပွားရေးလေ့လာမှုအချို့တွင် မိုဘိုင်းဖုန်းနှင့် စီးပွားရေးတိုးတက်မှုတို့ကြားရှိ ဆက်စပ်နိုင်ခြေများနှင့်ပတ်သက်၍ လေ့လာဖော်ထုတ်မှုများ ပြုလုပ်ထားသည်ကို သတိပြုမိသည်။ ဖွံ့ဖြိုးဆဲ ၂၈ နိုင်ငံမှ အချက်အလက်များကို အသုံးပြုတွက်ချက်ထားသော လေ့လာမှုတစ်ခုတွင် တိုင်းပြည်၏ ကုန်ထုတ်လုပ်မှုအပေါ် ကြိုးဖုန်းများ၏ တိုက်ရိုက်သက်ရောက်မှု၊ မိုဘိုင်းဖုန်းအသုံးပြုခြင်း၏ ထူးခြားသော သက်ရောက်မှုတို့နှင့် ပတ်သက်၍ ဖော်ထုတ်ထားသည်ကိုလည်းတွေ့ရ၏။ တယ်လီဖုန်းဆက်သွယ်ရေး၏ တိုင်းပြည်ထုတ်ကုန်အပေါ် အကျိုးသက်ရောက်မှု အနေအထားမှာ ချမ်းသာကြွယ်ဝသော ဖွံ့ဖြိုးဆဲနိုင်ငံများထက် ဆင်းရဲနွမ်းပါးသော နိုင်ငံများပိုမိုများပြားသည်ကို တွေ့ရသည်ဟု သုတေသနစာတမ်းများအကိုးအကားဖြင့် ဆိုသူများလည်းရှိသည်။ အချို့သုတေသီများ၏ သုံးသပ်ချက်များအရ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံတွင် လူဦးရေ ၁၀၀ ၌ မိုဘိုင်းဖုန်း ၁၀လုံးပိုမို သုံးစွဲနိုင်ခဲ့လျှင် ထိုတိုင်းပြည်၏ တစ်ဦးကျ ပြည်တွင်းထုတ်လုပ်မှုကို သုည ဒသမ ၆ ရာခိုင်နှုန်းအထိ တိုးစေသည်ဟု ဆိုထားသည်။ အခြေအနေသည် ဖွံ့ဖြိုးပြီးတိုင်းပြည်များထက် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အကျိုးသက်ရောက်မှု ပိုမိုသည်ကိုလည်းတွေ့ရှိထားပြီဖြစ်သည်။ ယနေ့ကာလ ဖွံ့ဖြိုးဆဲတိုင်းပြည်များ၌ မိုဘိုင်းဖုန်းများ၏အခန်းကဏ္ဍ ပို၍အရေးပါလာနေသည်မှာ ၁၉၇၀၊ ၁၉၈၀ ပြည့်နှစ်များက ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ကြိုးဖုန်း (လိုင်းဖုန်း) များ အရေးပါခဲ့သည့် ဖြစ်ရပ်မျိုးနှင့် ဆင်တူသည်ဟု ဆိုနိုင်သည်။ အာဖရိကတိုင်းပြည်အချို့တွင်မူ မိုဘိုင်းဖုန်းများ တိုးချဲ့သုံးစွဲခြင်းသည် စီးပွားရေးတိုးတက်မှုကို ပြဌာန်းပေးနိုင်သော အရေးကြီးသော အချက်တစ်ချက်ပင် ဖြစ်နေသည်ဟု သုတေသနရှာဖွေ တွေ့ရှိချက်များမှ သက်သေပြပြီးဖြစ်၏။

**မိုဘိုင်းဖုန်းသက်ရောက်မှု**

သတင်းအချက်အလက်များနှင့် ဆက်သွယ်ရေးနည်းပညာများသည် စီးပွားရေးဖွံ့ဖြိုးမှုကို ထိထိရောက်ရောက် မြှင့်တင်ပေးနိုင်စွမ်းရှိသည်ကို လူတိုင်းလက်တွေ့ကျကျ မြင်တွေ့နိုင်သည်။ နိုင်ငံပေါင်း ၁၂၀ မှ အချက်အလက်များကို အခြေခံတွက်ချက်ထားသော ကမ္ဘာ့ဘဏ်၏ ထိုလေ့လာမှုတစ်ရပ်တွင် မိုဘိုင်းဖုန်းအသုံးပြုမှုများ ၁၀ ရာခိုင်နှုန်း တိုးတက်လာတိုင်း ဖွံ့ဖြိုးဆဲတိုင်းပြည်တစ်ပြည်၏ စီးပွားရေးတိုးတက်မှုကို သုည ဒသမ ၈၁ ရာခိုင်နှုန်း မြင့်မားလာစေနိုင်သည်။ ဖွံ့ဖြိုးပြီးနိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးကို သုည ဒသမ ၆၀ ရာခိုင်နှုန်း တိုးတက်စေနိုင်သည်ဟု ကောက်ချက်ချထားသည်။ ထိုကောက်ချက်အရ မိုဘိုင်းဖုန်းအသုံးပြုခြင်း၏ အကျိုးကျေးဇူးကို ဖွံ့ဖြိုးဆဲ



နိုင်ငံများက ဖွံ့ဖြိုးပြီးနိုင်ငံများထက် ပိုမိုခံစားနေရသည့်သဘောဖြစ်သည်။ ကြိုးဖုန်းနှင့် မိုဘိုင်းဖုန်းတို့၏ အကျိုးသက်ရောက်မှုကို နှိုင်းယှဉ်ကြည့်ပါကလည်း ကြိုးဖုန်းများထက် မိုဘိုင်းဖုန်းများ၏ အကျိုးသက်ရောက်မှုက ပိုမိုကြီးမားသည်ကိုလည်း သုံးသပ်နိုင်ကြ၏။

လွန်ခဲ့သောနှစ် ၂၀ ခန့်လောက်မှစ၍ ဖွံ့ဖြိုးဆဲတိုင်းပြည်များတွင် တယ်လီဖုန်းဝန်ဆောင်မှု၊ တယ်လီဖုန်းအသုံးပြုမှု ပိုမိုတိုးတက်များပြားလာသည့်အခြေအနေမှာ အတိတ်ကာလများက မည်သို့မျှ မကြုံဖူးသော အနေအထားမျိုးဖြစ်သည်။ ထိုသို့ဖြစ်လာစေရန် အဓိကတွန်းအားပေးနေသော အကြောင်းအရာများကို လေ့လာသောအခါ အဓိကအားဖြင့် ကြိုးမဲ့နည်းပညာကြောင့်ပင်ဖြစ်သည်ဟု ကောက်ချက်ချရသည်။ ထိုနည်းပညာကြောင့် လူသားတို့သွားလေရာသို့ ၎င်းတို့နှင့်အတူ တစ်ပါတည်းယူဆောင်ကာ ပြောဆိုဆက်သွယ်နိုင်သည့် မိုဘိုင်းဖုန်းများ ဖြစ်ထွန်းလာခြင်းဖြစ်သည်။ မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးနည်းပညာသည် ယခင်က ပေါ်ပေါက်ခဲ့ဖူးသောနည်းပညာများထက် များစွာသာလွန်ကာ လူများစွာတို့၏ဘဝများကို တိုးတက်ပြောင်းလဲသွားစေခဲ့လေပြီ။ ယနေ့ လူကြိုက်များနေသော စီးပွားရေးစနစ်တစ်ခုဖြစ်သည့် ဈေးကွက်စီးပွားရေးစနစ်ကို ပိုမိုစွမ်းဆောင်ရည်ရှိလာစေရန် ပံ့ပိုးဖြည့်ဆည်းပေးနိုင်ခြင်း၊ ထုတ်လုပ်မှုစရိတ်၊ ဈေးကွက်ရှာဖွေရေး စရိတ်စကများ လျှော့ချပေးနိုင်ခြင်း၊ ပြည်သူပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍနှစ်ရပ်စလုံးမှ ကောင်းမွန်သော စီမံခန့်ခွဲမှုများ လုပ်ဆောင်လာနိုင်ခြင်းမှတစ်ဆင့် ကုန်ထုတ်လုပ်မှုမြင့်မားမှုကို အထောက်အကူရလာစေခြင်းတို့အတွက်ပါ မိုဘိုင်းဖုန်းက များစွာ အထောက်အကူပြုနိုင်ခဲ့ပြီဖြစ်သည်။ စီးပွားရေး၊ ကုန်သွယ်ရေး၊ ကုန်ထုတ်လုပ်မှု နယ်ပယ်အသီးသီးတို့တွင် မိုဘိုင်းဖုန်းများက ၎င်းတို့၏ အသုံးဝင်သော လက်တံရှည်များထုတ်လျက် ကူညီနေသလို ခံစားရနိုင်သည်။ မိုဘိုင်းဖုန်းသည် နိုင်ငံတစ်နိုင်ငံ၊ လူ့အဖွဲ့အစည်းတစ်ရပ်၏ အနာဂတ်ကာလ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် ကြီးမားသော အကျိုးသက်ရောက်မှုများ ဆက်လက်၍ ရှိလာနိုင်မည်မှာ အသေအချာပင်ဖြစ်သည်။ ။

**စောနိုင်(အသုံးချဘောဂဗေဒ)**

## ယာဉ်ကြောပိတ်ဆို့မှုလျှော့နည်းပပျောက်စေရေး မော်တော်ယာဉ်ရပ်နားစခန်း သီးခြားတည်ဆောက်ပေး

**မြစ်ကြီးနား ဇွန် ၃၀**

မြစ်ကြီးနားမြို့ မြို့မဈေးရှိ ဇော်ဂျွန်းလမ်းနှင့် ဈေးပတ်လမ်းများတွင် ယာဉ်ကြောပိတ်ဆို့မှုများ မကြာခဏဖြစ်ပွားခြင်းကြောင့် မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ယာဉ်ကြောပိတ်ဆို့မှု လျှော့နည်းပပျောက်စေရေး မော်တော်ယာဉ်ရပ်နားစခန်းကို သီးခြားတည်ဆောက်ခဲ့ရာ မေလမှ စတင်၍ အသုံးပြုလျက်ရှိခြင်းကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ နည်းပါးသွားပြီဖြစ်သည်။

အဆိုပါ မော်တော်ယာဉ်ရပ်နားစခန်းနှင့်ပတ်သက်၍ မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဈေးခေါင်းရုံး ကြီးကြပ်ရေးတာဝန်ခံ ဦးဖြိုးဝေဆန်းက "ယခုမော်တော်ယာဉ်ရပ်နားစခန်းကို ဇော်ဂျွန်းလမ်းနဲ့ ဧရာဝတီမြစ်အကြားမှာ ဆောင်ရွက်ပေးခဲ့တာဖြစ်ပါတယ်။ မော်တော်ယာဉ်ရပ်နားစခန်းမှာ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများရဲ့ မော်တော်ယာဉ်များကို အရင်လိုလမ်းမပေါ်မှာ ရပ်ခြင်းမရှိစေဘဲ စနစ်တကျရပ်အောင် နေရာပေးပြီး ဆောင်ရွက်ထားခြင်း ဖြစ်ပါတယ်။ မော်တော်ယာဉ်အစီးရေ ၆၀ ခန့်အထိရပ်နိုင်ပြီး ယာဉ်ကြောပိတ်ဆို့မှုများ ကင်းရှင်းသွားစေမှာဖြစ်ပါတယ်။ အခြားလမ်းဘေးခေါင်းရွက်ဗျပ်ထိုးဈေးသည်တွေကိုလည်း စနစ်တကျရောင်းချစေဖို့ ဆက်လက်ဆောင်ရွက်နေပါတယ်"ဟု ပြောသည်။

မြစ်ကြီးနားမြို့တွင် နေ့စဉ်နှင့်အမျှ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်အစီးရေ တိုးတက်များပြားလာပြီး ယာဉ်ကြောပိတ်ဆို့မှုမှာလည်း မြို့မဈေးပတ်လမ်းတွင်သာအဖြစ်များခြင်းကြောင့် ယာဉ်ကြောပိတ်ဆို့မှုများအား လျှော့နည်းပပျောက်စေရန် အဆိုပါမော်တော်ယာဉ်ရပ်နားစခန်းအပြင် လမ်းသားများတိုးချဲ့ခြင်းလုပ်ငန်းကို ရက် ၁၀၀ စီမံချက်နှင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီး တစ်လမ်းမောင်းစနစ်များ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများထံမှ သတင်းရရှိသည်။

**ရာဇာဖွား(မြစ်ကြီးနား)**

■





# ဘဘရဲ့ မှာတမ်းလေးခြွေခဲ့ရရင်

**ဘဘထွန်း**

နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးမှာပဲဖြစ်ဖြစ်၊ ဌာနဆိုင်ရာအသိုင်းအဝိုင်းနဲ့ အများစုရှိတဲ့ နေရာမှာပဲဖြစ်ဖြစ် အလျဉ်းသင့်လို့ လူမှုဘဝအဆင့်လေးမြင့်ခဲ့မယ်ဆိုရင်၊ လုပ်ပိုင်ခွင့်လေးများရခဲ့မယ်ဆိုရင်၊ အာဏာလေးတွေရလာခဲ့မယ်ဆိုရင် ဘဝမှာ"အကျ" အတွက်ကို ထည့်သွင်းစဉ်းစားရတော့မယ်၊ ကြိုတင်ပြင်ဆင်ထားရတော့မယ်ဆိုတာ မလွဲမသွေလိုအပ်ပြီဟု မှာတမ်းလေး ခြွေခဲ့ချင်ပါတယ်။

ဘဘရဲ့ဘဝအတွေ့အကြုံအရ ပြောရရင်တော့ နည်းနည်းမြင့်လေ "ကျ" ဖို့နည်းနည်းနီးလာလေလေပဲ။ ပိုမြင့်လေလေ ပို"အကျ" နာလေလေဖြစ်မှာပါပဲ။ ဒါလေးကို သတိထားဖို့ မေ့မေ့နေတတ်ကြလို့ ဘဘတို့ဘဝနေဝင်ချိန်မှာ မှာတမ်းလေးနဲ့မှတ်မှတ်ရရသတိပေးခဲ့ပါရစေ။

ဆိုပါစို့ ဖဆပလခေတ်၊ ဆိုရှယ်လစ်ခေတ်၊ နဝတ(နယက)ခေတ်၊ ဒီမိုကရေစီကူးပြောင်းစ (၅)နှစ်သက်တမ်းရဲ့ ပထမခေတ် စတဲ့ ခေတ်(၅)ခေတ်ကိုကြည့်ကြရအောင်။ နေရာရခဲ့တဲ့သူအများစုဟာ နည်းနည်းလေးတိမ်းသွားတာနဲ့ နာမည်ဆိုးနဲ့နိဂုံးချုပ်ကြရတယ်။ ကဲ့ရဲ့ခံရတယ်။တောခိုရတယ်။ သူပုန်ဖြစ်တယ်။ ပြည်ပြေးဘဝရောက်တယ်။ ထောင်ကျတယ်။ ပြုတ်တယ်။ မျက်နှာမွဲ ဘဝနဲ့သေတယ်။ တချို့သေတာတောင် အသုဘလိုက်ပို့တဲ့သူမရှိသလောက်ဖြစ်ရတယ်။ ဘာဖြစ်လို့လဲ၊ ဘာကြောင့်လဲ။ သူတို့ကို ကျဆုံးစေတဲ့အချက်တွေ ကြည့်ရအောင်-

လောဘတွေ၊ ဒေါသတွေ၊ မောဟတွေ၊ မာန်မာနတွေ၊ အာဃာတတွေ၊ အာဏာမက်တာတွေ၊ အာဏာချုပ်ကိုင်မှုမလျှော့တာတွေ၊ မောက်မာတာတွေ၊ အတ္တဆန်တာတွေ၊ အယူသည်းမှုတွေ၊ အနေအထိုင်၊ အပြောအဆို မတတ်တာတွေ၊ ကတိမတည်တာတွေ၊ ကိုယ်ကျိုးရှာတာတွေ၊ ပွင့်လင်းမြင်သာမှုမရှိတာတွေ၊ အများပိုင်ငွေကို မိမိသဘောနဲ့ဖန်တီးသုံးစွဲတာတွေ၊ အလုပ်အကိုင်မကျွမ်းကျင်တာတွေ၊ မကျွမ်းကျင်ဘဲ ဆရာလုပ်တာတွေ၊ ပြည်သူ့မျက်နှာမကြည့်တာတွေ၊ အဂတိလိုက်စားတာတွေ၊ လက်အောက်ကို ဗိုလ်ကျတာတွေ၊ နှိမ့်ချတာတွေ၊ အထင်အမြင်သေးတာတွေ၊ ဥပဒေမဲ့ခိုင်းတာတွေ၊ ရိုင်းရိုင်းပျပျ ဆက်ဆံတာတွေ၊ အထက်ကိုဦးစားပေးလွန်းတာတွေ၊ လက်အောက်ကို စောင့်ကြည့်ထိန်းကျောင်းမှု (Monitoring) မရှိတာတွေ၊ အခြေခံဥပဒေအပါအဝင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းစည်းမျဉ်းတွေကို မသိတာတွေ၊ သိလျက်နဲ့ မလိုက်နာတာတွေ၊ ဥပဒေကိုချိုးဖောက်တာတွေ၊ မလေ့လာတာတွေ၊ အောက်ကမြှောက်နေလို့ မြှောက်နေမှန်းမသိတာတွေ၊ လက်အောက်ကဖန်တီးပေးတာတွေကို အမှန်ထင်ပြီး လက်ခံတာတွေ၊ လာဘ်လာဘ၊ လက်ဆောင်မျှော်ကိုးတာတွေ၊ ဥပဒေချိုးဖောက်မှုတွေကို မျက်ကွယ်ပြုပေးတာတွေ၊ အပြစ်ရှိသူတွေကို စတိလောက် ဒဏ်ပေးတာတွေ၊ ဘဝင်မြင့်တာတွေ၊ ပြည်သူ့ဆန္ဒကို မသိနားမလည်တာတွေ၊ ပြည်သူကိုရှောင်လာတာတွေ၊ လူ့အခွင့်အရေးမသိတာတွေ၊ တာဝန်ခံမှု၊ တာဝန်ယူမှုမရှိတာတွေ၊ တာဝန်မကျေတာတွေ၊ အချင်းချင်းချောက်တွန်းတာတွေ၊ လက်အောက်နဲ့ အထက်ကို ယုံကြည်မှုလွန်ကဲတာတွေ၊ ကြွားဝါကိုယ်ရည်သွေးတာတွေ၊ စီးပွားရေးဆန်တာတွေ၊ ဘဝမေ့တာတွေ၊ အောက်ခြေလွတ်တာတွေ၊ ဝေဖန်မှုမခံနိုင်တာတွေ၊ ဒီမိုကရေစီအလေ့အကျင့်မရှိတာတွေ၊ ပြည်သူ့အသံထက် ကိုယ့်လူရဲ့အသံကို အလေးပေးတာတွေ၊ ပြည်သူ့ကိုယ်စားလှယ်တွေရဲ့ အဆိုတွေကို အလေးအနက်မထားတာတွေ စတာတွေကြောင့်ပါပဲ။ စိတ်ရောဂါတွေပါ။ ဆရာတော်အချို့ဟောတာကတော့ စိတ်ဖောင်းပွမှု (Psychic Inflation)ရောဂါတဲ့။ ဖြစ်တတ်တဲ့သဘာဝတဲ့။ ဒါတွေဟာ ဘဝရဲ့ကျဆုံးမှုတွေပဲ၊ နောက်ဆုံးမှာတော့ နိုင်ငံနဲ့ပြည်သူပဲနစ်နာရတာပါ။

**နေရာလေးရလို့ ကိုယ်ကျိုးမစွန့်နိုင်ဘဲ မရှက်မကြောက်၊ မရွံ့မရှာရသမျှ သိမ်းကျုံးအိတ်ထဲထည့်နေရင်တော့ အများတံတွေးခွက်ထဲ ပက်လက်မျောမှာပဲ။ လူဖြစ်ရှုံးပြီ။ ပြည်သူ့အစာကိုယ်မစားလို့ ကိုယ့်အောက်ကလူစားရင်လည်း ကိုယ်စားတာပဲပေါ့။**

ခုပြောတာတွေဟာ သိတာတွေလျှောက်ရေးနေတယ်လို့ ထင်ကောင်းထင်သွားမယ်။ မဟုတ်ဘူးနော်၊ ဘဝမှာ ကျဆုံးစေတဲ့ အဲ့ဒီအချက် ၄၀ ကျော်ဟာ တစ်ချက်ချင်းကို ရှင်းပြလို့ရတယ်။ အချက်တိုင်းမှာဆိုင်တဲ့ လူပုဂ္ဂိုလ်အတိအကျကို ပြောပြလို့ရပါတယ်။ ဒါပေမယ့် ဒီလောက်သိရရင် တော်ရောပေါ့။ တချို့ပုဂ္ဂိုလ်တွေ အခုသက်ရှိထင်ရှားရှိနေသေးတယ်။ သေသွား ရင်လည်း ဆွေမျိုးတွေက ရှိနေဦးမှာဆိုတော့ နာမည်တပ်လို့မဖြစ်နိုင်ဘူး။ တချို့ဂျာနယ်တွေမှာတော့ တော်တော်လေးရေးနေကြတာ တွေ့ပါတယ်။ ဖေ့စ်ဘွတ်ခ်မှာလည်း ဖွနေကြသေးရဲ့။ မြန်မာ့ယဉ်ကျေးမှုကိုလည်း ထိန်းရဦးမယ်လေ။ သင်ခန်းစာယူဖို့ရရင်တော်ပြီ။ တိုတိုပြောရရင် လူ့ဘဝကို တန်ဖိုးမထားတတ်လို့ "အကျ" နဲ့ ရင်ဆိုင်ရတာတွေပဲ။ အရေးကြီးတာက သားတို့၊ သမီးတို့ လုပ်ပိုင်ခွင့်လေး၊ နေရာလေးများရခဲ့ရင် ဘယ်လိုပြုမူပြောဆိုနေထိုင်ကျင့်ကြံရမလဲ။

နမူနာယူဖို့ ကမ္ဘာမှာ နာမည်ကြီးတာကတော့ ပြည်ပကဆို အိန္ဒိယက မဟတ္တမဂန္ဒီပါပဲ။ ခေါင်းတုံးတုံးပြီး တစ်ကိုယ်လုံးပိတ်ဖြူလေးပဲ အမြဲပတ်ထားလေ့ရှိတယ်။ ပြည်သူတွေလို ရိုးရိုးပဲနေထိုင်စားသောက်တယ်။ မီးရထားစီးရင်လည်း တတိယတန်းကပဲစီးတယ်။ ဘာဖြစ်လို့ (ပ/ဒ) တန်းက မစီးတာလဲဆိုတာကို ကိုယ့်ဘာသာကိုယ်ပဲ စဉ်းစားကြည့်တော့နော်။ မပြောတော့ဘူး။ မနေနိုင်တဲ့လူကတော့ သူ့ကို သွားစပ်စုလေရဲ့။ နိုင်ငံ့ခေါင်းဆောင်ဖြစ်ပြီး ဘာလို့ တတိယတန်းက စီးရတာလဲတဲ့။ ဖြေလိုက်ပုံက "ဟဲ့ငါလည်းတတိယတန်းဘယ်စီးချင်ပါ့မလဲ။ မင်းတို့ မီးရထားမှာ စတုတ္ထတန်းမှ မပါတာ" တဲ့။ မှတ်ကရော။ ဒါတောင် လုပ်ကြံတဲ့လူရှိတယ်။ သတိထားနော်။မြန်မာမှာတော့ အတုယူဖို့ကောင်းသူကတော့ ဗိုလ်ချုပ်အောင်ဆန်းပါ။ စိတ်ဓာတ်နဲ့ အပြောအဆို အနေအထိုင်နမူနာယူကြနော်။ သင်ခန်းစာယူရမှာကတော့ နေရာတကာမှာမနာလိုသူတွေရှိတယ်။ ပြီးတော့ အမေစုကိုလည်းကြည့်ဦး။ ခဲနဲ့ပေါက်ကြ၊ ဆဲကြတာကို "ဒီလိုအခိုင်းခံရလို့ သူတို့ရဲ့ မိသားစုလေးတွေ မီးဖိုချောင်အတွက် စားစရိတ်လေးတွေ ကလေးကျောင်းစရိတ်လေးတွေရကြရင် လုပ်ကြပါစေ၊ သည်းခံနိုင်ပါတယ်"တဲ့။ ကဲမှတ်ကရော။

သားတို့၊ သမီးတို့-

နေရာလေးရလို့ကိုယ်ကျိုးမစွန့်နိုင်ဘဲ မရှက်မကြောက်၊ မရွံ့မရှာရသမျှ သိမ်းကျုံးအိတ်ထဲထည့်နေရင်တော့ အများတံတွေးခွက်ထဲပက်လက်မျောမှာပဲ။ လူဖြစ်ရှုံးပြီ။ ပြည်သူ့အစာကိုယ်မစားလို့ ကိုယ့်အောက်ကလူစားရင်လည်း ကိုယ်စားတာပဲပေါ့။ ကိုယ့်လူတွေက ဖန်တီးပေးတာတွေကို အဟုတ်မှတ်ပြီး လက်ခံနေရင်လည်း ပြည်သူတွေရဲ့ ပိုင်ဆိုင်မှုတွေပဲလေ။ ယူရက်သလား၊ စားရက်သလား သေချာစဉ်းစားနော်။ မကောင်းသူကိုပယ်မှ ပြည်သူရဲ့ယုံကြည်မှုကို ရမှာပေါ့။ ကယ်ထားတော့ ကိုယ်ပါလူမိုက်မဖြစ်ဘူးလား။

နေရာတကာမှာ လုပ်ထုံးလုပ်နည်းတွေ၊ ဥပဒေ၊ နည်းဥပဒေတွေ၊ စည်းမျဉ်း၊ စည်းကမ်းတွေရှိပြီးသား။ မသိရင် သိအောင်ကြိုးစား။ငါတာဝန်ရှိသူပဲဆိုပြီး ကိုယ့်ဆန္ဒတစ်ခုကိုပဲ ပုဂ္ဂိုလ်ရေးမကျေနပ်မှုနဲ့ ဦးတည်လုပ်ရင်မှားတတ်တယ်။ အောက်ကတော့ အကြိုက်လိုက်လုပ်ကြမှာပဲ၊ အကြိုက်လိုက်ပြောကြမှာပဲ။ အများအသံနားထောင်ပါ။ အများဆန္ဒရယူပါ။ ဒီနေရာမှာ အများဆိုတာ ကိုယ့်အောက်ကလူတွေကို ဆိုလိုတာမဟုတ်ဘူးနော်။ ထပ်မှာနေဦးမယ်။ လူ့ဘဝမှာကျဆုံးစေမယ့်အချက်တွေကို တစ်ချက်ချင်းလေ့လာပါ။ ဆန်းစစ်ပါ။ သုံးသပ်ပါ။ နေ့တိုင်းမှန်ကြည့်သလို၊ ကိုယ့်ကိုယ်ကိုယ်ပြန်ကြည့်ပါ။ ချိန်ထိုးဆန်းစစ်ပါ။ အများဝေဖန်တာကို ဝမ်းပန်းတသာလက်ခံစဉ်းစားပါ။ အများလက်ညှိုးထိုးမခံရအောင် စေ့စေ့စပ်စပ်တွေးတောစဉ်းစားပြီးမှ ဆုံးဖြတ်ပါ။ ကိုယ်ကျိုးစွန့်ပါ။ "ငါ" "ငါ့အတွက်" ဆိုတာကြီးကို ဖျောက်ပစ်ပါ။ အများအတွက်ပဲလုပ်ကိုင်ပါ။ အများလက်မခံတာကိုရှောင်ပါ။ အစစအရာရာတိုးတက်လာမှာပါ။ ကုသိုလ်အကျိုးပေးမှာပါလို့ မှာတမ်းလေးခြွေခဲ့ပါရစေ။

ဒါပါပဲ။

# ပျားမွေးမြူရေးကဏ္ဍနှင့်ပတ်သက်၍ ပျဉ်းမနားမြို့နယ်၌ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇွန် ၃၀**

ပြည်တွင်းပြည်ပဈေးကွက်ခိုင်မာ၍ ဝင်ငွေကောင်းစီးပွားဖြစ်သည့် ပျားမွေးမြူရေးလုပ်ငန်းတွင် ပုဂ္ဂလိကပျားမွေးမြူရေးလုပ်ငန်းရှင်များ ပိုမိုတိုးတက်လာစေရန်၊ ပျားရည်နှင့် ပျားထွက်ပစ္စည်းများ ပိုမိုထုတ်လုပ်နိုင်ရန်ရည်ရွယ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်မှ တာဝန်ရှိသူများနှင့် ပုဂ္ဂလိကပျားမွေးမြူရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲကို ပျဉ်းမနားမြို့နယ် ပျားလုပ်ငန်းဌာန သင်တန်းခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ပျားလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးနှင့် ပုဂ္ဂလိက ပျားမွေးမြူရေးလုပ်ငန်းရှင် ၅၀ တို့ တက်ရောက်သော အဆိုပါဆွေးနွေးပွဲတွင် ဈေးကွက်နှင့် ခေတ်မီပျားမွေးမြူရေးနည်းစနစ်များ ပိုမိုတိုးတက်လာစေရန်၊ ပျားစားကျက်သစ်များဖော်ထုတ်ရန် ဆွေးနွေးခဲ့ကြပြီး ခေတ်မီနည်းစနစ်ဖြင့်တည်ဆောက်ထားသော ပျားအိမ်နှင့် မွေးမြူထားသောပျားများကို လေ့လာခဲ့ကြသည်။



ခေတ်မီပျားမွေးမြူရေးနည်းပညာရပ်များကို ဒေသခံများအား ပို့ချသင်ကြားပေးရန်၊ သိပ္ပံနည်းကျတည်ဆောက်ထားသော ပျားအိမ်နှင့် ပျားမွေးမြူရေးပစ္စည်းများကို တောင်သူများထံဖြန့်ဖြူးနိုင်ရန်၊ ဘိန်းစိုက်ပျိုးမှုပပျောက်ရေးတွင် အထောက်အကူပြုလုပ်ငန်းတစ်ရပ်အနေဖြင့်ပါဝင်နိုင်ရန်၊ ပျားရည်နှင့် ပျားထွက်ကုန်ပစ္စည်းများကို ပြည်ပို့သို့တင်ပို့ခြင်းအားဖြင့် နိုင်ငံ့ဘဏ္ဍာငွေတိုးတက်စေရန် ရည်ရွယ်ဖွဲ့စည်းခဲ့သော ပျားလုပ်ငန်းဦးစီးဌာန၏ နေပြည်တော် ပျဉ်းမနားမြို့နယ် ပျားလုပ်ငန်းဦးစီးဌာနအနေဖြင့် ယခုတွေ့ဆုံပွဲအပါအဝင် မိတ်အောင်ပျားဘုရင်မအကောင် ၂၀၀ ဖြန့်ဖြူးရန်၊ စိုက်ပျိုးသီးနှံအထွက်တိုးရေး စိုက်ပျိုး ၁၈၇၅၆ ဧကကို ဝတ်မှုံကူးဝန်ဆောင်မှု(အခမဲ့)ပြုလုပ်ပေးရန်၊ ဒေသခံကျေးလက်နေတောင်သူများအတွက် ပျားမွေးမြူရေးပညာပေးသင်တန်းများ၊ ပုဂ္ဂလိကပျားမွေးမြူရေးလုပ်ငန်းရှင်များကို ပျားရောဂါကာကွယ်ရေး၊ ကုသရေးသင်တန်းများ၊ ပျားနို့ထုတ်လုပ်နည်းသင်တန်း၊ ပျားထွက်ပစ္စည်းအမြောက်အမြားထုတ်လုပ်မှု သင်တန်း၊ မိတ်အောင်ပျားဘုရင်မမွေးမြူနည်းသင်တန်း အစရှိသည့်သင်တန်းများပို့ချခြင်းနှင့် ပုဂ္ဂလိကပျားစခန်းကို စစ်ဆေးခြင်း၊ ပျားရည်ထုတ်လုပ်မှုစာရင်းကောက်ယူခြင်း၊ လုပ်ငန်းလိုင်စင်စစ်ဆေးခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း နေပြည်တော် ပျဉ်းမနားမြို့နယ် ပျားလုပ်ငန်းဌာနဦးစီးမှူး ဦးမြင့်နိုင်က ပြောကြားခဲ့သည်။

နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်း ၂၀၁၃-၁၄ ဘဏ္ဍာနှစ်တွင် ပုဂ္ဂလိကပျားမွေးမြူသူ ရှစ်ဦးနှင့် ပျားအုံ ၉၀၀ မျှသာရှိခဲ့ရာမှ ယခု ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပုဂ္ဂလိကပျားမွေးမြူသူ ၅၀၊ ပျားအုံ ၃၁၀၀ ထိ တိုးတက်လာပြီး ပျားရည်ပေါင် ၇၂၀၀၀ ထိ တိုးတက်ထုတ်လုပ်လာနိုင်ခဲ့ကြောင်း၊ ပြည်တွင်းဈေးကွက်နှင့် ဝယ်လိုအားအခိုင်အမာရှိပြီး ပြည်ပပို့ကုန်အနေဖြင့် ဂျပန်၊ ထိုင်း၊ တရုတ်နိုင်ငံတို့သို့ အများဆုံးတင်ပို့လျက်ရှိကြောင်း နေပြည်တော် ပျားမွေးမြူရေးအသင်းဥက္ကဋ္ဌ ဦးသိန်းရွှေက ပြောကြားသည်။

ပျားအုံတစ်အုံလျှင် တစ်နှစ်ပျားရည် ပိဿာ ၂၀ ခန့် ထွက်နိုင်ပြီး လက်ကားဈေးတစ်ပိဿာလျှင် ကျပ် ၃၅၀၀ ရရှိသဖြင့် ဝင်ငွေကောင်းလုပ်ငန်းတစ်ခုအဖြစ် လုပ်ကိုင်နိုင်သည့်အပြင် စိုက်ပျိုးရေးကဏ္ဍကိုလည်း အကျိုးပြုပြီး နိုင်ငံခြားငွေရှာဖွေနိုင်သောလုပ်ငန်းဖြစ်၍ ပျားလုပ်ငန်း ပိုမိုတိုးတက်အောင် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်း-နေသန်၊ ဓာတ်ပုံ-ရာမည)**

## အမျိုးသမီးငယ်များအား အသိပညာပေးဟောပြော

**ရန်ကုန် ဇွန် ၃၀**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ထောက်ကြန့် အမျိုးသမီး(ကလေး)သင်တန်းကျောင်း၌ အမျိုးသမီးငယ်များအား အသိပညာပေးဟောပြောပွဲနှင့် အဝတ်အထည် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၃၀ရက် နံနက် ၉ နာရီက ကျင်းပသည်။

အမျိုးသမီးငယ်များအတွက် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးအေးမြင့်က အဝတ်အထည်နှင့် ခေါင်းလျှော်ရည်များ၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ အဖွဲ့ဝင် ဒေါ်နီလာမွန်က ကလေးများအတွက် တစ်နေ့တာ အာဟာရထောက်ပံ့ငွေကျပ် နှစ်သိန်းနှင့် အဝတ်အထည်များ၊ ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နွေမိုးအေးက အမျိုးသမီးအသုံးအဆောင်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

# မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ တာဝန်ရှိသူများအား သီးခြားစီသွားရောက်တွေ့ဆုံ

**နေပြည်တော် ဇွန် ၃၀**

မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီသည် ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ တာဝန်ရှိသူများအား သီးခြားစီသွားရောက်တွေ့ဆုံခဲ့သည်။



မစ္စယန်ဟီလီသည် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ယနေ့ နံနက် ၇ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်အစိုးရ ဦးဆောင်မှုအောက်တွင် တပ်မတော်၏ တာဝန်ထမ်းဆောင်မှု၊ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ(၂၁ ရာစုပင်လုံ) ကျင်းပနိုင်ရေးအတွက် တပ်မတော်က ပါဝင်ပူးပေါင်းဆောင်ရွက်နေမှု၊ တပ်မတော်အနေဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများ မရှိစေရေးအတွက် ဥပဒေနှင့်အညီ ထိထိရောက်ရောက် ထိန်းသိမ်းဆောင်ရွက်နေမှု၊ ဂျီနီဗာကွန်ဗင်းရှင်း အာတီကယ်(၁၇) နှင့် ပတ်သက်သည့်အခြေအနေ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးမှုအခြေအနေ၊ မြန်မာ့တပ်မတော်အတွင်း အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမရှိစေရေး ကုလသမဂ္ဂလက်အောက်ခံ Country Task Force on Monitoring and Reporting (CTFMR) နှင့် ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးကြသည်။

အလားတူ မစ္စယန်ဟီလီသည် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် ယနေ့နံနက် ၉ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး ဧည့်ခန်းမဆောင်၌ တွေ့ဆုံပြီး တရားဥပဒေစိုးမိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေမှု၊ ဥပဒေပြုရေးအခန်းကဏ္ဍ၌ ပါဝင်ဆောင်ရွက်နေသည့် ကိစ္စရပ်များ၊ လွတ်လပ်သည့် တရားစီရင်ရေးစနစ် ဖြစ်ထွန်းလာစေရေးကိစ္စရပ်များနှင့် ပြည်သူများအတွက် တရားမျှတမှုရရှိစေရေး ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ဆွေးနွေးကြသည်။

ထို့အတူ မစ္စယန်ဟီလီသည် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်နှင့် ယနေ့ နံနက် ၁၀ နာရီတွင်တွေ့ဆုံပြီး ဝန်ကြီးဌာနက ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ဆက်လက်၍ မစ္စယန်ဟီလီသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ယနေ့ နံနက် ၁၁ နာရီတွင် တွေ့ဆုံပြီး သာသနာရေးဆိုင်ရာ ကိစ္စရပ်များနှင့် အမုန်းပွားမှု မဖြစ်စေရေးအတွက် ဆောင်ရွက်နေမှုအခြေအနေတို့ကို ဆွေးနွေးကြသည်။

ယင်းနောက် မစ္စယန်ဟီလီသည် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ယနေ့ မွန်းတည့် ၁၂ နာရီတွင် တွေ့ဆုံသည်။

ထို့နောက် မစ္စယန်ဟီလီသည် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် တွေ့ဆုံပြီး **(အပေါ်ပုံ)** ပြန်ကြားရေးဝန်ကြီးဌာန၏ လက်ရှိဦးစားပေး ပြုပြင်ဆောင်ရွက်နေမှုများနှင့် စိန်ခေါ်မှုများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကို နိုင်ငံပိုင်မီဒီယာမှ ပြည်သူ့ဝန်ဆောင်မှုမီဒီယာသို့ပြောင်းလဲရန် ပြင်ဆင်နေမှုများ၊ ထုတ်ပြန်ပြီးဖြစ်သည့် မီဒီယာဥပဒေများနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ရေးဆိုင်ရာကိစ္စရပ်များ၊ Access to Information အတွက် ဝန်ကြီးဌာနအသီးသီးတွင် ပြောရေးဆိုခွင့်ရှိသူများ ခန့်ထား၍ လေ့ကျင့်ဆောင်ရွက်ပေးနေမှုများ၊ စာနယ်ဇင်းသမားများ၏ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ တိုင်းရင်းသားမီဒီယာများ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပြန်ကြားရေးဝန်ကြီးဌာနမှ ပူးပေါင်းဆောင်ရွက်ပေးနိုင်မှုအခြေအနေများ၊ မီဒီယာအခန်းကဏ္ဍတွင် အမျိုးသမီးများ ပါဝင်စွမ်းဆောင်နိုင်မှုအခြေအနေများကို ဆွေးနွေးခဲ့ကြပြီး Social Media များတွင် Hate speech ရေးသားပြောဆိုမှုများအပေါ် အခြားနိုင်ငံများတွင် ဖြေရှင်းဆောင်ရွက်မှုအတွေ့အကြုံများကို အမြင်ချင်းဖလှယ်ကြသည်။

ယင်းနောက် မစ္စယန်ဟီလီသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် ယနေ့မွန်းလွဲ ၂ နာရီတွင်တွေ့ဆုံပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း သစ်ထုတ်လုပ်မှုရပ်ဆိုင်းမှု အခြေအနေ၊ သစ်တောပြန်လည်စိုက်ပျိုးရေး၊ သတ္တုနှင့် ကျောက်စိမ်းထုတ်လုပ်မှု အခြေအနေနှင့် လုပ်ကိုင်ခွင့်ပေးသည့် ကုမ္ပဏီများအား ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း၊ တရားမဝင် ယာဉ်ယန္တရားများ သုံးစွဲမှုပပျောက်ရေး ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးကြသည်။

ယင်းနောက် မစ္စယန်ဟီလီသည် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးနှင့်အဖွဲ့ကို ယနေ့ညနေ ၄ နာရီခွဲတွင် တွေ့ဆုံပြီး လက်ရှိဆောင်ရွက်လျက်ရှိသော မူဝါဒ၊ လုပ်ငန်းစဉ်၊ မြေပြန်လည်စွန့်လွှတ်မှုအခြေအနေ၊ မြေယာလျော်ကြေးနှင့် နစ်နာကြေးများပေးအပ်မှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

■

# ရက် ၁၀၀ အတွင်း ကျေးရွာမြေငှားဂရန် ထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိ



ဒေးဒရဲမြို့နယ် အုပ်ချုပ်ရေးမှူး
ဦးအောင်မျိုးနိုင်

ဒေးဒရဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်ကာလအတွင်း ဆောင်ရွက်အကောင်အထည်ဖော်မည့် လုပ်ငန်းများနှင့် ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**မေး။ ဆရာ့နာမည်နှင့် ရာထူးသိချင်ပါတယ်။**

ဖြေ။ ကျွန်တော့်နာမည်က ဦးအောင်မျိုးနိုင်၊ ဒေးဒရဲမြို့နယ် အုပ်ချုပ်ရေးမှူးပါ။

**မေး။ ဆရာတို့ ဒေးဒရဲမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအနေနဲ့ရက် ၁၀၀ အတွင်းမှာ ဆောင်ရွက်မယ့် လုပ်ငန်းနဲ့အရေးအတွက်ကို သိချင်ပါတယ်။**

ဖြေ။ ရက် ၁၀၀အတွင်း ဒေးဒရဲမြို့နယ်အတွင်းမှာရှိတဲ့ ဆင်ကူးကျေးရွာကို ကျေးရွာမြေငှားဂရန်ထုတ်ပေးဖို့ ဆောင်ရွက်နေပါတယ်။

**မေး။ လုပ်ငန်းဆောင်ရွက်မယ့်အခြေအနေကို သိချင်ပါတယ်။**

ဖြေ။ ကျေးရွာမြေငှားဂရန်ထုတ်ပေးမယ့်လုပ်ငန်းမှာ ကျွန်တော်တို့ဒေးဒရဲမြို့နယ်အတွင်းမှာရှိတဲ့ နိုင်ငံတော်အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့မြေကို ရက် ၁၀၀ အတွင်း မြေငှားချထားခြင်းနဲ့ပတ်သက်ပြီး အောက်မြန်မာနိုင်ငံမြို့နှင့် ကျေးရွာမြေများ နည်းဥပဒေ ၄၁ မှ ၄၉(ခ)အထိ ပြဋ္ဌာန်းထားတဲ့ နည်းဥပဒေများနဲ့အညီ ကျေးလက်နေပြည်သူတွေ ပိုင်ဆိုင်နေထိုင်ကြတဲ့ အိမ်၊ ခြံ၊ မြေကွက်တွေကို သတ်မှတ်ကာလအပြီး မြေငှားဂရန် (မြေငှားစာချုပ်)ထုတ်ပေးနိုင်ရေး ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာလည်း ကျွန်တော်တို့က မြို့နယ်၊ ကျေးရွာမြေငှားဂရန်ထုတ်ပေးရေးအဖွဲ့နဲ့ ကျေးရွာမြေငှားဂရန်ထုတ်ပေးရေးလုပ်ငန်း အဖွဲ့တွေက ဆင်ကူးကျေးရွာကို ရွေးချယ်သတ်မှတ်ပြီး သတ်မှတ်ချက်နဲ့အညီ မှတ်ပုံတင်ပြုလုပ်ခြင်း၊ ပုံစံ(၆/၆၆)ပြုလုပ်ပေးခြင်း၊ မြေစာရင်းပုံစံများ၊ မှတ်တမ်းများ၊ ဂရန်အမှတ်တွဲပုံစံများ၊ တံဆိပ်ခေါင်းများ ကြိုတင်ပြင်ဆင်ခြင်း၊ ကျေးရွာအလိုက် မြေတစ်ဧက မြေတန်ဖိုးနှုန်းထား သတ်မှတ်ခြင်း၊ ကွက်စိပ်တိုင်းတာခြင်းနှင့် မြေပုံထုတ်ခြင်း၊ မြေစာရင်းပုံစံ (၁၀၃)ဖြင့် မြေစာရင်းပုံစံ (၁၀၅၊ ၁၀၆) လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း၊ မြေဂရန်လျှောက်ထား၍ အဆောက်အအုံပုံစံ မြေငှားဂရန်လျှောက်ထားခြင်း၊ မြေငှားဂရန်လျှောက်ထားမှုအတွက် ကန့်ကွက်လွှာခေါ်ယူခြင်း၊ မြေရာဇဝင်စစ်ဆေးခြင်း၊ မြို့နယ်လုပ်ငန်းအဖွဲ့ကွင်းဆင်းစစ်ဆေးခြင်း၊ သက်ဆိုင်ရာဌာနများ၏ သဘောထားရယူခြင်း၊ ကျေးရွာလုပ်ငန်းအဖွဲ့ ကွင်းဆင်းစစ်ဆေးခြင်း စသည့် ကနဦးဆောင်ရွက်ချက်များကို ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ရက် ၁၀၀ အတွင်း ဆင်ကူးကျေးရွာမှာရှိတဲ့ အိမ်ခြေ ၅၄ လုံးကို မြေငှားဂရန်ထုတ်ပေးသွားမှာဖြစ်ပါတယ်။

**ခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။** (သပြေထွန်း)

# လူထုဗဟိုပြုစီမံကိန်းကို မြို့နယ် ၂၇ ခုတွင် ဆောင်ရွက်လျက်ရှိပြီး မြို့နယ်ပေါင်း ၆၃ ခုအထိ တိုးချဲ့ဆောင်ရွက်မည်

**နေပြည်တော် ဇွန် ၃၀**

လူထုဗဟိုပြုစီမံကိန်းကို ၂၀၁၃ ခုနှစ်မှစ၍ ယနေ့တိုင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအချိန်တွင် သုံးနှစ်တာကာလကျော် ရှိခဲ့ပြီဖြစ်သည်။ စီမံကိန်းကို မြို့နယ်သုံးမြို့နယ်မှစတင်ခဲ့ကာ ယခုအခါ ၂၇ မြို့နယ်အထိ တိုးချဲ့ဆောင်ရွက်နိုင်ခဲ့သည်။ စီမံကိန်းစတင်ချိန်တွင် ကမ္ဘာ့ဘဏ်၏ ထောက်ပံ့ငွေဖြင့် စတင်ခဲ့ပြီး ယခုအခါ စီမံကိန်း၏ အောင်မြင်မှုများကြောင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ထောက်ပံ့ငွေအပြင် အီတလီချေးငွေများ၊ နိုင်ငံတော်ထည့်ဝင်ငွေများ၊ ကမ္ဘာ့ဘဏ်၏ ချေးငွေတွေပါ ပါဝင်လာသည့်အတွက် စုစုပေါင်း အမေရိကန်ဒေါ်လာ ၅၃၂ သန်းဖြင့် မြို့နယ်ပေါင်း ၆၃ မြို့နယ်ထိ တိုးချဲ့၍ ၂၀၂၁ ခုနှစ်ထိလျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်သည့် လူထုဗဟိုပြုစီမံကိန်း(CDD)သုံးလပတ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၌ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က အမှာစကားပြောကြားသည်။

ညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားရာတွင် ယခုလက်ရှိတွင် စီမံကိန်းမြို့နယ်ပေါင်း ၂၇ မြို့နယ်၊ ကျေးရွာအုပ်စုပေါင်း ၁၂၁၀၊ ကျေးရွာပေါင်း ၅၄၂၇ ရွာ၊ စီမံကိန်းလုပ်ငန်းခွဲပေါင်း ၃၆၂၂ ခုကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် ပြည်ထောင်စုအဆင့် သက်ဆိုင်ရာ အဖွဲ့အစည်းများပါဝင်သော သုံးသပ်ဆွေးနွေးပွဲအခမ်းအနား (Union MSR)ကို နေပြည်တော်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း၊ ယင်းသုံးသပ်ဆွေးနွေးပွဲမတိုင်မီ မြို့နယ်အဆင့် သုံးသပ်ဆွေးနွေးပွဲများကို အပြီးလုပ်ဆောင်သွားရမည်ဖြစ်ပြီး မြို့နယ်အဆင့်ဆွေးနွေးပွဲများ ကျင်းပရန်အတွက် ၆၀ ရာခိုင်နှုန်း Social Audit ပြီးရန် လိုအပ်ပါကြောင်း၊ အထူးသဖြင့် အစည်းအဝေးတွင် မိုးတွင်းချိန်ခါ စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကြုံတွေ့ရမည့်အခက်အခဲများအတွက် ကြိုတင်အဖြေရှာသုံးသပ်ဖော်ထုတ်သွားရန် ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကမ္ဘာ့ဘဏ်၊ ပြည်ထောင်စုအဆင့် နည်းပညာအကြံပေးအဖွဲ့၊ INGO/NGO၊ မြို့နယ်နည်းပညာအကြံပေးအဖွဲ့များမှကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စီမံကိန်းမြို့နယ်တာဝန်ခံများက မိမိတို့ကဏ္ဍအလိုက် ဆွေးနွေးကြပြီး ဆွေးနွေးမှုများအပေါ် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

■

# မြန်မာနိုင်ငံ လူငယ်မူဝါဒရေးဆွဲရေး တိုင်းဒေသကြီး၊ ပြည်နယ်များမှ လူငယ်ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေး



**နေပြည်တော် ဇွန် ၃၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန၏ ရက် ၁၀၀ စီမံကိန်းတွင် ဦးစားပေးဆောင်ရွက်နေသော လူငယ်မူဝါဒရေးဆွဲရေး လုပ်ငန်းစဉ်အရ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ လုပ်ငန်းဖြစ်မြောက်ရေးလူငယ်ညှိနှိုင်းရေးမှူးများ၊ မြန်မာလူငယ်ဖိုရမ်လုပ်ငန်းအဖွဲ့ဝင်များ၊ UN Joint Team မှ တာဝန်ခံများ၊ ပြည်တွင်းအကြံပေးအဖွဲ့များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်များနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဦးဆောင်သောအဖွဲ့ဝင်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လူငယ်များကို မှန်ကန်သည့် လမ်းကြောင်းပေါ်သို့ ရောက်ရှိစေပြီး နိုင်ငံတော်ကိုအကျိုးပြုမည့် နိုင်ငံ့သားကောင်းများအဖြစ် စနစ်တကျ ပြုစုပျိုးထောင်ပေးရန် လူငယ်များ၏ လိုအပ်ချက်များ၊ တောင်းဆိုချက်များ၊ အမြင်များအပေါ် အခြေခံ၍ မြန်မာနိုင်ငံ လူငယ်မူဝါဒရေးဆွဲနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မူဝါဒရေးဆွဲရေးဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ မူကြမ်းရေးဆွဲရေးအဖွဲ့များ ဖွဲ့စည်းထားရှိပါကြောင်း၊ ကော်မတီများတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူငယ်ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းနိုင်ရေး ယခုလ ဒုတိယပတ်က မုံရွာမြို့တွင်ပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံလုံးဆိုင်ရာလူငယ်များ တွေ့ဆုံပွဲတွင် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ ယနေ့ဆွေးနွေးပွဲတက်ရောက်လာသည့် လူငယ်ကိုယ်စားလှယ်များအနေဖြင့် မူဝါဒရေးဆွဲရာတွင် လူငယ်များကိုယ်တိုင်ပါဝင်ရေးဆွဲရန်နှင့် လူငယ်များအကြားဖြစ်ပေါ်နေသော အခက်အခဲများ၊ စိန်ခေါ်မှုများကို ပွင့်ပွင့်လင်းလင်း ဝိုင်းဝန်းဆွေးနွေးပြီး အရည်အသွေးပြည့်ဝသည့် လူငယ်ကိုယ်စားလှယ်များ ရွေးချယ်နိုင်ရေး အကျေအလည် ဆွေးနွေးကြရန်ဖြစ်ကြောင်း၊ အနာဂတ်မျိုးဆက်သစ်လူငယ်များအတွက် မြန်မာနိုင်ငံ လူငယ်မူဝါဒ ပေါ်ထွန်းလာရေး၊ တက်ရောက်လာကြသည့် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကလည်း လူငယ်များ၏ ဆန္ဒအတိုင်း ဆောင်ရွက်ရာတွင် ပံ့ပိုးကူညီနိုင်မည့် နည်းလမ်းများကို ဆွေးနွေးပေးရန် ပြည်ထောင်စုဝန်ကြီးက မှာကြားသည်။

ယင်းနောက် တက်ရောက်လာကြသော တိုင်းဒေသကြီး/ပြည်နယ်လူငယ်ကိုယ်စားလှယ်များက သုံးလတာကာလအတွင်း လူငယ်ကိုယ်စားလှယ်များ ရွေးချယ်နိုင်ရေးဆောင်ရွက်မည့် အစီအစဉ်များနှင့် အခက်အခဲများကို ရှင်းလင်းဆွေးနွေးခဲ့ကြပြီး ရှေ့လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် UN Joint Team မှ ပံ့ပိုးကူညီဆောင်ရွက်မည့်ကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။ **(သတင်းစဉ်)**

# မြန်မာ-ဂျပန်အသင်း၏ ပညာရည်ထူးချွန်ဆု ဂျပန်နိုင်ငံလေ့လာရေးအစီအစဉ် အဆိုပြုလွှာတင်သွင်းခွင့်အမှတ် သတ်မှတ်ထုတ်ပြန်

**နေပြည်တော် ဇွန် ၃၀**

မြန်မာ-ဂျပန်အသင်း၏ ပညာရည်ထူးချွန်ဆု ဂျပန်နိုင်ငံလေ့လာရေးအစီအစဉ် ၂၀၁၆ အတွက် ယခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံး၌ သိပ္ပံဘာသာတွဲဖြင့် အမှတ်အများဆုံးရရှိသူ ၂၅ ဦးနှင့် ဝိဇ္ဇာ/ဝိပ္ပံဘာသာတွဲတွင် အမှတ်အများဆုံးရရှိသူ ၂၅ ဦး စုစုပေါင်း ၅၀ သည် အဆိုပြုလွှာတင်သွင်းခွင့်ရှိကြောင်း အသိပေးကြေညာခဲ့ပြီး ဖြစ်သည်။

သိပ္ပံဘာသာတွဲအတွက် စုစုပေါင်းအမှတ် ၅၅၀ နှင့်အထက် ရရှိသူများနှင့် ဝိဇ္ဇာ/ဝိပ္ပံဘာသာတွဲအတွက် စုစုပေါင်းအမှတ် ၄၉၃ မှတ်နှင့်အထက်ရရှိသူများသည် အဆိုပြုလွှာ တင်သွင်းခွင့်ရှိကြောင်းနှင့် အဆိုပြုလွှာများကို မြန်မာ-ဂျပန် အသင်းရုံး ရန်ကုန် ဖုန်း-၀၁-၂၅၆၀၇၄၊ ၀၁-၂၅၆၀၇၅၊ ၀၉-၄၂၀၁၆၂၃၃၁ တို့တွင် ဆက်သွယ်၍ အခမဲ့ရယူနိုင်ပြီး ဇူလိုင် ၁၈ ရက် နောက်ဆုံးထား၍ လျှောက်ထားရန်ဖြစ်သည်။

အဆိုပြုလွှာတင်သွင်းခွင့်ရရှိသူများသည် အထွေထွေအင်္ဂလိပ်စာ၊ အထွေထွေ ဗဟုသုတ ၂ နာရီ ရေးဖြေစာမေးပွဲအား ရန်ကုန်မြို့ နိုင်ငံခြားဘာသာတက္ကသိုလ် (YUFL) တွင် ဇူလိုင် ၂၃ ရက်(စနေနေ့) နံနက် ၉ နာရီတွင် ဖြေဆိုရမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## နောက် ၂ ရက်အတွက် ခန့်မှန်းချက်

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

# နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲအတွက် IKBZ အာမခံကုမ္ပဏီက အားကစားဝတ်စုံများ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဇွန် ၃၀**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်း၌ ဇူလိုင် ၁ ရက်မှ ၁၇ ရက်အထိ ကျင်းပမည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံဘောလုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်အသင်းများ၏ အုပ်ချုပ်နည်းပြနှင့် အားကစားသမားများအတွက် IKBZ အာမခံကုမ္ပဏီက အားကစားဝတ်စုံများ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့မွန်းလွဲ ၁ နာရီက ပေါင်းလောင်းအားကစားကွင်း၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ IKBZ ကုမ္ပဏီအထွေထွေမန်နေဂျာ ဦးသန်းဇော်နှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ နေပြည်တော်ကောင်စီနယ်မြေ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းအောင်နှင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရှစ်မြို့နယ်မှ အားကစားမှူးများ၊ ပြိုင်ပွဲဝင်မည့် ဘောလုံးအသင်းအုပ်ချုပ်သူနှင့် နည်းပြများ၊ အားကစားသမားများ စုံညီစွာ တက်ရောက်ကြသည်။

ထို့နောက် IKBZ အာမခံကုမ္ပဏီမှ ဒုတိယဥက္ကဋ္ဌ ဦးညိုမြင့်ကိုယ်စား ရှစ်မြို့နယ်အတွက် အားကစားဝတ်စုံများကို အထွေထွေမန်နေဂျာ ဦးသန်းဇော်က ပေးအပ်ရာ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းအောင်က လက်ခံရယူပြီး **(အောက်ပုံ)** ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**(ဇော်မင်းအောင်)**



# ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲနှင့် အနုပညာအော်စကာ ပြည်သူ့ရင်မှာပျော်စရာ၊ ဆန်းသစ်ဝေစည် ရွှေပန်းချီ နှစ်ပါးသွားပျော်ဖြေပွဲကျင်းပ

**ရန်ကုန် ဇွန် ၃၀**

၂၀၁၆ ခုနှစ် ဇူလိုင် ၃ ရက်နေ့တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် "၂၁ရာစုဆင်ယင်မှုအထူးပြုပြင် အလှသဘင် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲနှင့် အနုပညာအော်စကာ ပြည်သူ့ရင်မှာပျော်စရာ၊ ဆန်းသစ်ဝေစည် ရွှေပန်းချီ နှစ်ပါးသွား "စသည့် အစီအစဉ်ပေါင်းစုံလင်စွာဖြင့် ကျင်းပသည့် ဖျော်ဖြေပွဲကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

"မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့အနေနဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စတဲ့ အကျိုးပြုလုပ်ငန်းတွေမှာ ပါဝင်ဆောင်ရွက်နေပါတယ်။ မြန်မာအမျိုးသမီးများနေ့ဆိုတဲ့ အတိုင်း အမျိုးသမီးတွေအနေနဲ့ ထိန်းသိမ်းနိုင်တဲ့၊ ထိန်းသိမ်းရမယ့်ကိစ္စကို ပေါ်လွင်အောင် ပြနိုင်တာတွေအနက် တစ်ခုကတော့ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပဲ ဖြစ်ပါတယ်။ ဒါလေးကို ဒီလိုပွဲတွေမှာ ပြည်သူချစ်တဲ့ သရုပ်ဆောင်တွေက ဝတ်ဆင်ပြတဲ့အခါကျတော့ အဲဒီလို ဝတ်စုံလေးကို အမျိုးသမီးတွေ လိုက်ဝတ်ကြမယ်ဆိုရင် အမျိုးသမီးရေးရာအဖွဲ့ချုပ်က ပေးချင်တဲ့ရည်ရွယ်ချက် အောင်မြင်ပါတယ်။ အလုံးစုံမအောင်မြင်ရင်တောင် အုတ်တစ်ချပ်သဲတစ်ပွင့်အနေနဲ့ အချည်းနှီးမဖြစ်ဘူးလို့တော့ ယုံကြည်ပါတယ်" ဟု ပွဲစီစဉ်ရာတွင် ပါဝင်သူ စာရေးဆရာမ ခင်ဦး(ခင်မေခ)က ပြောသည်။

မြန်မာအမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုကို နှစ်စဉ်ကျင်းပခဲ့သည့် အကျိုးဆက်ကြောင့် ရိုးရာဝတ်စုံ



များကို ခေတ်စနစ်နှင့်အညီ ဖန်တီးထားသည့် ဝတ်စုံများ ခေတ်စားလာခဲ့ရာ ယနေ့ကျင်းပသည့်ဖျော်ဖြေပွဲတွင် ဒါရိုက်တာ ဒေါ်မြတ်မြတ်ဦး စီစဉ်တင်ဆက်ပြီး ဂွန်လွင် ( Star & Models Int'l) မှ မော်ဒယ်လေးများက ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသူတို့၏ ရိုးရာဝလေ့များကို အခြေခံပြီး တီထွင်ဖန်တီးထားသည့် ဝတ်စုံများကို ပြောင်းလဲတီထွင် ရိုးရာအဆင် အစီအစဉ်တွင် လှပစွာ ဝတ်ဆင်ပြသခဲ့သည်။

ဖျော်ဖြေပွဲတွင် နိုင်ငံကျော် အနုပညာရှင်များဖြစ်သည့် ရန်အောင်၊ ရဲအောင်၊ ထက်ထက်မိုးဦး၊ မေခလာ၊ ရန်ကျော်၊ အောင်ရဲလင်း၊ ဖွေးဖွေး စသည့် နာမည်ကျော်အနုပညာရှင်များက မြန်မာဓလေ့ထုံးတမ်းတစ်ခုဖြစ်သည့် မင်္ဂလာဆွဲခံပွဲအကြောင်းကို သရုပ်ဖော်တင်ဆက်ခဲ့သည်။

ဆက်လက်ပြီး "အနုပညာအော်စကာ ပြည်သူ့ရင်မှာပျော်စရာ၊ ဆန်းသစ်ဝေစည် ရွှေပန်းချီနှစ်ပါးသွား" အစီအစဉ်တွင် ကိုဒိန်းဒေါင်က စီစဉ်ညွှန်ကြားပြီး အကယ်ဒမီ စိုးမြတ်သူဇာက မင်းသားအဖြစ် သရုပ်ဆောင်ကာ မြတ်ကေသီအောင်၊ ခင်ဇာခြည်ကျော်၊ ချောရတနာ၊ စိုးမိုးကြည်၊ အေးမြတ်သူ၊ ဂျင်းနီ စသည့် အနုပညာရှင်များက လူရွှင်တော်အဖြစ် သရုပ်ဆောင်ပြီး ဟာသသရုပ်ဆောင်များက မင်းသမီးများအဖြစ် သရုပ်ဆောင်ကာ ပရိသတ်အကြိုက် ဖျော်ဖြေတင်ဆက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင် နာယက ဒေါ်ခင်သက်ဌေးနှင့် နာယက အဖွဲ့ဝင်များက မြန်မာအမျိုးသမီးများနေ့ ဝတ်စားဆင်ယင် ထုံးဖွဲ့မှုပြပွဲ ဖြစ်မြောက်ရေးအတွက်စီစဉ်တင်ဆက် ပံ့ပိုးကူညီသူများအား ဂုဏ်ပြုပန်းစည်းလက်ဆောင်များ ပေးအပ်ခဲ့သည်။

အဆိုပါ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က စီစဉ်တင်ဆက်သည့် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲနှင့် ဖျော်ဖြေပွဲကို ဇူလိုင် ၁ ရက်တွင် အများပြည်သူကြည့်ရှုနိုင်ရန် ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ ညနေ ၆ နာရီမှ စတင်ကာ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-သီသီမင်း၊**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

# SME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန် နယ်သာလန်နိုင်ငံမှ ကူညီဆောင်ရွက်ပေးမည်

**မန္တလေး ဇွန် ၃၀**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အသေးစားနှင့်အလတ်စားလုပ်ငန်းများ(SME) ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နယ်သာလန်နိုင်ငံအခြေစိုက် PUM Netherlands Senior Experts အဖွဲ့မှ ကိုယ်စားလှယ် ၁၇ ဦးက မန္တလေးမြို့တွင် ၁၄ ရက်ကြာနေထိုင်ကာ အခမဲ့အကြံပေးကူညီပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် MRCCI ဖြင့် MoUလက်မှတ်ရေးထိုးကာ မန္တလေးမြို့တွင် ဌာနေကိုယ်စားလှယ်တစ်ဦးထားရှိပြီး SME လုပ်ငန်းတွင် ချေးငွေဖြင့်မဟုတ်ဘဲ ကုန်ထုတ်လုပ်ငန်းပိုင်း ကြုံတွေ့နေရသည့်အခက်အခဲများကို ကူညီသွားမည်ဖြစ်ကြောင်း MRCCI အမှုဆောင် ဦးမိုးကျော်ကျော်က ပြောကြားသည်။

ထို့ပြင် SME လုပ်ငန်းတွင် အနည်းဆုံး သုံးနှစ်သက်တမ်းရှိနေပြီဖြစ်သည့် လုပ်ငန်းများကို ကူညီပေးသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးအတွင်းမှ စိုက်ပျိုးရေး၊ စားသောက်ကုန်၊ ကျောက်မျက်၊ ရေသန့်နှင့် ဟိုတယ်လုပ်ငန်းစသည့် SME Sector တစ်ခုလျှင် နယ်သာလန်မှ ကျွမ်းကျင်သူတစ်ဦးစီက မန်နေဂျာတစ်ယောက်ကဲ့သို့ သုံးကြိမ်အထိ လုပ်ငန်းခွင်တွင်နေထိုင်ကာ ကိုယ်စားလှယ်များနှင့် ချိတ်ဆက်ပေးခြင်း၊ ထုတ်ကုန်များအဆင့်မီရန် ကူညီပေးခြင်းတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

"လိုအပ်ချက်တွေကို ပြောနိုင်မှ ကိုယ့်လုပ်ငန်းအခက်အခဲတွေကို သူတို့ကူညီဖြေရှင်းပေးနိုင်မှာပါ။ လုပ်ငန်းပိုင်းတိုးတက်လာရင် ထောက်ခံပေးပြီး သူတို့ဘက်က ကုမ္ပဏီတွေနဲ့ ချိတ်ဆက်ပေးမှာဆိုတော့ ကုန်သွယ်မှုနဲ့ SME လုပ်ငန်းမှာ တိုးတက်လာမယ်လို့ယူဆရပါတယ်"ဟု MRCCI မှ SME ဆပ်ကော်မတီအတွင်းရေးမှူး ဦးကျော်စိုးနိုင်က ဖြည့်စွက်ပြောကြားသည်။

အဆိုပါ PUM Netherlands Senior Experts အဖွဲ့သည် ကမ္ဘာတစ်ဝန်းမှ လုပ်ငန်းရှင်နှင့် ပညာရှင် ၃၀၀၀ နှင့် ဖွဲ့စည်းကာ မဖွံ့ဖြိုးသေးသောနိုင်ငံများသို့ အကူအညီများပေးနေကြောင်းလည်း သိရသည်။

**(အောင်ရဲသွင်)**



အသေးစား၊ အလတ်စားလုပ်ငန်းတစ်ခုဖြစ်သည့် ကျောက်မျက်လုပ်ငန်းခွင်အား တွေ့မြင်ရစဉ်။

# စစ်ကိုင်းတိုင်းဒေသကြီး မြို့နယ်ရှစ်ခု ဓာတ်အားပြည့်ဝစွာသုံးနိုင်ရေးဆောင်ရွက်

**မုံရွာ ဇွန် ၃၀**

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြို့နယ်ရှစ်ခုနေ ပြည်သူများ လျှပ်စစ်ဓာတ်အား အပြည့်အဝသုံးစွဲနိုင်ရေးအတွက် AGD Project ဖြင့် လုပ်ဆောင်ပေးလျက်ရှိကြောင်း တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ သိရသည်။

လျှပ်စစ်ဓာတ်အား အပြည့်အဝသုံးစွဲနိုင်ရေးအတွက် AGD Project ဖြင့် လုပ်ဆောင်ပေးလျက်ရှိသောလုပ်ငန်းများတွင် ၃၃/၁၁ ကေဗွီ၊ (၁၀)အမ်ဗွီအေဓာတ်အားခွဲရုံ တစ်ရုံ အသစ်တည်ဆောက်ပေးခြင်း၊ ၁၁/၀. ၄ကေဗွီ၊ (၂၀၀)ကေဗွီအေ ထရန်စဖော်မာ ၃၃ လုံးကို အသစ်ထပ်မံတပ်ဆင်ပေးခြင်း၊ ဟောင်းနွမ်းနေသော သစ်သား၊ သံလျှပ်စစ်ဓာတ်တိုင်များနေရာတွင် ကွန်ကရစ်ဓာတ်တိုင်များ အစားထိုးစိုက်ထူပေးခြင်း၊ ၄၀၀ ဗို့လိုင်းကြိုးနေရာများတွင် ABC Cable ကြိုးများ အစားထိုးတပ်ဆင်ခြင်းလုပ်ငန်းများ လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း AGD Project ဖြင့် လုပ်ဆောင်မည့်လုပ်ငန်းများတွင် မုံရွာ၊ စစ်ကိုင်း၊ အရာတော်၊ ရွှေဘို၊ ကသာ၊ ကောလင်း၊ အင်းတော်နှင့် ကလေးမြို့နယ်တို့တွင် ၃၃/၁၁ ကေဗွီ၊ (၁၀) အမ်ဗွီအေ ဓာတ်အားခွဲရုံ တစ်ရုံနှင့် (၂၀၀)ကေဗွီအေ ထရန်စဖော်မာ ၃၃ လုံး၊ ၃၃ကေဗွီ (ACSR)လိုင်းကြိုး ၅၁ ဒသမ ၆ မိုင်၊ ၁၁ ကေဗွီ ABC လိုင်းကြိုး ၁ ဒသမ ၈ မိုင်၊ ၀ ဒသမ ၄ ကေဗွီ ABC လိုင်းကြိုး ၈၀ ကီလိုမီတာ၊ ၀ ဒသမ၄ ကေဗွီ HDBC လိုင်းကြိုး ၂၂ ဒသမ ၄ မိုင် အရှည်တို့ကို လိုင်းကြိုး များ ပြောင်းလဲတပ်ဆင်ခြင်း၊ ၁၂ မီတာအမြင့်ရှိ ကွန်ကရစ်ဓာတ်တိုင် ၃၇၀၊ ကိုးမီတာ အမြင့်ရှိ ကွန်ကရစ်ဓာတ်တိုင် ၄၆၀၅ တိုင်တို့ကို သစ်သားတိုင်နှင့် သံဓာတ်တိုင်များ နေရာများတွင် အစားထိုးတပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းဝေ(မုံရွာ)**

# ထီးချိုင့်မြို့နယ်တွင် မိုးစပါးစိုက်ပျိုးစရိတ်များ ထုတ်ချေး

**ထီးချိုင့် ဇွန် ၃၀**

ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများကို ဇွန် ၂၆ ရက်တွင် စတင်ထုတ်ချေးပေးပြီဖြစ်ရာ မြို့နယ်အတွင်း ပထမဦးဆုံးအနေဖြင့် ကျောက်အိုက်ကျေးရွာအုပ်စုအား ချေးငွေများ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

စိုက်ပျိုးစရိတ်ချေးငွေထုတ်ယူမည့် ကျောက်အိုက်အုပ်စုမှ တောင်သူများအား မြို့နယ်မန်နေဂျာ ဦးတင်အုန်းက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ ဘဏ်ချေးငွေမူစနစ်များ၊ ချေးငွေစည်းကမ်းသတ်မှတ်ချက်များ၊ ချေးငွေအပေါ် သုံးဦးအစုအဖွဲ့၏ တာဝန်ယူမှုစနစ်များကိုလည်းကောင်း၊ ယခင်က တစ်ဧကလျှင် ငွေကျပ်တစ်သိန်းချေးပေးရာမှ ယခု တစ်သိန်းခွဲအထိတိုးမြှင့်ချေးပေးမည်ဖြစ်ကြောင်း၊ တစ်နှစ်အတွက် ယခင်က ကျပ် ၁၀၀ လျှင် ငါးရာခိုင်နှုန်းအတိုး ပေးဆောင်ရပြီး ယခုတွင် ရှစ်ရာခိုင်နှုန်းပေးဆောင်ရမည်ဖြစ်ပြီး တောင်သူများဘက်ကလည်း ၂၀၁၇ ခုနှစ် ဧပြီ ၁၅ ရက်တွင် တာဝန်ကျေ ပြည်သူများအဖြစ် မိမိတို့ ချေးယူထားသောငွေများကို အပြေအကျေ ပေးသွင်းကြစေလိုကြောင်း၊ သတ်မှတ်ကာလကျော်လွန်ပါက ဒဏ်တိုးအဖြစ်ငွေ ကျပ် ၁၀၀ လျှင် တစ်ကျပ်နှုန်းပေးဆောင်ရမည်ဖြစ်ကြောင်းတို့ကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောက်အိုက်အုပ်စုရှိ မိုးစပါး စိုက်ဧက ၁၇၇၁ ဧကအတွက် စိုက်ပျိုးစရိတ်ချေးငွေကျပ် ၂၆၅၆၅၀၀၀၀ ကို သုံးဦးအစုအဖွဲ့ ၁၀၃ ဖွဲ့ စပါးစိုက်တောင်သူ ၃၀၅ ဦးတို့အား ထုတ်ချေးခဲ့ကြောင်း သိရသည်။

**(ဖွဲ့မာန်-ထီးချိုင့်)**

# ရန်ကုန်ပညာရေးတက္ကသိုလ် အခြေခံကင်းထောက်လူငယ်သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် ဇွန် ၃၀**

ရန်ကုန်ပညာရေးတက္ကသိုလ် အခြေခံကင်းထောက်လူငယ်သင်တန်းဆင်းပွဲကို ဇွန် ၂၈ ရက် ညနေပိုင်းက ရန်ကုန်ပညာရေးတက္ကသိုလ် သင်ကြားမှုဗဟိုဌာနခန်းမတွင် ကျင်းပရာ မြန်မာနိုင်ငံ ကင်းထောက်ကော်မတီဥက္ကဋ္ဌ အမျိုးသားကင်းထောက်ချုပ် ဒေါက်တာတင်ညို၊ အမျိုးသမီးဒုတိယ ကင်းထောက်ချုပ် ဒေါ်ခင်စောဉမ္မာ၊ ရန်ကုန်ပညာရေးတက္ကသိုလ် တာဝန်ခံ ပါမောက္ခချုပ် ဒေါက်တာအေးအေးမြင့်တို့က အမှာစကားပြောကြားကာ မြန်မာနိုင်ငံကင်းထောက်ကြီးများက သင်တန်းသား သင်တန်းသူများကို သင်တန်းဆင်းလက်မှတ်နှင့် ခြေနင်းတံဆိပ်များပေးအပ်သည်။

သင်တန်းဆင်းပွဲသို့ မြန်မာနိုင်ငံကင်းထောက်ကြီးများ၊ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်နှင့် တက္ကသိုလ်များမှ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ သင်တန်းဆင်း ကျောင်းသား ၅၁ ဦး၊ ကျောင်းသူ ၇၀ တက်ရောက်ကြသည်။

သင်တန်းကို ဇွန် ၂၁ ရက်မှ ၂၈ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး ကမ္ဘာ့ကင်းထောက်သမိုင်းနှင့် မြန်မာကင်းထောက်သမိုင်း၊ ကင်းထောက်အခြေခံသဘောတရားများ၊ စခန်းချလေ့ကျင့်ရေးဘာသာရပ်များ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချခဲ့သည်။

ထို့အပြင် ရန်ကုန်ပညာရေးတက္ကသိုလ် အခြေခံကင်းထောက်သင်တန်းဆင်းများအနက် အမျိုးသားကင်းထောက်များအား လာမည့် စနေ၊ တနင်္ဂနွေနေ့တို့တွင် ကင်းထောက်ကျွမ်းကျင်မှု နည်းစနစ်များကို ထပ်မံမွမ်းမံ သင်ကြားပေးသွားရန် စီစဉ်ထားကြောင်း သိရသည်။

**ကိုလတ်(သတင်းစဉ်)**

■

# လူသွားလမ်းပလက်ဖောင်းနှင့် ရေမြောင်းပေါ် မီးစက်များ၊ ပစ္စည်းများချခြင်း ဈေးရောင်းချခြင်းများမပြုရန် အသိပေးပြီး ဇူလိုင် ၁၅ ရက်မှ စတင်အရေးယူမည်

**မန္တလေး ဇွန် ၃၀**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ စည်ပင်သာယာနယ်နိမိတ် ခြောက်မြို့နယ်အတွင်း နေအိမ်များ၊ အိမ်ဆိုင်များ၊ ဈေးဆိုင်များ၊ စားသောက်ဆိုင်များ၊ မိုဘိုင်းတယ်လီဖုန်းအရောင်းဆိုင်များ၊ ပွဲရုံများနှင့် အရောင်းစင်တာများမှ ရောင်းကုန်ပစ္စည်းများ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ စားပွဲကုလားထိုင်များ၊ မီးစက်များကို လူသွားစင်္ကြံပလက်ဖောင်း၊ ရေမြောင်း၊ လမ်းမများ၊ လမ်းဆုံများ၊ လမ်းခွ၊ လမ်းထောင့်များတွင် ကျူးကျော်၍ ပစ္စည်းများထားရှိတည်ခင်းရောင်းချခြင်း၊ ပစ္စည်းများခင်းကျင်းခြင်း၊ စုပုံခြင်း၊ ပြုပြင်မွမ်းမံခြင်းများ လုံးဝမပြုလုပ်ရန် အသိပေးကြေညာခဲ့သည်။

ထို့အပြင် လမ်းမများဘေးတွင် လက်တွန်းဈေးရောင်းသူများ လမ်းပိတ်ဆို့ရောင်းချခြင်း၊ မူသေရပ်နားရောင်းချခြင်းများ လုံးဝမပြုလုပ်ရန်နှင့် ရွေ့လျားသွားလာ၍ ရောင်းချသည့်ပုံစံဖြင့်သာ ရောင်းချရမည်ဖြစ်သည်။ တရားမဝင်လောင်စာဆီ၊ စက်သုံးဆီများကို တရားဝင်ခွင့်ပြုချက်မရရှိဘဲ လမ်းဘေး၊ လမ်းများပေါ်တွင် ဆီဘူးများထောင်၍ရောင်းချခြင်းမပြုရန်နှင့် လမ်း၊ ပလက်ဖောင်း၊ ရေမြောင်းများပေါ်သို့ အမိုး၊ ကဲလားများချ၍ ဈေးရောင်းခြင်းများမပြုလုပ်ရန် အသိပေးထားသည်။

သတ်မှတ်စည်းကမ်းများ လိုက်နာဆောင်ရွက်ခြင်းမရှိပါက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ တည်ဆဲဥပဒေ၊ နည်းဥပဒေအရ ဇူလိုင် ၁၅ ရက်မှစတင်ပြီး ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက အသိပေးထားကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**


# ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်

**သီပေါ ဇွန် ၃၀**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ရက် ၁၀၀ စီမံချက်ဖြင့် သီပေါမြို့ အခြေခံပညာအလယ်တန်းကျောင်းခွဲတို့မှ ကျောင်းသား ကျောင်းသူများအား အသက် ၁၀ နှစ်ပြည့်နိုင်ငံသားစိစစ်ရေးကတ် ပြားပေးအပ်ခြင်းကို ဇွန် ၂၉ ရက် နံနက်က အဆိုပါ ကျောင်းများ၌ ပြုလုပ်ခဲ့သည်။

အလကခွဲ(၁)၊ အမက(၁) မူလွန်၊ အမက(၆)မှကျောင်းသား ကျောင်းသူများအား သီပေါမြို့နယ် ဦးစီးမှူး ဦးစိုင်းထွန်းအေးက အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(သီပေါကိုလတ်)**



# ကျိုက်ထီးရိုးစေတီတော်တွင်ဆောင်ရွက်မည့် ကေဘယ်လ်ကားပြေးဆွဲမှု စီမံကိန်းတင်ဒါ ဇူလိုင်လအတွင်း ပြန်လည်ခေါ်ယူမည်

**ရန်ကုန် ဇွန် ၃၀**
ကျိုက်ထီးရိုးစေတီတော်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကေဘယ်လ်ကားပြေးဆွဲမှု စီမံကိန်းအတွက် လုပ်ငန်းတင်ဒါကို ဇူလိုင်လအတွင်း ပြန်လည်ခေါ် ယူသွားမည်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနမှ သိရသည်။

ကျိုက်ထီးရိုးစေတီတော် ရသေ့တောင်စခန်းနှင့် တောင်ပေါ်သို့ ကေဘယ်လ်ကားပြေးဆွဲမှု စီမံကိန်းအတွက် ကိုရီးယားကုမ္ပဏီနှင့် မြန်မာကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်မှုမှ လုပ်ငန်းတင်ဒါအောင်မြင်ခဲ့ပြီး မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကလည်း ၂၀၁၅ ခုနှစ်တွင် ခွင့်ပြု ပေးခဲ့ပြီးဖြစ်သည်။ သို့ရာတွင် လုပ်ငန်းဆောင်ရွက်ရန် သဘောတူညီမှု ဖျက်သိမ်းလိုက်ပြီးဖြစ်သည့်အတွက် တင်ဒါအသစ်ခေါ်ယူမှုကို ဇူလိုင်လအတွင်း ဆောင်ရွက်သွားမည်ဟု ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ သိရသည်။

"ကျိုက်ထီးရိုးမှာ ကေဘယ်လ်ကား ပြေးဆွဲဖို့အတွက် လုပ်ငန်းတင်ဒါကို ပြန်လည်ခေါ်ယူသွားပါမယ်။ အရင် တင်ဒါအောင်တဲ့ကုမ္ပဏီနဲ့ စာချုပ်ဖျက်သိမ်းလိုက်တာ ဖြစ်တဲ့အတွက် ပြန်လည်ခေါ်ယူသွားမှာပါ"ဟု ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးက ပြောသည်။

ယခင် တင်ဒါအောင်မြင်ခဲ့သည့် ကုမ္ပဏီမှာ Sky Asia Co.,Ltd ဖြစ်ပြီး ကိုရီးယားနိုင်ငံ Sky International Co., Ltd နှင့် မြန်မာနိုင်ငံမှ Asia International Fisheries Co.,Ltd တို့ ပူးပေါင်းတည်ထောင်ခဲ့သည့် ကုမ္ပဏီတစ်ခုဖြစ်ကာ ဝမ် ၂၂ ဘီလီယံ (မြန်မာကျပ်ငွေ ၂၀ ဘီလီယံ) ဖြင့် နှစ်ငါးဆယ် B.O.T စနစ်ဖြင့် ဆောင်ရွက်သွားရန် လုပ်ငန်းတင်ဒါအောင်မြင်ခဲ့ကာ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုခဲ့ကြောင်း သိရသည်။

**(၀၀၁)**

# မန္တလေးမြို့မီးဘေးသင့် မင်္ဂလာဈေးမှ ဈေးသူ ဈေးသားများ ဆန္ဒထုတ်ဖော်

**မန္တလေး ဇွန် ၃၀**
မန္တလေးမြို့မှ မီးဘေးသင့်မင်္ဂလာဈေးအား ၈ ထပ်(သို့မဟုတ်) ၁၀ ထပ် အသစ်တည်ဆောက်သွားမည်ဆိုသောကိစ္စနှင့် ပတ်သက်ပြီး ဈေးသူဈေးသားများ၏ ဆန္ဒ ထုတ်ဖော်ပွဲကို ယနေ့မွန်းလွဲ ၁၂ နာရီခွဲခန့်က တရားဝင် ခွင့်ပြုချက်ရယူ၍ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဆန္ဒထုတ်ဖော်ပွဲတွင် ဈေးသူဈေးသားအင်အား ၃၀၀ ခန့် ပါဝင်ခဲ့ပြီး ၃၁လမ်း၊ ၇၂ × ၇၃ လမ်းကြားရှိ မင်္ဂလာဈေးမြောက်ရုံမှ စတင်ထွက်ခွာကာ လမ်း ၃၀ အတိုင်း စီတန်းလမ်းလျှောက်၍ မင်္ဂလာဈေးမီးလောင်မှုကို ဖော်ထုတ်ပေးရေး၊ ဈေးဆိုင်ခန်းများ မူလနေရာ မူလပုံစံအတိုင်း ပြန်လည်ရရှိရေးနှင့် ဈေးသူဈေးသားများ၏ ဆန္ဒအားအကောင်အထည် ဖော်ဆောင်ရွက်ပေးရေး စသည့် အချက် ၃ချက်ဖြင့် ဆန္ဒထုတ်ဖော်ကြပြီး စုရပ်မြောက်ရုံသို့ ပြန်လည်ဝင်ရောက်ကာ ဟောပြောပွဲများပြုလုပ်ခဲ့ကြသည်။

**(အောင်ရဲသွင်)**

# အာဆီယံဒေသတွင်း လုပ်ငန်းစွမ်းဆောင်ရည်ဆု ရရှိခဲ့သည့် ကုမ္ပဏီများကို ထပ်မံဆုချီးမြှင့်

**ရန်ကုန် ဇွန် ၃၀**
မလေးရှားနိုင်ငံတွင် ကျင်းပခဲ့သော ၂၀၁၅ ခုနှစ် ASEAN Business Award (ABA) ဆုချီးမြှင့်ပွဲတွင် ဆုရရှိခဲ့သည့်မြန်မာနိုင်ငံမှ ကုမ္ပဏီများအား ပြည်ထောင်စုသမ္မတနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)မှ ထပ်ဆင့်ဂုဏ်ပြုသည့် ဆုအမှတ်တံဆိပ် ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၂၈ ရက် ညပိုင်းက Sedona Hotel ၌ ပြုလုပ်ခဲ့သည်။**(အောက်ပုံ)**

ABA ဆုပေးပွဲသည် အာဆီယံနိုင်ငံဒေသတွင်းရှိ ကုမ္ပဏီများစွာထဲမှ စီးပွားရေးကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်လာမှု အခြေအနေများကို စာရင်းဇယားများဖြင့် သေချာပြသနိုင်သည့် အကောင်းဆုံးကုမ္ပဏီများကိုသာ ရွေးချယ်ပေးအပ်သည့်ပွဲဖြစ်သည်။ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ မလေးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် ယင်းဆုပေးပွဲတွင် မြန်မာနိုင်ငံမှ Woman Entrepreneur 2015 ဆုကို KBZ Group၊ Young Entrepreneur 2015 ဆုကို Awba ကုမ္ပဏီ၊ IT Industry Award 2015 ဆုကို MIT Beyond Innovation နှင့် Tourism Industry Awards 2015 ဆုကို Myanmar Voyages တို့က အသီးသီးရရှိခဲ့ကြသည်။

"အဓိကကတော့ စင်ကာပူတို့ မလေးရှားတို့လို IT ကုမ္ပဏီတွေ ပါဝင်တဲ့အထဲမှာ ကျွန်တော်တို့ မြန်မာ IT ကုမ္ပဏီက ပထမဆုရရှိခဲ့တယ်။ များသောအားဖြင့် ရင်းနှီးမြှုပ်နှံချင်တဲ့ကုမ္ပဏီကြီးတွေက IT ပိုင်းဆိုရင် နိုင်ငံခြားကုမ္ပဏီတွေကိုသာ အလုပ်အပ်ချင်ကြတယ်။ ဒီလိုဆုရထားတော့ ကျွန်တော်တို့ IT နည်းပညာက နိုင်ငံခြားကုမ္ပဏီတွေနဲ့ ရင်ပေါင်တန်းနိုင်တယ်။ ယှဉ်လို့ရတယ်ဆိုတာကို သက်သေပြရာ ရောက်ပါတယ်။ ဒါကြောင့် ကျွန်တော်ပြောချင်တာက နိုင်ငံတော်အစိုးရအနေနဲ့ကော လုပ်ငန်းရှင်တွေအနေနဲ့ပါ IT ပိုင်းမှာ အလုပ်အပ်ချင်ရင် နိုင်ငံခြားကုမ္ပဏီတွေကို အပ်မှဖြစ်မှာပါဆိုတာမျိုးထက် ကိုယ့်လူငယ် IT ပညာရှင်တွေ၊ ပြည်တွင်း IT လုပ်ငန်းတွေမှာ အလုပ်အပ်ပေးခြင်းနဲ့ IT လောကဖွံ့ဖြိုးအောင် အားပေးကြပါလို့ တိုက်တွန်းချင်ပါတယ်" ဟု IT Industry Award 2015 ဆုကို ရရှိခဲ့သည့် MIT Beyond Innovation မှ CEO ဒေါက်တာ ထွန်းသူရသက်က ပြောသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများ၊ စက်မှု၊ လက်မှုလုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ နည်းပညာလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

ABA ဆုပေးပွဲကြီးသည် အရှေ့တောင်အာရှနိုင်ငံများတွင် အလှည့်ကျ နှစ်စဉ်ကျင်းပသော စီးပွားရေးလုပ်ငန်းဆိုင်ရာ ပြိုင်ပွဲတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် အိမ်ရှင်အာဆီယံဖြစ်ခဲ့သည့် ၂၀၁၄ ခုနှစ်တွင် ယင်းပြိုင်ပွဲကြီးသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ခဲ့ရာ ဆုနှစ်ဆုရရှိခဲ့ပြီး ၂၀၁၅ ခုနှစ်တွင်မူ ဆုလေးဆုရရှိခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် အဆိုပါပြိုင်ပွဲကြီးကို အိမ်ရှင်အာဆီယံနိုင်ငံဖြစ်လာမည့် လာအိုနိုင်ငံ၌ ကျင်းပမည်ဟုသိရသည်။



**သတင်း-ခင်ဇာလီ**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

# ဒေါင်းမြူးရေလှောင်တမံစီမံကိန်း ဆောင်ရွက်နေမှုများအား ဆွေးနွေး

**ဝန်းသို ဇွန် ၃၀**
စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)မှ ညွှန်ကြားရေးမှူး ဦးအောင်ဗိုလ်ဦးစီး၍ ဒေါင်းမြူးရေလှောင်တမံစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများအား တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒေါင်းမြူးအစည်းအဝေးခန်းမဆောင်၌ ယမန်နေ့ နံနက်ပိုင်းက ပြုလုပ်သည်။

အခမ်းအနားတွင် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)မှ ညွှန်ကြားရေးမှူး ဦးအောင်ဗိုလ်က ဒေါင်းမြူးရေလှောင်တမံ တည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်၊ စီမံကိန်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာသည့် မြို့မိ၊ မြို့ဖများနှင့် ဒေသခံပြည်သူများက ဒေါင်းမြူးရေလှောင်တမံစီမံကိန်းနှင့်ပတ်သက်၍ ပြည်သူ့သဘောထားကို ဆွေးနွေးသည်။

ဒေါင်းမြူးရေလှောင်တမံ တည်ဆောက်ရသည့် ရည်ရွယ်ချက်မှာ ဝန်းသိုမြို့နယ်ရှိ ဒေါင်းမြူးချောင်းသည် ၂၀၁၅ ခုနှစ် ဇူလိုင်လလယ်ခန့်မှစ၍ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ထူးကဲစွာမိုးရွာသွန်းခြင်း၊ ဆိုင်ကလုန်းမုန်တိုင်း(ကိုမန်)၏ အရှိန်ကြောင့် ကောလင်းနှင့် ဝန်းသိုဒေသများတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သဖြင့် ဒေသတွင်းရေကြီးရေလျှံမှုများ အထိုက်အလျောက် သက်သာစေရန်နှင့် နွေရာသီ၌ စပါးသီးနှံအပါအဝင် အခြားသီးနှံများကို ဆည်ရေပေးဝေနိုင်စေရန်ဖြစ်သည်ဟု သိရသည်။

ဒေါင်းမြူးရေလှောင်တမံစီမံကိန်းသည် ဝန်းသိုမြို့နယ် လယ်ဦးကျေးရွာအနီးဖြစ်ပြီး စီမံကိန်းလုပ်ငန်းအား ၁၉၉၆-၁၉၉၇ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ဒေါင်းမြူးချောင်းရေလှောင်တမံစီမံကိန်း တည်ဆောက်ခြင်းလုပ်ငန်းအား အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးပါက ရရှိနိုင်မည့်အကျိုးကျေးဇူးများမှာ ရေကြီး ရေလျှံမှုကာကွယ်နိုင်ပြီး လယ်ယာမြေဧရိယာ ဧက ၆၃၀၀ ကို ဆည်ရေဖူလုံစွာ ပေးဝေစိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(စိုင်းလူမင်း)**

# အရည်အသွေးမီဆေးဝါးများ ဖြန့်ဖြူးရောင်းချနိုင်ရန် ဆေးဝါးရောင်းချသူများအား အသိပညာပေးဆွေးနွေး

**မန္တလေး ဇွန် ၃၀**
ပြည်သူများ ဘေးအန္တရာယ်ကင်းပြီး အရည်အသွေးပြည့်မီသော ဆေးဝါးများ အသုံးပြုနိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ဆေးဝါး(လက်လီ/ လက်ကား) ဖြန့်ဖြူးရောင်းချသူများနှင့် ဆေးဆိုင်ပိုင်ရှင်များအား ဆေးဝါးဖြန့်ဖြူးရောင်းချခြင်းနှင့် ပတ်သက်သည့် အသိပညာပေးဆွေးနွေးပွဲကို ဇွန် ၂၉ ရက်က မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် ကျင်းပသည်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)အနေဖြင့် ပြည်သူများ အရည်အသွေးပြည့်မီသည့် ဆေးဝါးများအသုံးပြုနိုင်ရန် ကြိုးကြပ်ကွပ်ကဲ ဆောင်ရွက်နေသကဲ့သို့ ဆေးဝါးရောင်းချသူများအနေဖြင့်လည်း ဆေးဝါးများအားအာနိသင်လျော့နည်းမှုမရှိစေရန်နှင့် သက်တမ်းလွန်ဆေးဝါးများအား စနစ်တကျ ထိန်းသိမ်းထားရှိရန် လိုအပ်ကြောင်း အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ (မန္တလေး)မှ ညွှန်ကြားရေးမှူး ဒေါက်တာဇင်ဇင်နွယ်က ပြောကြားသည်။

"ရက် ၁၀၀ စီမံချက်အရ ဆေးဝါး၊ လူသုံးကုန်နဲ့အလှကုန်တွေကို အရည်အသွေးပြည့်မီရေးနဲ့ ဘေးအန္တရာယ်ကင်းရှင်းရေးကို အဓိကထားဆောင်ရွက်သွားမှာပါ။ အရင်ဆုံး ဆေးဆိုင် ၅၀ နဲ့ အသိပညာပေးဆွေးနွေးပွဲ ပြုလုပ်တာပါ။ မန္တလေးခရိုင်အတွင်းမှာရှိတဲ့ ဆေးဆိုင်တွေအားလုံးနဲ့လည်း တွေ့ဆုံဖို့ရှိပါတယ်" ဟု ၎င်းက ဆိုသည်။

ပြည်ပမှ ဆေးဝါးတင်သွင်းခြင်း၊ ပြည်တွင်းထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းများကို အမျိုးသားဆေးဝါးဥပဒေပါ အချက်အလက်များနှင့် ဆောင်ရွက်နေပြီး ပညာပေးကာလတွင် သက်တမ်းလွန်ဆေးဝါးများ၊ စပ်ဆေးများ၊ မှတ်ပုံတင်မရှိသော ဆေးဝါးများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ သုံးစွဲရန်မသင့်ဟု ထုတ်ပြန်ထားသော ဆေးဝါးများတွေ့ရှိပါက သိမ်းဆည်းမည်ဖြစ်ကာ ပညာပေးကာလကျော်လွန်ပါက အရေးယူမှုများပြုလုပ်မည်ဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

ထို့ပြင် ထုတ်လုပ်ရောင်းချသူများအနေဖြင့် ပြုပြင်ပြောင်းလဲမှုများလုပ်ဆောင်နေသည့် ယခုကာလတွင် ကိုယ်တိုင်အသိစိတ်ဖြင့် ပြည်သူလူထုဘေးအန္တရာယ် ကင်းရှင်းစေမည့် ဆေးဝါး၊ အစားအသောက်နှင့် လူသုံးကုန်ပစ္စည်းများကို တာဝန်ယူမှုရှိစွာဖြင့် ရောင်းချပေးရန်လိုအပ်ပြီး ပြည်သူများအနေဖြင့်လည်း ဝယ်ယူမည့် ပစ္စည်း၏ အရည်အသွေးအား FDA မှ သတ်မှတ်ထားသည့် သတင်းအချက်အလက်နှင့် ဗဟုသုတများကို နားထောင်၍ ဝယ်ယူသင့်ကြောင်း အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ (မန္တလေး)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာကျော်ကျော်က ဖြည့်စွက်ပြောကြားသည်။

"မြန်မာနိုင်ငံမှာ ဆေးဝါးတွေကို အလွယ်တကူ ဝယ်ယူခွင့်ပြုထားတယ်။ ဆရာဝန်ရဲ့ဆေးညွှန်းပါမှ ဆေးဝါးရောင်းချတဲ့အကျင့်ကို ဆေးဆိုင်တွေအနေနဲ့ လုပ်ဆောင်သင့်နေပြီ။ ဆေးဆိုင်တွေကိုဝင်စစ်ရင် အဓိကတွေ့တာက သက်တမ်းလွန်ဆေးတွေနဲ့ မှတ်ပုံတင်မထားတဲ့ ဆေးဝါးတွေပါ" ဟု ၎င်းက ပြောသည်။

"ကျွန်တော်လည်း ဆေးရောင်းနေတဲ့သူဆိုတော့ တစ်ခါတလေကျရင် ဆေးသက်တမ်းကို မကြည့်မိတာရှိပါတယ်။ နယ်စပ်က တရားမဝင်ဆေးဝါးတွေ ဝင်ရောက်လာတာကလည်း မှန်မှန်ကန်ကန် ရောင်းချပေးနေတဲ့ဆိုင်တွေကို သက်ရောက်မှုအများကြီးရှိတယ်"ဟု ဆေးဝါးရောင်းချသူတစ်ဦးက သုံးသပ်ပြောကြားသည်။

မန္တလေးခရိုင်အတွင်း ဆေးဆိုင်ပေါင်း ၇၀၀ ကျော်ရှိသည့်အနက် မေလအတွင်း ဆေးဆိုင်ပေါင်း ၉၂ ဆိုင်ဝင်ရောက်စစ်ဆေးခဲ့ရာ ဆေးဆိုင် ၉၀ တွင် သက်တမ်းလွန်ဆေးဝါးများနှင့် မှတ်ပုံတင်ထားခြင်းမရှိသည့် ဆေးဝါးများ သိမ်းဆည်းရမိခဲ့ပြီး အဆိုပါ ဆေးဆိုင်များအား ဥပဒေအရအရေးယူမှု လုပ်ဆောင်ခြင်းမရှိဘဲ အသိပညာပေးခြင်းသာ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

**(အောင်ရဲသွင်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇွန် ၃၀**

ရန်ကုန်(ရွှေဈေး) ၈၂၀၀၀၀ - ၈၂၀၀၀၀ မန္တလေး(ရွှေဈေး) ၈၁၉၅၀၀ - ၈၁၉၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၅၃၀/၅၅၅ ကျပ်၊ | ၅၉၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၅၀ ကျပ်၊ | ၇၇၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၆၀/၅၇၀ ကျပ်၊ | ၆၄၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၇၀/၅၈၀ ကျပ်၊ | ၆၄၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**
ဒီဇယ် တစ်လီတာ ၅၁၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၅၀ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၅၁၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | | | | |
|---|---|---|---|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၁၈၁. ၀ | (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၇. ၅၁၂ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၃၁၃. ၄ | (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၁၄၉. ၆ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၇၇. ၉၅ | (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၂. ၂၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၃. ၆၂၈ | (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၈၇၉. ၆၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၉၄. ၁၅ | (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၈၇၇. ၁၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## ရုပ်မြင်သံကြားအစီအစဉ်များ

[၁- ၇ -၂၀၁၆ (သောကြာနေ့)]

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

ညနေ
၆း၀၀ -အဖွင့်
-မိုးလေဝသအစီအစဉ်
-ပြည်သူ့နီတိ "ရိုသေစွာ ကိုင်တွယ်ခြင်းဖြင့်"
၆း၃၀ -ကာတွန်းအစီအစဉ် "How to train your Dragon" (အပိုင်း-၁)
၇း၂၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ရွှေရောင်လွှမ်းတဲ့ နေ့သစ်ဆီ" (အပိုင်း-၃၁)
၇း၅၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "နင်. . စေလိုရာစေ" (အပိုင်း-၁၁)
၈း၅၀ MRTV Entertainment Music
၉း၁၀ ဇာတ်မင်းသားကြီး ဂရိတ်ဦးဖိုးစိန်
၉း၄၀ နိုင်ငံတကာရုပ်ရှင် ဇာတ်ဝင်တေးများ
၉း၅၀ လှပတင့်တယ် ကချင်ပြည်နယ်
၁၀း၁၀ တေးဂီတအစီအစဉ်
၁၀း၃၀ မြန်မာဗီဒီယိုဇာတ်လမ်း "ကောင်းကင်လက်ရေး"
၁၂း၀၀ အစီအစဉ်ပြီး၏

* ည(၇း၀၀)နာရီ - မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ် တိုက်ရိုက်ထုတ်လွှင့်မှု ၂-၇-၂၀၁၆ (စနေနေ့)
* မနက် (၁း၃၀)နာရီ - Live: EURO 2016 "Wales Vs Belgium"

**တစ်နေ့ ၆ နာရီစာ ၄ ကြိမ်ပြသပါမည်။**

### မြန်မာ့ရုပ်မြင်သံကြား News Channel

၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်၏ ပရိတ်တရားတော်
၇း၃၅ ပြည်သူတို့ရဲ့ စကားသံများ
၈း၃၅ မျက်မှောက်ရေးရာအဖြာဖြာ
၉း၃၅ အနုပညာသတင်းအစီအစဉ်
၁၀း၃၅ Weekly Sport Info
၁၁း၁၅ "ပုဂံကျက်သရေတင့်တယ်စေ"
၁၁း၃၅ အလုပ်သမားရေးရာအစီအစဉ်
၁၂း၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင့်ဆီ"(အပိုင်း-၂၆)
၁း၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါဂင်ချီ"(အပိုင်း-၅၂)
၂း၁၀ မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင် (အပိုင်း-၁)
၂း၄၀ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့ (ကိုကိုအောင်နှင့် နေသွေးသစ်)
၃း၃၅ "ပန်းရည်ဘဏ်တိုက်၏ မူပိုင်ရှင်ကန့်မြဲ အေးကျော်"
၄း၁၅ "မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး"
၄း၃၅ Football မဂ္ဂဇင်း (ရတနာပုံ ယူနိုက်တက်အသင်း)
၅း၁၅ ပြည်သူတို့ရဲ့စကားသံများ (စွန်းရဲအင်းထဲမှ ရေလုပ်သားများအကြောင်း (အပိုင်း-၃)
၅း၃၅ Hype Sport
၆း၃၅ မှတ်မှတ်သားသားပုံပြင်များ "ကံဆိုးသည်မှာအလုပ်" (ဝေယံမင်း၊ ဘလိတ်၊ ငြိမ်းဖြူ) (ဒါရိုက်တာ -သီတာလင်း (Laurel Art Academy)
၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ " မင်္ဂလာပါ ဂင်ချီ" (အပိုင်း-၃၅)
၈း၀၀ ပြည်တွင်းသတင်း၊နိုင်ငံတကာ သတင်း၊ မိုးလေဝသအခြေအနေ
၉း၀၀ ပြည်တွင်းသတင်း
-နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ"(အပိုင်း-၂၇)
သမိုင်းကိုဖော်ပြသောဝါကျများ (သဘင်ပညာရှင်ကြီး ဦးရွှေနန်းတင်နှင့် တွေ့ဆုံခြင်း) (အပိုင်း-၁)

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

### MRTV- 4

၅း၀၀ ပဌာန်းပါဠိတော် + အာဋ္ဌာနာဋိယသုတ်
၅း၄၀ "သစ္စာအနက် (၁၆)ချက်" (အမှတ်-၅) တရားတော် [ဆရာတော် ဘဒ္ဒန္တသုနန္ဒ (ဓမ္မရံသီဆရာတော်)]
၈း၀၀ "မင်္ဂလာပါ" The Morning Show
၁၀း၁၅ ခေတ်သစ်ပျိုမေ
၁၁း၂၀ Food & Decor
၄း၀၀ Cartoon Series (Go Go Giggles)
၆း၁၀ Health Fix
၆း၁၅ ၂၁ ရာစု ဆင်ယင်မှုအထူးပြုပြင် အလှသဘင် ကြိုတင်ပြင်ဆင်နေမှုများ
၁၀း၂၀ MRTV-4 Stage
၁၁း၀၀ World of Knowledge (Big Bigger Biggest : Tower)
၁၁း၄၅ Food & Decor

### မြဝတီရုပ်မြင်သံကြား

၆း၀၃ တရားတော်
၇း၁၅ မေတ္တာပို့
၇း၂၅ ဓမ္မပူဇာတေး
၇း၃၅ ကိုယ်လက်လှုပ်ရှားအားကစား
၈း၀၅ အမျိုးသားရေးတေးကဗျာ
၈း၁၀ စိုက်ပျိုးသုတ
၈း၂၅ DVD Hits
၈း၃၅ နှစ်(၈၀)ကျော်ကြားတေးများ
၉း၂၀ အမှတ်တရနေ့ရက်လေးများ
၉း၄၀ ကျန်းမာသုတ
၉း၅၀ ရင်မှာစွဲလန်းတော်ဝင်ပန်း
၁၀း၁၅ Books Guide
၁၀း၂၅ မြဝတီ၏ရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၁၀း၄၅ သီချင်းလက်ဆောင်
၁၁း၁၀ ဘောလုံးကန်ကြမယ်
၁၁း၂၀ မြန်မာ့ရှုခင်း
၁၁း၃၅ Sportcast
၁၁း၄၅ သာယာသီကြွေးခေတ်ဆန်းတေး
၁၁း၅၅ ဇာတ်လမ်းတို
၁၂း၂၅ Cooking Art
၃း၃၀ တပ်မတော်ချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲ (Live) ထုတ်လွှင့်မှု အစီအစဉ် မြန်မာတပ်မတော်နှင့် လာအိုတပ်မတော်
၅း၁၀ ပျိုပျိုမေ
၅း၂၅ ယနေ့ရန်ကုန်မြင်ကွင်းစုံ
၅း၃၅ ရောင်စုံဖြာဝေဂျပန်မြေ
၅း၄၅ လည်မယ်. . . စားမယ် ကမ္ဘာတစ်ခွင်ဝယ်
၆း၁၀ ရှုမောဖွယ်ရာရွှေရုပ်လွှာ
၆း၃၀ "ရွာ"ဟာသဇာတ်လမ်းတွဲ ဒါရိုက်တာ-မိုးဇော်ကို
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်သူတို့စိတ်ဝမ်း အေးချမ်းပါစေ" အပိုင်း(၄၆)
-VOA အင်္ဂလိပ်စာသင်ခန်းစာ
-သံစဉ်များနှင့်ကမ္ဘာ
-ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
-Lucky Door

## ရုပ်ရှင်အညွှန်း



# မြန်မာဇာတ်ကားသစ် "ပြန်ခေါ်သက်သေ" စတင်ရုံတင်ပြသ

ယခုတစ်ပတ်တွင် မြန်မာဇာတ်ကားသစ် ကြည့်ရှုလိုသူ ပရိသတ်ကြီးအတွက် မြန်မာဇာတ်ကားသစ်ဖြစ်သည့် 'ပြန်ခေါ်သက်သေ' အမည်ရှိ အိမ်ထောင်ရေးဇာတ်ကားသစ်ကို ကြည့်ရှုခံစားနိုင်ကြမည်ဖြစ်သည်။

ယင်းဇာတ်ကားသည် အမူအရာ၊ ဓလေ့စရိုက်ချင်း ပြဒါးတစ်လမ်း၊ သံတစ်လမ်းဖြစ်ကာ သဘောထားကွဲလွဲနေသည့် အိမ်ထောင်သက် ငါးနှစ်ကျော် ခြောက်နှစ်ခန့်ရှိသည့် လင်မယားစုံတွဲတစ်တွဲ အကြောင်းကို အခြေခံကာ ဟာသဇာတ်လမ်း ဇာတ်ကွက်များဖြင့် ပုံဖော်ခြယ်မှုန်းထားသည့် ဇာတ်ကားတစ်ကားဖြစ်သည်။

ယင်းဇာတ်ကားသည် မင်းလူ၏ဝတ္ထုကို ဇာတ်ညွှန်း မိုးနီလွင်က ရေးသားကာ ဒါရိုက်တာမီးပွားက ပုံဖော်ရိုက်ကူးထားခြင်းလည်းဖြစ်သည်။

ယင်းဇာတ်ကားသစ်တွင် မင်းသား ဟိန်းဝေယံ၊ မင်းသမီး သက်မွန်မြင့်တို့က အဓိကသရုပ်ဆောင်ကာ သားညီ၊ စူးရှ၊ ကျော်ကျော်နှင့် သရုပ်ဆောင်များစွာက ပါဝင်အားဖြည့်ထားကြသည်။

ယင်းဇာတ်ကားကို သမ္မတ၊ သွင်၊ မင်္ဂလာ(၁) သိမ်ကြီးဈေး၊ တော့ရှိုင်ရယ်(စိန်ဂေဟာပါရမီ)၊ မင်္ဂလာစံပြ၊ ဝင်းလိုက်၊ မြို့မနှင့် မင်္ဂလာထွန်းသီရိ ရုပ်ရှင်ရုံတို့တွင် ဇူလိုင် ၁ ရက်(ယနေ့)မှ စတင်ကာ ရုံတင်ပြသသွားမည်ဖြစ်သည်။

ထို့အပြင် ဇေရဲထက်၊ ရာဇာနေဝင်း၊ ထွန်းထွန်း၊ စိုးမြတ် သူဇာနှင့် ရွှေမှုန်ရတီတို့ ပါဝင်သရုပ်ဆောင်ထား သည့် ဟာသဇာတ်ကား 'ကျွန်တော် ကျွန်မယောကျ်ား ဗိုက်ကြီးသယ်' ဇာတ်ကားကိုလည်း ဆက်လက်ရုံတင်ပြသသွားမည်ဖြစ်ပြီး ရွှေ့ဆောင်(၂)ရုပ်ရှင်ရုံနှင့် မင်္ဂလာ ဝဇီရာ(လှိုင်သာယာ)တို့တွင် ဆက်လက်ပြသသွားမည်ဖြစ်သည်။

ဆက်လက်ပြီး နိုင်ငံခြားဇာတ်ကားအနေဖြင့် ပြသဆဲ ဇာတ်ကားများအပြင် သိပ္ပံဇာတ်ကားကြိုက် နှစ်သက်သူများအတွက် Independence Day: Resurgence သရိုးဒီသိပ္ပံအက်ရှင်ဇာတ်ကားကို အသစ်ကြည့်ရှုခံစားနိုင်မည်ဖြစ်သည်။

ယင်းဇာတ်ကားသစ်ကို မင်္ဂလာ(၂)၊ ဒဂုံစင်တာ(၂)မြေနီကုန်း၊ နေပြည်တော် Cineplex 1 2 3၊ မင်္ဂလာစံပြ၊ မင်္ဂလာဒိုင်းမွန်းနှင့် မင်္ဂလာထွန်းသီရိ ရုပ်ရှင်ရုံများတွင် ဇူလိုင် ၁ ရက်မှ စတင်ကာ ပြသသွားမည်ဖြစ်ကြောင်းသိရသည်။

ထို့အပြင် ပြသဆဲဇာတ်ကားများအနေဖြင့် နာမည်ကြီးဘောလိဝုဒ်ဇာတ်ကား Housefull 3 အပြင် Now You See Me(2) နှင့် သည်းထိတ်ရင်ဖိုဇာတ်ကားတို့ကို နေပြည်တော်၊ ရွှေ့ဆောင်နှင့် မင်္ဂလာဒိုင်းမွန်း Cineplex 1 2 3 ရုပ်ရှင်ရုံတို့တွင် ဆက်လက်ကြည့်ရှုနိုင်ကြမည်ဖြစ်ပါကြောင်း တစ်ပတ်အတွင်း ရုပ်ရှင်အညွှန်းကဏ္ဍမှ ညွှန်းဆိုတင်ဆက်လိုက်ရပါသည်။

**ဖြိုးစန္ဒာမြင့်**

# သရိုးဒီအန်နီမေးရှင်း အထူးပြုလုပ်ချက်များဖြင့် ဖန်တီးထားသည့် ဒိုင်နိုဆောဇာတ်ကား ရိုက်ကူးပြီးစီး




ကြောက်မက်ဖွယ်ရာ အသားစားဒိုင်နိုဆောသတ္တဝါကြီးနှင့် ကျောင်းသားလူငယ်တစ်စုတို့ တွေ့ဆုံရာမှ ဖြစ်ပေါ်လာသည့် ထိတ်လန့်ချောက်ချားသွေးပျက်ဖွယ်ရာ စွန့်စားခန်းများအား ဇာတ်လမ်းဆင်ကာ 3D Animation အထူးပြုလုပ်ချက်များဖြင့် ပုံဖော်ရိုက်ကူးထားသည့် ပထမဆုံးမြန်မာဗီဒီယို ဒိုင်နိုဆောဇာတ်ကား ရိုက်ကူးပြီးစီးသွားပြီဖြစ်ကြောင်းသိရသည်။

"ဒီဇာတ်ကား စလုပ်ဖြစ်တာကတော့ လူငယ်ဒါရိုက်တာ ဂျိုးပေါ့။ ကျွန်တော့်ရဲ့ ပထမဆုံးရိုက်ဖြစ်တဲ့ ဇာတ်ကားဆိုတော့ ထူးထူးခြားခြားလေး ရိုက်ချင်တာကြောင့် ဒါရိုက်တာဂျိုးနဲ့ ကွန်ပျူတာအထူးပြုလုပ်တဲ့ပညာရှင်တွေနဲ့ပေါင်းပြီး လွန်ခဲ့တဲ့ သုံးနှစ်လောက်ကတည်းက စပြီး လုပ်ဖြစ်ခဲ့တာ။ မကြာခင် လပိုင်းအတွင်းမှာ ဆင်ဆာတင်ပြီး တစ်နိုင်ငံလုံး ဖြန့်ချိသွားမယ်" ဟု သရုပ်ဆောင်မင်းသား ကိုအံ့သစ်ကျော်က ပြောသည်။

Entertainment ဇာတ်ကားဖြစ်သော်လည်း အဆိုပါ ဇာတ်ကားဖြစ်မြောက်ရန် နေရာ၊ လူ၊ ငွေကြေး၊ စီမံခန့်ခွဲမှု၊ နည်းပညာအားနည်းမှု အခက်အခဲများကြားမှ သုံးနှစ်ကျော်ကာလကြိုးစားအချိန်ယူရိုက်ကူးခဲ့ပြီး ဇာတ်ကားရိုက်ကွင်းတွင် တချို့နေရာများ၌ ဒါရိုက်တာ ဂျိုးအပါအဝင် စက်အဖွဲ့များ၊ ကင်မရာမင်းများပါ အသက်အန္တရာယ်ထိခိုက်ရလောက်သည်အထိ အဖြစ်အပျက်များကြုံခဲ့ရပြီး အခက်အခဲများစွာရှိခဲ့ကြောင်း သိရသည်။

ဒိုင်နိုဆောဇာတ်ကားနှင့်ပတ်သက်၍ သရုပ်ဆောင် ကိုအံ့သစ်ကျော်က "ဒီကားထဲမှာပါတဲ့ ဇာတ်ကောင်အတိုင်း အံ့ဝင်ခွင်ကျဖြစ်အောင် တော်တော်လေးသရုပ်ဆောင်ခဲ့ရတယ်။ အမြင့်ပေ ၄၀ လောက်ရှိတဲ့ အသားစားဒိုင်နိုဆောနဲ့ ပြေးလွှားသရုပ်ဆောင်တဲ့အခါ (C.G.I) ရဲ့ ထုံးစံအတိုင်းပဲ အပြင်မှာဘာမှမရှိတဲ့ ကောင်းကင်ကို မော့ကြည့်ပြီး ဒိုင်နိုဆောအမှတ်နဲ့ပြေးလွှားတိုက်ခိုက်ရတာ။ ဒီကြားထဲ ဒါရိုက်တာရဲ့ မှတ်ထားတဲ့ အမှတ်အသားတွေ၊ ကန့်သတ်ထားတဲ့ ဘောင်တွေထဲ တိတိကျကျဝင်အောင် ပြန်လုပ်ရသေးတယ်၊ အခက်အခဲတွေကတော့ အများကြီးပဲ"ဟု ပြောသည်။

ဆက်လက်၍ ၎င်းက "မြန်မာနိုင်ငံမှာ နှစ်သန်းပေါင်း ၄၀ ကျော်လောက်က လူတူပရိုင်းမိတ်တွေ တွေ့ထားတာ ဖြစ်တဲ့အတွက်ကြောင့် ကျောက်ခေတ်လက်နက်၊ ပြဒါးလင်းဂူအပါအဝင် စတာတွေ ရှိထားတယ်။ ဒိုင်နိုဆောနဲ့ ပတ်သက်လို့ အနီးစပ်ဆုံး တရုတ်ပြည်နဲ့ အိန္ဒိယဘက်မှာလည်း ရုပ်ကြွင်းတွေ တွေ့ထားတာရှိတယ်။ လွန်ခဲ့တဲ့သုံးနှစ်လောက်က ရခိုင်ဘက်မှာ ရုပ်ကြွင်းတွေ့တယ်လို့ စာစောင်တစ်ခုမှာ ဖတ်လိုက်ရတယ်။ ဒီဇာတ်ကားကနေ ကမ္ဘာဦးသတ္တဝါကြီးတွေရဲ့သမိုင်းကို ခါတိုင်းထက်ပိုပြီး လူတွေစိတ်ဝင်စားအာရုံစိုက်လာမယ်လို့ ယူဆပါတယ်"ဟု ပြောသည်။

အဆိုပါ အသားစား ဒိုင်နိုဆော 3D Animation ဇာတ်ကားကို မြန်မာလူငယ်ဒါရိုက်တာဂျိုးက ရိုက်ကူးတင်ဆက်ထားခြင်းဖြစ်ပြီး သရုပ်ဆောင်အံ့သစ်ကျော်၏ အထူးသရုပ်ဆောင်မှုများနှင့်အတူ ကွန်ပျူတာပညာရှင်များ၏ အထူးပြုလုပ်ချက်ပုံရိပ်များ၊ (C.G.I)၏ အခန်းကဏ္ဍများကိုလည်း တွေ့ရှိရမည်ဖြစ်ကာ ဇာတ်ကားထဲတွင် ဒိုင်နိုဆောနှင့် ပတ်သက်သည့် စိတ်ဝင်စားဖွယ် အကြောင်းအရာများလည်းပါဝင်မည် ဖြစ်သည်။

**သီသီမင်း**



# အင်္ဂလန်အသင်းနည်းပြဖြစ်လာရန် ဖိလစ်ပီစကော်လာရီ စိတ်ဝင်စားနေ

ဘရာဇီးအသင်းနည်းပြဟောင်း ဖိလစ်ပီစကော်လာရီသည် အင်္ဂလန်အသင်း၏ နည်းပြသစ်ဖြစ်လာရန် စိတ်ဝင်စားလျက်ရှိကြောင်း လူသိရှင်ကြား ကြေညာလိုက်ပြီဖြစ်သည်။

အသက်(၆၇)နှစ်အရွယ်ရှိ စကော်လာရီသည် ဘရာဇီးအသင်းကို ကိုင်တွယ်ခဲ့ရာတွင် ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဘရာဇီးအသင်းဗိုလ်စွဲခဲ့ပြီး ၂၀၁၃ ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲတွင်လည်း ဗိုလ်စွဲနိုင်ခဲ့သည်။

စကော်လာရီသည် ၂၀၀၃ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ ပေါ်တူဂီအသင်းနည်းပြတာဝန်ယူခဲ့ပြီး ၂၀၀၄ ခုနှစ်က ယှဉ်ပြိုင်ကစားခဲ့သည့် ဥရောပချန်ပီယံရှစ်ပြိုင်ပွဲတွင်မူ ဖိလစ်ပီစကော်လာရီအနေဖြင့် ပေါ်တူဂီအသင်းအား ဒုတိယသာ ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။

ထို့အပြင် စကော်လာရီသည် ပေါ်တူဂီအသင်းအား ယူရို ၂၀၀၈ ပြိုင်ပွဲဝင်ခွင့်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သော်လည်း ဂျာမနီအသင်းအား သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် အသင်းနည်းပြအဖြစ်မှ နုတ်ထွက်သွားခဲ့သည်။ ထို့နောက် ၂၀၁၂ ခုနှစ်တွင် ဘရာဇီးအသင်းနည်းပြအဖြစ် ပြန်လည်တာဝန်ယူကိုင်တွယ်ခဲ့သည်။ လက်ရှိတွင် ဂေါင်ဇူအသင်းနည်းပြအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပြီး အင်္ဂလန်အသင်းနည်းပြသစ်ဖြစ်လာရန်လည်း စိတ်ဝင်စားနေသည့် နည်းပြတစ်ဦးဖြစ်သည်။

**(အလင်းသစ်)**




# အီဘရာဟီမိုဗစ်ချ် မန်ယူရောက်ရန်နီးစပ်လာ

ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းမှ ဆွီဒင်တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်သည် ပီအက်စ်ဂျီအသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးပြီဖြစ်သောကြောင့် မန်ယူအသင်းသို့ရောက်ရှိရန် နီးစပ်လာကြောင်း သိရသည်။

အသက်(၃၄)နှစ်အရွယ်ရှိ တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်သည် ပီအက်စ်ဂျီအသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့် မန်ယူအသင်းသို့ တစ်နှစ်စာချုပ်ချုပ်ဆိုကာ ပြောင်းရွှေ့လိမ့်မည်ဖြစ်ကြောင်းလည်း သိရသည်။

မန်ယူအသင်းသည် စပိန်လာလီဂါကလပ် ဗီလာရီးယဲလ်အသင်းမှ အိုင်ဗရီကို့စ်နောက်တန်းကစားသမား အရစ်ဘေလီအား ပြောင်းရွှေ့ကြေးပေါင် သန်း ၃၀ ဖြင့် ခေါ်ယူထားခဲ့ပြီးဖြစ်သောကြောင့် တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်သည် နည်းပြမော်ရင်ဟိုလက်ထက် ဒုတိယမြောက်ခေါ်ယူသည့် ကစားသမားလည်းဖြစ်လာမည်ဖြစ်သည်။

အီဘရာဟီမိုဗစ်ချ်သည် ပြီးခဲ့သည့်ပြင်သစ်ပထမတန်းပြိုင်ပွဲတွင် သွင်းဂိုး ၃၈ ဂိုးသွင်းယူကာ ဂိုးသွင်းအများဆုံး ကစားသမားအဖြစ်ရပ်တည်ခဲ့သူဖြစ်သည်။

မန်ယူအသင်းသည် ဂျာမန်ဘွန်ဒက်လီဂါကလပ် ဒေါ့မွန်အသင်းမှ အာမေးနီးယားကွင်းလယ်ကစားသမား ခစ်တာယန်ကိုလည်း ခေါ်ယူရန်စိတ်ဝင်စားလျက်ရှိပြီး ဒေါ့မွန်အသင်း၏ ဆုံးဖြတ်ချက်ကို စောင့်ဆိုင်းနေခြင်းဖြစ်ကြောင်းသိရသည်။

**(ငွေကြယ်)**

ဇူလိုင် ၁ ရက်ညကစားမည့် ယူရို ၂၀၁၆ ကွာတားဖိုင်နယ်

# ဝေလကို ဘယ်လ်ဂျီယံ အနိုင်ယူသွားနိုင်မလား

**ယူရို ၂၀၁၆ ပြိုင်ပွဲ ခြေစစ်ပွဲတွေ ကစားစဉ်တုန်းက ဝေလနဲ့ ဘယ်လ်ဂျီယံအသင်းတို့ ဆုံတွေ့ခဲ့ပြီး ဘယ်လ်ဂျီယံရဲ့ အိမ်ကွင်းမှာ ဂိုးမရှိသရေကျခဲ့ပေမယ့် ဝေလအသင်းရဲ့ အိမ်ကွင်းမှာ ကစားတဲ့ပွဲမှာတော့ ဝေလအသင်းက ဂါရတ်ဘေးလ်ရဲ့ တစ်လုံးတည်းသော အနိုင်ဂိုးနဲ့ အနိုင်ရရှိခဲ့တယ်။ ဒါကြောင့် ယူရို ၂၀၁၆ ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် အဖြစ် ဝေလနဲ့ ဘယ်လ်ဂျီယံအသင်းတို့ ဆုံတွေ့တဲ့ပွဲမှာ ဝေလအသင်းအနေနဲ့ ဘယ်လ်ဂျီယံအတွက် ခက်ခဲတဲ့ပြိုင်ဘက်အဖြစ် ဆက်လက်ရပ်တည်နေမလားဆိုတာက စိတ်ဝင်စားဖို့ကောင်းတယ်။**

ဝေလ - ဘယ်ဂျီယံ

၂-၇-၁၆ နံနက် ၁း၃၀

ယူရို ၂၀၁၆ ပြိုင်ပွဲ(B)မှာ ပါဝင်ခဲ့တဲ့ ဝေလအသင်းဟာ အုပ်စုပထမနေရာနဲ့ ရှုံးထွက်အဆင့်ကို တက်ရောက်လာနိုင်ခဲ့တဲ့ အသင်းဖြစ်တယ်။ အုပ်စုအဆင့်မှာ အင်္ဂလန်၊ ဆလိုဗက်ကီးယား၊ ရုရှားတို့လိုအသင်းတွေကို ရင်ဆိုင်ခဲ့ရပြီး အုပ်စုပထမနေရာ ရရှိခဲ့တာဖြစ်တာကြောင့် ဝေလအသင်းရဲ့ စွမ်းဆောင်ရည်ကို လျှော့တွက်လို့တော့မရဘူး။

ဒါပေမယ့် ဝေလအသင်းဟာ ပြီးပြည့်စုံမှုရှိနေတဲ့ အသင်းလို့လည်း ပြောဖို့ခက်တယ်။ ဘာကြောင့်လည်းဆိုတော့ အုပ်စုအဆင့်မှာ ဆလိုဗက်ကီးယား၊ ရုရှားတို့လို အသင်းတွေကို အနိုင်ရခဲ့ပေမယ့် ဝေလအသင်းအနေနဲ့ ခြေစွမ်းပိုင်းသိသိသာသာ အသာစီးမရခဲ့ဘူး။ အင်္ဂလန်နဲ့ ပွဲမှာဆိုရင်လည်း ဝေလအသင်းဟာ ဘောလုံးပိုင်ဆိုင်မှု ၃၂ ရာခိုင်နှုန်းသာ ရရှိခဲ့တဲ့အထိ အင်္ဂလန်အသင်းရဲ့ ဖိအားပေးကစားမှုကို ခံခဲ့ရတယ်။

ဝေလအသင်းဟာ ခံစစ်ကို ဘန်ဒါဗီးစ်၊ အက်ရှ်လေဝီလီယံ၊ ဂျိမ်းစ်ချက်စတာတို့နဲ့သာ ဖွဲ့စည်းပြီး ယူရို ၂၀၁၆ ပွဲတွေ ယှဉ်ပြိုင်ကစားခဲ့တာဖြစ်တယ်။ ပရီမီယာလိဂ်အခြေစိုက် ကစားသမားတွေနဲ့ စုဖွဲ့ထားတဲ့ ဝေလအသင်းခံစစ်ဟာ အုပ်စုအဖွင့်ပွဲအဖြစ် ဆလိုဗက်ကီးယား၊ အုပ်စုဒုတိယပွဲအဖြစ် အင်္ဂလန်တို့နဲ့ ကစားခဲ့တဲ့ပွဲတွေမှာ ဂိုးတွေပေးခဲ့ရပေမယ့် အုပ်စုနောက်ဆုံးပွဲအဖြစ် ရုရှား၊ ၁၆ သင်းရှုံးထွက်အဆင့်ပွဲအဖြစ် မြောက်အိုင်ယာလန်တို့နဲ့ ကစားခဲ့တဲ့ ပွဲတွေမှာတော့ ဂိုးပေးရခြင်းမရှိအောင် စွမ်းဆောင်နိုင်ခဲ့တာမို့ ဝေလခံစစ်က ဘယ်လ်ဂျီယံအသင်း တိုက်စစ်အတွက် လွယ်ကူတဲ့ခံစစ်တော့ ဖြစ်လာမှာမဟုတ်ဘူး။

ဝေလအသင်းကွင်းလယ်မှာလည်း ရမ်ဆေး၊ ဂျိုးအာလန်၊ ဂျိုလက်ဒလေတို့လို ကစားသမားကောင်းတွေ ရှိနေပြီး တိုက်စစ်ကို ပံ့ပိုးပေးနိုင်မှု မဆိုးဘူး။ ဒါပေမယ့် အင်္ဂလန်နဲ့ ကစားခဲ့တဲ့ပွဲမှာတော့ ဝေလကွင်းလယ်ကစားသမားတွေဟာ အင်္ဂလန်ကွင်းလယ်ရဲ့ လွှမ်းမိုးမှုခံခဲ့ရတာကြောင့် တိုက်စစ်ကို ပံ့ပိုးပေးနိုင်မှုအားနည်းခဲ့တယ်။ ဒါကြောင့် ဘယ်လ်ဂျီယံကွင်းလယ်ကိုလည်း ဝေလအသင်းကွင်းလယ် ခက်ခက်ခဲခဲရင်ဆိုင်ရမှာဖြစ်ပြီး တိုက်စစ်ကို ကူညီပံ့ပိုးပေးနိုင်မှုအားနည်းနိုင်တာကြောင့် ဒီပွဲမှာ ဝေလအသင်း ဂိုးရရှိရေး အခက်တွေ့နိုင်တယ်။ ၁၆ သင်းရှုံးထွက်အဆင့်အဖြစ် မြောက်အိုင်ယာလန်နဲ့ ပွဲမှာဆိုရင်လည်း ဝေလအသင်းဟာ ဂိုးရဖို့ရုန်းကန်ခဲ့ရပြီး မြောက်အိုင်ယာလန်ကစားသမားမက်အူလေးရဲ့ ကိုယ့်ဂိုးကိုယ်သွင်းယူမိတဲ့ဂိုးနဲ့သာ အနိုင်ရခဲ့တာဖြစ်တယ်။

အုပ်စုပွဲစဉ်တွေမှာ ဝေလအသင်း တိုက်စစ်ဟာ ပွဲတိုင်းဂိုးသွင်းနိုင်ခဲ့တယ်ဆိုပေမယ့် အသင်းကောင်းနဲ့ ရင်ဆိုင်ရတဲ့ပွဲ၊ အမှားခံလို့ မရတဲ့ပွဲမျိုးတွေမှာ ဝေလအသင်းတိုက်စစ် ရုန်းကန်ရလေ့ရှိတာကို သတိပြုရမယ်။

ဝေလအသင်းမှာ အင်္ဂလန်အခြေစိုက် ကစားသမားတွေပါဝင်သလို ဘယ်လ်ဂျီယံအသင်းမှာလည်း ဒီဘရိုင်း၊ လူကာကူ၊ ဟာဇက်၊ အိုရီဂျီ၊ ဖယ်လာနီ၊ ဘန်တီကီ၊ အယ်ဒါဝီရက်၊ ဗာတွန်ဂမ်၊ ဂိုးသမား ကော့တွိုက်တို့လို ပရီမီယာလိဂ်အခြေစိုက် ကစားသမားတွေအပြင် နိုင်ဂိုလန်၊ ကာရက်စ်ကို၊ ဘက်ရှုယာရီတို့လို ဥရောပအသင်းကောင်းတွေက ကစားသမားတွေလည်း ရှိနေတာမို့ ကစားသမားအင်အားပိုင်းမှာ ဝေလထက် သာလွန်မှုရှိတယ်။ ဒါကြောင့်လည်း ဘယ်လ်ဂျီယံအသင်းဟာ ပြိုင်ဘက်တွေကို ခြေစွမ်းပိုင်းကောင်းမွန်စွာနဲ့ ရင်ဆိုင်နိုင်ခဲ့တာဖြစ်တယ်။

ဘယ်လ်ဂျီယံအသင်းဟာ အီတလီနဲ့ ပွဲနောက်ပိုင်း ကစားခဲ့တဲ့ပွဲတွေမှာ ဂိုးပေးရခြင်းမရှိတဲ့အထိ ခံစစ်ပိုင်း ကောင်းမွန်ခဲ့တယ်။ ပေါ်တူဂီအသင်းကို သုံးဂိုး သွင်းယူနိုင်ခဲ့တဲ့ ဟန်ဂေရီအသင်း တိုက်စစ်ဟာ ဘယ်လ်ဂျီယံနဲ့ ကစားခဲ့တဲ့ ၁၆ သင်းအဆင့်ပွဲစဉ်မှာတော့ ဂိုးသွင်းယူနိုင်မှုမရှိခဲ့တာကိုကြည့်ရင် ဘယ်လ်ဂျီယံခံစစ်ရဲ့ ကစားအားကောင်းမွန်မှုကို သုံးသပ်နိုင်မှာဖြစ်တယ်။ ဒါပေမယ့် ဝေလနဲ့ပွဲမှာ ဘယ်လ်ဂျီယံအသင်းရဲ့ အဓိကခံစစ်မှူးတစ်ဦးဖြစ်တဲ့ ဗာမေလန်ဟာ ပွဲပယ်ပြစ်ဒဏ်ကြောင့် အားနည်းမှုအနည်းငယ် ရှိလာနိုင်တာကိုတော့ သတိပြုရမယ်။

ပြီးခဲ့တဲ့ ဘောလုံးရာသီမှာ ချယ်လ်ဆီးနဲ့အတူ ခြေစွမ်းပြသနိုင်ခြင်းမရှိခဲ့တာကြောင့် သံသယနဲ့စောင့်ကြည့်ခြင်းခံခဲ့ရတဲ့ ကွင်းလယ်တိုက်စစ်ကစားသမားဟာဇက်လည်း ခြေစွမ်းပိုင်း ပြန်လည်ကောင်းမွန်နေပြီး ဟာဇက်ဟာ နောက်ဆုံးနှစ်ပွဲမှာ ကိုယ်တိုင်တစ်ဂိုးသွင်းယူနိုင်ခဲ့သလို အသင်းဖော်တွေ ဂိုးသွင်းဖို့သုံးကြိမ်ဖန်တီးပေးနိုင်ခဲ့တယ်။ ဒီဘရိုင်း၊ ဟာဇက်တို့ရဲ့ ဖန်တီးပေးနိုင်စွမ်းအား ကောင်းမွန်နေတာကြောင့် ဝေလခံစစ်ဟာ ဘယ်လ်ဂျီယံကွင်းလယ်ကို ခက်ခဲစွာထိန်းချုပ်ရမှာပါ။

ဘယ်လ်ဂျီယံအသင်းရဲ့ အဓိကတိုက်စစ်မှူး လူကာကူ ပုံမှန်ဂိုးသွင်းခြေပျောက်ဆုံးနေတယ်ဆိုပေမယ့် ကွင်းလယ်တိုက်စစ်ကစားသမားတွေဟာ ဂိုးသွင်းယူနိုင်စွမ်းရှိနေတာကြောင့် ၁၆ သင်း ရှုံးထွက်အဆင့်ပွဲမှာ ဟန်ဂေရီအသင်းကို လေးဂိုးသွင်းယူနိုင်ခဲ့တယ်။

ဝေလနဲ့ ဂါရတ်ဘေးလ်တို့ရဲ့ စွမ်းဆောင်မှုဟာ ဘယ်လ်ဂျီယံအတွက် အဟန့်အတားဖြစ်တယ်ဆိုပေမယ့် အစစအရာရာ အသာစီးရနေပြီး ကောင်းမွန်တဲ့ခြေစွမ်းပုံစံကို ပြန်လည်ရရှိနေပြီဖြစ်တဲ့ ဘယ်လ်ဂျီယံအသင်းကပဲ သာမန်ပွဲချိန်အတွင်း နှစ်ဂိုးအသာနဲ့ အနိုင်ရသွားလိမ့်မယ်လို့ သုံးသပ်မိပါတယ်။

**ရှိုင်းမင်းမင်း**

# ရီယို ၂၀၁၆ အိုလံပစ်ပြိုင်ပွဲတွင် ဘရာဇီးအသင်းနှင့်အတူ နေမာနှင့် ဒေါက်ဂလပ်ကော်စတာ ပါဝင်လာမည်

ဘာစီလိုနာတိုက်စစ်မှူး နေမာနှင့် ဘိုင်ယန်မြူးနစ်ကစားသမား ဒေါက်ဂလပ်ကော်စတာတို့သည် ဘရာဇီးနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ရီယို ၂၀၁၆ အိုလံပစ်အားကစားပြိုင်ပွဲတွင် ဘရာဇီးအသင်းနှင့်အတူ ပါဝင်လာမည်ဖြစ်ကြောင်း သိရသည်။

ဘရာဇီးအသင်းသည် ၂၀၁၆ ကိုပါအမေရိကဖလားပြိုင်ပွဲတွင် အုပ်စုအဆင့်မှ ထွက်ခဲ့ရခြင်းကြောင့် နည်းပြဒွန်ဂါသည် နည်းပြအဖြစ်မှ နုတ်ထွက်သွားခဲ့ပြီး လက်ရှိတွင် ဘရာဇီးအသင်းကို အသက်(၂၀)အောက် နည်းပြဖြစ်သည့် ရိုဂျီယိုမိုက်ကဲလ်က တာဝန်ယူကိုင်တွယ်မည်ဖြစ်သည်။



# ဂုဏ်ယူဝမ်းမြောက်ခြင်း

## ကမ္ဘောဇဘဏ်လီမိတက်

၏

## ဘဏ်ခွဲ "၄၀၀" မြောက်

ကို

(၂၈.၆.၂၀၁၆) ရက်နေ့တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်း၊ ၂၀၁၆ ခုနှစ်၊ မေလ နှင့် ဇွန်လ အတွင်း ထိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့၌ နိုင်ငံတကာဘဏ် ကိုယ်စားလှယ်ရုံး ဖွင့်လှစ်ခွင့်လိုင်စင်များ ရရှိခဲ့ခြင်းနှင့် နိုင်ငံခြားဘဏ်ခွဲများ တိုးချဲ့ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ခြင်းများအတွက် ကမ္ဘောဇဘဏ် လီမိတက်နှင့်ထပ်တူ အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ဖော်ပြအပ်ပါသည်။

**ဦးရဲမင်း**
**Chairman**
**Famous Parami Group Co.,Ltd.**

**ဦးဇော်မန်း**
**Chairman**
**Myanmar Seilone Co.,Ltd.**

**ဦးဆန်းနောင်**
**Chairman**
**Myanmar Alinkar Group Co.,Ltd.**

**ဦးသိန်းဝင်း**
**Chairman**
**Peace Myanmar Group Co.,Ltd.**

# ဂုဏ်ယူဝမ်းမြောက်ခြင်း

## ကမ္ဘောဇဘဏ်လီမိတက်

၏

## ဘဏ်ခွဲ "၄၀၀" မြောက်

ကို

(၂၈.၆.၂၀၁၆) ရက်နေ့တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်း၊ ၂၀၁၆ ခုနှစ်၊ မေလ နှင့် ဇွန်လ အတွင်း ထိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့၌နိုင်ငံတကာဘဏ် ကိုယ်စားလှယ်ရုံး ဖွင့်လှစ်ခွင့်လိုင်စင်များ ရရှိခဲ့ခြင်းနှင့် နိုင်ငံခြားဘဏ်ခွဲများ တိုးချဲ့ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ခြင်းများအတွက် ကမ္ဘောဇဘဏ် လီမိတက်နှင့်ထပ်တူ အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ဖော်ပြအပ်ပါသည်။

ဦးတင်မြင့်နီ
**Managing Director**
**Nilar Group Co., Ltd.**

ဦးမောင်မောင်အောင်
**Managing Director**
**Annawar Aung Jetty**

ဦးကောင်းစံ
**Managing Director**
**Jasmine Palace Hotel**
**Jasmine Palace Construction Co., Ltd.**

ဦးစိုးနိုင်
**Managing Director**
**Strong Source Co., Ltd.**

# မှတပါးအခြားမရှိလေပြီ

**ခ** ရှင်သန်(အမရ)

လူဆိုတာ သူတော်ကောင်းဖြစ်ရင်ကို လူဖြစ်ရကျိုးနပ်ပြီလို့ ဆိုရမှာပါပဲ။သူတော်ကောင်းဖြစ်ဖို့အတွက် မိတ်ကောင်းဆွေကောင်းရှိရမယ်လို့ ဆိုတယ်။ မိတ်ကောင်းဆွေကောင်းနှင့် အတူနေထိုင်ခြင်း၊ မိတ်ကောင်းဆွေကောင်းနှင့်အတူ ခရီးသွားခြင်း၊ မိတ်ကောင်းဆွေကောင်းနှင့်အတူ အလုပ်လုပ်ခြင်း၊ မိတ်ကောင်းဆွေကောင်းနှင့်အတူ ရှင်သန်ခြင်း၊ မိတ်ကောင်းဆွေကောင်းနှင့်အတူစကားပြောခြင်း၊ မိတ်ကောင်းဆွေကောင်းနှင့်အတူ ဘဝကိုရုန်းကန်ခြင်း၊ ဒါဆိုရင် ဘယ်လောက်ကောင်းမလဲ။

သောတာပန်ဖြစ်ကြောင်း အင်္ဂါလေးပါးမှာ "သူတော်ကောင်းနဲ့ ပေါင်းရမယ်"ဆိုတဲ့အချက်ပါသလို လောကီကြီးပွားချမ်းသာကြောင်း တရားလေးပါး ဟောကြားရာမှာလည်း"သူတော်ကောင်းကို မှီရမယ်" လို့ ဘုရားမိန့်ခဲ့ပါတယ်။ သူတော်ကောင်းဆိုတာ ကလျာဏမိတ္တ မိတ်ကောင်းဆွေကောင်းပါပဲ။ မိတ်ကောင်းဆွေကောင်းရှိမှ နိဗ္ဗာန်ကိုရောက်နိုင်သလို၊ မိတ်ကောင်းဆွေကောင်းရှိမှ သာယာဝပြောတဲ့ လောကလူ့ဘောင်လောကီနိဗ္ဗာန်ကို ရောက်နိုင်ပါတယ်။

လောကမှာ မှီရာဟာ အရေးကြီးပါတယ်။ ဒါကြောင့် ပဋ္ဌာန်းပါဠိတော်မှာ"မှီရာပုဂ္ဂိုလ်ဟာ အားကြီးသောမှီရာနဲ့ ကျေးဇူးပြုနိုင်တယ်"လို့ ဟောခဲ့တာပါ။ နိုင်ငံသားတို့ရဲ့ မှီရာဖြစ်တဲ့ နိုင်ငံ့ခေါင်းဆောင်နဲ့ နိုင်ငံတော်အစိုးရက ကလျာဏမိတ္တဖြစ်ပါမှ နိုင်ငံနဲ့ နိုင်ငံသားတွေက ကြီးပွားချမ်းသာကြမှာပါ။ ဗျဂ္ဃပဇ္ဇအမျိုးသားတွေကို လောကီကြီးပွားကြောင်း တရားလေးပါးဟောကြားရာမှာ အပေါင်းအသင်း အမှီအနေနဲ့ ကလျာဏမိတ္တ မိတ်ကောင်းရှိရမယ်ဆိုတဲ့ တစ်ချက်ပါပါတယ်။

တစ်ခါက ကောသလမင်းကြီးက စဉ်းစားတယ် "ဘုရားရှင်သည်တရားတော်ကို ကောင်းစွာဟောကြားအပ်ပြီ၊ ထိုကောင်းစွာဟောကြားအပ်တဲ့ တရားတော်ဟာ ကလျာဏမိတ္တ- မိတ်ကောင်းရှိသူတွေအတွက်လား၊ သို့မဟုတ် ပါပမိတ္တ- မိတ်ဆိုးမိတ်ညံ့ရှိသူတွေအတွက်လား"။ အဲဒီအကြောင်းကို ဘုရားသွားလျှောက်တော့ဘုရားက "ငါဘုရား ကောင်းစွာဟောကြားအပ်တဲ့ တရားတော်ဟာ မိတ်ကောင်းရှိသူတွေအတွက်သာ ဖြစ်တယ်။ မိတ်ဆိုးရှိသူတွေအတွက် မဟုတ်ဘူး"လို့ မိန့်တော်မူပါတယ်။ ဒီအချက်က နက်နဲပါတယ်။ အထူးစဉ်းစားဖွယ်ရာပါ။

လူဆိုတာ ထက်အောက်ဝန်းကျင်က လူတွေနဲ့ အတူယှဉ်တွဲပေါင်းသင်းနေထိုင်ကြရပါတယ်။ ဒါတွေအားလုံးဟာ မိတ္တ သဟာယ- မိတ်သဟာ မိတ်ဆွေတွေပါပဲ။ အဲဒီမိတ်ဆွေတွေဟာ ကလျာဏမိတ္တ- မိတ်ကောင်းဖြစ်ဖို့ အင်မတန်အရေးကြီးပါတယ်။ဘုရားမိန့်တာက သူဟောထားတဲ့ တရားတော်တွေဟာ မိတ်ကောင်းရှိသူအတွက်သာ ကောင်းစွာဟောကြားအပ်တဲ့ တရားတော် ဖြစ်ပါသတဲ့။ ဒါဆိုရင် မိတ်ဆိုးမိတ်ညံ့ရှိသူတွေအတွက်ကတော့ ဘုရားတရားတော်ဟာ လူမိုက်တိရစ္ဆာန် နိဗ္ဗာန်စကား လွန်နားခါး၏ဆိုသလိုနေမှာပါပဲ။

ဘုရားက အရှင်အာနန္ဒာနဲ့ ပြောဖြစ်ခဲ့တဲ့အကြောင်းလေးကို ကောသလမင်းကြီးအား ပြန်ပြောပြပါတယ်။ တစ်ခါက အရှင်အာနန္ဒာဟာ ဘုရားကို လျှောက်တယ် "အရှင်ဘုရား . . . မြတ်သောအကျင့်ကို ကျင့်သူအတွက် မိတ်ကောင်းများရှိခဲ့ရင် ကိစ္စတစ်ဝက်တော့ ပြီးတာပါပဲဘုရား" တဲ့။ ထိုအခါ ဘုရားရှင်က "အာနန္ဒာ အဲဒီလိုမပြောနဲ့၊ မြတ်သောအကျင့်ကို ကျင့်သူအတွက် မိတ်ကောင်းရှိခဲ့ရင် ကိစ္စတစ်ဝက်မဟုတ်ဘူး၊ ကိစ္စအားလုံးပြီးနိုင်တယ်"လို့ မိန့်တော်မူတယ်။

ကဲ . . . ကလျာဏမိတ္တ- မိတ်ကောင်းရှိရင် မိမိတို့ကိစ္စအားလုံး ပြီးပြည့်စုံနိုင်ပါသတဲ့။ ကလျာဏမိတ္တ- မိတ်ကောင်းဆိုတာ အဲဒီလောက် အရေးပါပါတယ်။ အဲဒီလောက်အရေးကြီးပါတယ်။ မိမိတို့မှာ ကလျာဏမိတ္တမရှိခဲ့တာ နှစ်ပေါင်းများစွာ ကြာခဲ့ပါပြီ။ ယခု ကလျာဏမိတ္တရှိနေပါတယ်။ ဒါပေမယ့် သိသူဖော်စား၊ မသိသူကျော်သွားဆိုသလို တော့ရှိမှာပေ့ါ။ ဘုရားက ကောသလမင်းကြီးကို ဆက်မိန့်တယ် "မိတ်ကောင်းရှိတဲ့သူဟာ ကုသိုလ်တရားတွေကို မမေ့မလျော့နေထိုင်ခြင်း အကျင့်တရားကို ကျင့်သုံးတယ်။ ကလျာဏမိတ္တက မမေ့မလျော့နေထိုင်ကျင့်သုံးရင် နောက်လိုက်နောက်ပါအားလုံး မမေ့မလျော့နေထိုင် ကျင့်သုံးကြပါလိမ့်မယ်"တဲ့။

ဒီနေရာမှာ ကလျာဏမိတ္တ- မိတ်ကောင်းဆိုတာ ဘယ်လိုပုဂ္ဂိုလ်မျိုးလဲ။ စာမှာလာတဲ့အတိုင်း ပြောပါ့မယ်။ ကလျာဏမိတ္တ ဆိုတာ အကြောင်းတရားနဲ့ အကျိုးတရားအပေါ်ကိုသာ နှစ်နှစ်ကာကာယုံကြည်သူဖြစ်ရမယ်။ သီလနဲ့ပြည့်စုံသူ၊ ကိုယ်ကျင့်တရား ဖြူစင်သူဖြစ်ရမယ်။ ဗဟုသုတကြွယ်ဝလို့ နှံ့စပ်သိမြင်သူ၊ အမြင်ကျယ်သူဖြစ်ရမယ်။ စွန့်လွှတ်နိုင်သူ၊ ကိုယ်ကျိုးစွန့်နိုင်သူ၊ သဘောထားကြီးသူဖြစ်ရမယ်။ ကောင်းတဲ့အလုပ်ကို တစိုက်မတ်မတ်ကြိုးပမ်းအားထုတ်သူဖြစ်ရမယ်။ သတိကြီးသူဖြစ်ရမယ်။ သမာဓိအားကောင်းသူ၊ တည်ကြည်ဖြောင့်မတ်သူဖြစ်ရမယ်။ဉာဏ်ပညာနဲ့ပြည့်စုံသူ၊ အမြော်အမြင်ကြီးသူဖြစ်ရမယ်။

ကလျာဏမိတ္တဆိုတာ ချစ်ဖို့ကောင်းသူဖြစ်ရမယ်။ လေးစားဖို့ကောင်းသူဖြစ်ရမယ်။ စိတ်နှလုံးကို တိုးပွားစေသူ၊ ချစ်ခြင်း မေတ္တာကို တိုးပွားစေသူ၊ စိတ်ထားမြင့်မြတ်သူ ဖြစ်ရမယ်။ ပြောစရာရှိက ဓမ္မလမ်းကြောင်းအတိုင်း ပြောတတ်သူဖြစ်ရမယ်။ အပြောအဆိုအဝေဖန်ခံနိုင်သူဖြစ်ရမယ်။ နက်နဲသူ၊ နက်နဲတဲ့စကားမျိုးကို ပြောတတ်သူဖြစ်ရမယ်။ မဟုတ်မမှန်တဲ့ကိစ္စကို မတိုက်တွန်းတတ်သူ၊ ဟုတ်မှန်တဲ့ကိစ္စကို တိုက်တွန်းသူဖြစ်ရမယ်။ အခုဆိုခဲ့တဲ့ အချက်အလက်တွေနဲ့ အနီးစပ်ဆုံးသော ကလျာဏမိတ္တ မိမိတို့မှာ ရှိနေပါပြီ။

မိမိတို့ဟာ မိမိတို့ဘဝခရီးလမ်းအတွက် ကလျာဏမိတ္တကို မှန်မှန်ကန်ကန် ရွေးချယ်နိုင်ဖို့၊ ကလျာဏမိတ္တရှိဖို့ အထူးလို အပ်ပါတယ်။ ဒီအတွက် သမ္မာဒိဋ္ဌိ- အမြင်မှန်ဖို့၊ အသိမှန်ဖို့ လိုအပ်ပါတယ်။ သိမှသာ သိမသိကို သိနိုင်မယ်၊ မသိလျှင် သိမသိကို မသိနိုင်ဘူးတဲ့။ ဆိုလိုတာက ဗဟုသုတကြွယ်ဝ နှံ့နှံ့စပ်စပ်သိထားမှ၊ စစ်မှန်သော အသိတရားရှိမှ အမှန်တရားကို မျက်မှောက်ပြုနိုင်ပါတယ်။

ဒ့ါအပြင် ကိုယ်ကျိုးပဓာန၊ ကိုယ်ကျိုးအဓိကဆိုတဲ့ အတ္တအကျိုးစီးပွားကို ဗဟိုပြုတဲ့ အယူအဆအစွဲအလမ်းတွေကိုလည်း စွန့်ဖို့တော့လိုပါလိမ့်မယ်။ မသိလို့မဟုတ်၊ သိပါတယ်။ အဓိကကျနေတာက ကိုယ်ကျိုးပဓာန၊ ကိုယ်ကျိုးမစွန့်လွှတ်နိုင်ကြတာပါ။

ဒီနေ့လို သတင်းခေတ်ကြီးထဲမှာ အရာရာကို နှံ့စပ်သိမြင်ဖို့ လိုလာပါတယ်။ ဒီအတွက် မျက်စိကြီး၊ နားကြီးဖို့ လိုပါတယ်။ တစ်ဖက်မြင်၊ တစ်ဖက်ပိတ်၊ တစ်လမ်းသွားလုပ်နေလို့ မရတော့ပါဘူး။ နှစ်ဖက်မြင်မှ ဖြစ်ပါတော့မယ်။ အရေးကြီးတာကတော့ ကမ္ဘာကြည့်ကြည့်နိုင်မှ ဖြစ်မယ်။ နေ့စဉ် သတင်းစာဂျာနယ်တွေ စွမ်းနိုင်သလောက်တော့ ဖတ်ဖို့လိုပါတယ်။

ခေတ်မီတယ်ဆိုတာ ကမ္ဘာရွာကြီးမှာ ဖြစ်ပျက်နေတဲ့ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးစတဲ့ ယနေ့ပစ္စက္ခခေတ်မှာ ဖြစ်နေတဲ့ အချင်းရာပေါင်းစုံကို မိမိအသိဉာဏ်ဗဟုသုတက လိုက်လို့မီတာကို ပြောတာပါ။ ခေတ်မီဖို့ဆိုရင် စာများများဖတ်ဖို့ လိုပါတယ်။ စာများများဖတ်မှ ဗဟုသုတမင်္ဂလာပွားများပြီး မှန်ကန်သောအဖြေတစ်ခုကို ထုတ်နိုင်မှာဖြစ်ပါတယ်။ ဒ့ါအပြင် ကလျာဏမိတ္တအစစ်ကို ခွဲခြမ်း ဝေဖန်နိုင်စွမ်း၊ မှန်မှန်ကန်ကန် ရှာဖွေနိုင်စွမ်းရှိပါလိမ့်မယ်။

ယခု မိမိတို့မှာ ကလျာဏမိတ္တတွေ့နေပါပြီ၊ မှတပါးအခြားမရှိလေပြီ။ ။

**ကလျာဏမိတ္တဆိုတာ အကြောင်းတရားနဲ့ အကျိုးတရားအပေါ်ကိုသာ နှစ်နှစ်ကာကာ ယုံကြည်သူဖြစ်ရမယ်။ သီလနဲ့ပြည့်စုံသူ၊ ကိုယ်ကျင့်တရားဖြူစင်သူဖြစ်ရမယ်။ ဗဟုသုတကြွယ်ဝလို့ နှံ့စပ်သိမြင်သူ၊ အမြင်ကျယ်သူဖြစ်ရမယ်။**



ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ဝါးရုံကုန်းကျေးရွာရှိ မြို့နှင့် ကျေးရွာဆက်သွယ်ထားသော ရွာအဝင်လမ်းအား ရာသီမရွေးသွားလာနိုင်ရန် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ့်အားကိုယ်ကိုး စုပေါင်းသဲခင်းခြင်းလုပ်ငန်းကို ဇွန် ၂၇ ရက် ဆောင်ရွက်နေကြစဉ်။

(၅၆၈)

## လယ်ယာသုံးစွပ်ဖားများ မိုးစပါးရာသီချိန် ရောင်းအားသွက်

**ပွင့်ဖြူ ဇွန် ၃၀**

မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်သည် ကြီးအုံကြီးဝရေလှောင်တမံမှ ပို့လွှတ်သောမုန်းချောင်းရေအား မဲဇလီ ရေလွှဲဆည်မှတစ်ဆင့် တောင်မုန်းမြောင်းမကြီးနှင့် မြောက်မုန်းမြောင်းမကြီး နှစ်သွယ်မှ မြို့နယ်အတွင်း ကျေးရွာများရှိ စိုက်ဧကများစွာကို စိုက်ပျိုးရေပေးဝေလျက်ရှိရာ ယခုနှစ် မိုးရာသီ မိုးစပါးစိုက်ပျိုးတောင်သူများ လယ်ယာလုပ်ငန်းခွင်တွင် လယ်ထွန်စက်များ၏ နောက်ဘီးအဖြစ်အသုံးဝင်နေသော သစ်သားများဖြင့် ပြုလုပ်ထားသည့် စွပ်ဖားများ အရောင်းသွက်လျက်ရှိသည်။

ယင်း စွပ်ဖားများကို သရက်သား၊ ပိန္နဲသား၊ ယင်းမာသား၊ ကုက္ကိုသားတို့ဖြင့် အများဆုံး အသုံးပြုကြပြီး စွပ်ဖားပြုလုပ်ရာတွင် လက်ဆွဲစက်လွှများဖြင့် ပုံကြမ်းဖော်ယူပြီး ဓားမကိုင်ကျွမ်းကျင်သူမှ အချောပုံဖော်ပြုပြင်ပေးကြသည်။ စွပ်ဖားများ ပြုလုပ်ရောင်းချသူ ဒေးဒရဲကျေးရွာအနီးရှိ ဦးမြင့်က "စွပ်ဖားလုပ်တာက တောင်သူသုံး လယ်ထွန်စက်အမျိုးအစားနဲ့ စိုက်ကွင်းပေါ်မူတည်ပြီး လုပ်ပေးရတယ်။ အကြီး/အသေး ဆိုဒ်မျိုးစုံ လုပ်ထားတယ်။ တစ်ခုကို ငွေကျပ် ၄၅၀၀မှ ငွေကျပ်၁၂၀၀၀ ထိရှိတယ်။ ပြုလုပ်တဲ့ အသားပေါ်လည်း မူတည်ပါတယ်။ ပွင့်ဖြူက တောင်သူတွေသာမက စလင်း၊ မင်းဘူးမြို့နယ်ကပါ လာဝယ်ကြတယ်။ ရန်ကုန်၊ မှော်ဘီ၊ တိုက်ကြီးမြို့တို့ကပါ အဝေးပြေးကားတွေနဲ့ မှာယူ တင်ပို့ပေးရတာလည်းရှိတယ်" ဟုပြောသည်။

စက်မှုလယ်ယာစနစ် ကူးပြောင်းဆောင်ရွက်နေရသော်လည်း ဒေသခံတောင်သူများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဒေသနှင့် ကိုက်ညီသော စိုက်ပျိုးရေးနည်းစနစ်များကို စက်မှုလယ်ယာနှင့်လက်မှုလယ်ယာ ပူးတွဲအသုံးပြု၍ သီးနှံအထွက်နှုန်းကောင်းကာ စိုက်ပျိုးရေးလုပ်ငန်း အောင်မြင်ရေးကိုသာ ရှေးရှုလုပ်ကိုင်နေလျက်ရှိကြောင်းသိရသည်။

**သူရထွန်း(ပွင့်ဖြူ)**



## အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအား သွားရောက်ကြည့်ရှု

**နေပြည်တော် ဇွန် ၃၀**

နေပြည်တော် ဥတ္တရခရိုင်အတွင်း၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရက်(၁၀၀)အတွင်း အကောင်အထည် ဖော်ဆောင်ရွက်နေသည့် ဇေယျာသီရိမြို့နယ် ရေဆင်းကျေးရွာအုပ်စု လေသာ(တောင်)ကျေးရွာရှိ ရေဆင်းဆည်လမ်းဆုံမှ လေသာ(တောင်)လမ်း အရှည် ၁ မိုင် ၃ ဒသမ ၀၆ ဖာလုံ ကျောက်ချောလမ်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် ခေတ်အေးကျေးရွာအုပ်စု မရင်းကြီးကျေးရွာနှင့်အင်ပင်ခုံကျေးရွာ စက်ရေတွင်း(တွင်းနက်)တူးဖော်နေမှုအား ဇွန် ၂၇ ရက် နံနက်ပိုင်းက ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဝင်းမြင့်နှင့် ဝန်ထမ်းများက သွားရောက်ပြီး လုပ်ငန်းများ အချိန်မီပြီးစီးရေး၊ စံချိန်စံညွှန်းတိကျမှန်ကန်စေရေးတို့ကို အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ဥတ္တရခရိုင်အတွင်း၌ ရက်(၁၀၀)စီမံချက်အနေဖြင့် ဇေယျာသီရိမြို့နယ်တွင် ကျောက်ချောလမ်း လုပ်ငန်းတစ်ခု၊ ရေရရှိရေးလုပ်ငန်းတစ်ခု၊ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း နှစ်ခုနှင့် ပုဗ္ဗသီရိမြို့နယ်တွင် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း တစ်ခု စုစုပေါင်းလုပ်ငန်းငါးခုအား စုစုပေါင်းငွေကျပ်၁၂၄ ဒသမ ၈၇ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရွှေရဲရင့်**

## ပညာရေးကဏ္ဍလုပ်ငန်းအဖွဲ့ညှိနှိုင်းအစည်းအဝေးကျင်းပ

**တွန်းဇန် ဇွန် ၃၀**

ချင်းပြည်နယ် တွန်းဇန်မြို့ အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ဇွန် ၂၈ ရက် နံနက်ပိုင်းက ပညာရေးကဏ္ဍလုပ်ငန်းအဖွဲ့ ညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမြှင့်တင်မှု ဥက္ကဋ္ဌကိုယ်စား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ငြိမ်းက အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ တက်ရောက်လာသော အထက၊ အလက၊ ကျောင်းအုပ် ဆရာ ဆရာမများ လူမှုရေးအသင်းအဖွဲ့များက ကျောင်းပညာရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် အခြေခံပညာမူလတန်းအရည်သွေးနှင့် စီမံခန့်ခွဲမှု အလယ်တန်း၊ အထက်တန်းဆိုင်ရာ အရည်အသွေးမြှင့်တင်ရေး၊ ကျောင်းသား ကျောင်းသူများ သင်ယူမှု အခွင့်အလမ်း၊ ကျောင်းနေမြဲရေးလုပ်ငန်းများ၊ ထိရောက်သော သင်ကြားရေး၊ ကျောင်းအဆောက်အအုံနှင့် ပရိဘောဂ၊ ကျောင်းဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့် မိဘပြည်သူများ ပညာရေးဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်မှုစသည့်လုပ်ငန်းစဉ်အပေါ် အခြေခံပြီး ဆွေးနွေးခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် (မော်ကွန်း)

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန် အတွက် အပတ်စဉ် (အင်္ဂါနေ့)တိုင်း စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## သူနာပြုဘုရား၊ နို့ဖိုးဆပ်တရား




ဆရာကြီး မင်းသုဝဏ်၏ သူနာပြုဘုရား၊ နို့ဖိုးဆပ်တရား စာအုပ် ဒုတိယအကြိမ် ထွက်ရှိလာသည်။

စာအုပ်တွင် သူနာပြုဘုရား၊ နို့ဖိုးဆပ်တရား၊ ဥဒါန်းတော်၊ နေရာမြတ်လေးပါး၊ ဆရာကြီးမင်းသုဝဏ်ရွတ်ဖတ် ပူဇော်ထားသော ဘုရားရှိခိုးကျင့်ဝတ်များနှင့် သံဝေဂလင်္ကာ၊ ဗုဒ္ဓစရိတ ကဗျာကြီးနှင့် စံကျောင်းဆရာတော်ဘုရားစသည့် အခန်းပြခန်းပါရှိသည့်။

ဆရာကြီး၏ ၁၉၈၇ ခုနှစ်ဇွန်လထုတ်ပေးဖူးလွှာပါလုပ်တိုင်းသို့ကဗျာ တစ်ပုဒ်ကို မြည်းစမ်းကြည့်ပါစို့


သူကိုငါသတ်၊ ငါ့သူသတ်နှင့်
သူသတ်သည့်ပွဲ၊ လူသတ်ပွဲကို
ဆင်နွှဲ၍သာ၊ ဤကမ္ဘာသည်
ဘယ်ခါငြိမ်းချမ်းပါမည်နည်း။

**စာအုပ်ကို ခေတ်ပြစာပေတိုက် ဖုန်း ၀၉ - ၇၃၀၃၇၇၂၇၊ ၀၉ - ၅၀၇၉၆၇၈ အမှတ် (၁၃၈/၁၄၀)၊ ပထပ်(ဝဲ) (၄၉) လမ်းအထက် ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။**

## ဘဝခရီး ကိုယ့်ထီးကိုယ်ဆောင်း

ဆရာမင်းဝေနိုင်(ဟသ်ာတ)၏ ဘဝခရီး ကိုယ့်ထီးကိုယ်ဆောင်းစာအုပ်သည် ဆရာတော်များအကြောင်း ရေးသားထားခြင်းဖြစ်သည်။

စာအုပ်ဖတ်မိပြီး မိမိလည်း လောကတွင် ဘယ်ပုံဘယ်နည်း နေထိုင်မလဲဟု အတွေးစကို ရရှိစေသည်။ "စာကြည့်တိုက်လုပ်ထားတော့ စာဖတ်သူပဲလာတာ။ အရက်သမား ဖဲသမား မလာဘူးပေါ့။ အရက်ဆိုင်သွားတဲ့သူနဲ့ စာကြည့်တိုက်သွားတဲ့သူ လူတန်းစား မတူဘူးလေ" (အရှင်ဓမ္မာနန္ဒ-လပ္ပတ္တာမှ) "လက်မှတ်ထိုးတယ်ဆိုတာ စာရွက်ပေါ်မှာပြစရာသာရှိတာ။ ဘာမှလုပ်လို့ရတာ မဟုတ်ဘူး။ လက်မှတ်ထိုးကြတဲ့ လူတွေရဲ့ စိတ်ကသာ အဆုံးဖြတ်တာ။ ကတိတည် မတည်ဆိုတာစာရွက်က လုပ်တာ မဟုတ်ဘူး။ လူတွေကသာ လုပ်ကြတာ" (တောင်ငူမြို့ပြည်ကျောင်း ဆရာတော် ဘဒ္ဒန္တပညာဝံသမှ)၊ "အချစ်များလျှင် များသလောက် မငြိမ်းချမ်း။ နည်းလျှင်နည်းသလောက် ငြိမ်းချမ်းမည်" (ဒေါက်တာ ပဝရာဘိဝံသ-သရက်တောတိုင် သာသနောဒယ ဆရာတော်)၊ "တပည့်တို့ရေ. . မယားလည်းမရ တရားလည်းမရ အလကား အပယ် ကျတော့ မခံနဲ့"(ဆရာတော်ကြီး ဘဒ္ဒန္တအရိယဝံသ-အတွင်းပတ္တမြားတိုက်မှ) စသည်ဖြင့် ဖတ်စရာမှတ်သားစရာကောင်းသော စာတစ်အုပ်ဖြစ်သည်။ ကိုယ်တတ်နိုင်လုပ်နိုင်သည့်ဘက်မှ လောကကို တစ်နည်းတစ်ဖုံ အလှဆင်နေသူများဟု ဆရာမင်းဝေနိုင်(ဟသ်ာတ)က ညွှန်းဆိုထားသည်။



a&mifap;1200 uyf;eif 7777 pmayrf;Ed;onf

## သတင်းသမား မြင့်မားဂုဏ်ရည်

ဦးဟန်ညွှန့်(ဥပဒေ)ရေးသားသည့် သတင်းသမားမြင့်မားဂုဏ်ရည် ဒီမိုကရေစီနိုင်ငံတော်နှင့် စတုတ္ထမဏ္ဍိုင် သတင်းဆောင်းပါးများ စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ဆောင်းပါး ၁၀ ပုဒ်ပါရှိသည်။

သတင်းစာဆရာကြီးများ ရေးသားထားသော သတင်းစာအကြောင်းအရာ၊ သတင်းစာပညာရပ်အကြောင်းအရာ အစုကမှ အဆီ အနှစ်များကို နှိုက်နှိုက်ချွတ်ချွတ် ရှာဖွေ၍ ဖတ်ပြထားသည်။ ပြည်သူလူက သတင်းမှန်သိချင်သည်။ ပြည်သူသိချင်သော သတင်းမှန်မျိုးကို သတင်းသမားများက ကြိုးပမ်းကြရသည်။

ထို့ကြောင့် သတင်းသမားများကို ပြည်သူက ချစ်သည်။ ဂုဏ်ပြုကြသည့်အတွက် သတင်းသမားတစ်ယောက်၏ မြင့်မားဂုဏ်ရည်မှာ ပြောဖွယ်ရမရှိ။ သတင်းနှင့်မကင်းသူတိုင်း လက်မလွှတ်စတမ်း ဖတ်ရှုသင့်သည့်စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။




**စာအုပ်ကို ကောင်းသန့်စာပေ ဖုန်း ၀၁၃၈၃၄၄၃၊ အမှတ် ၂၀၉၊ ပထပ်(ယာ) ၃၈ လမ်းအထက် ရန်ကုန် မြို့မှတန်ဖိုးငွေကျပ် ၁၀၀၀ ဖြင့်ဖြန့်ချိထားသည်။**




## အင်္ဂလိပ်+မြန်မာစကားပုံနှင့် ဆိုရိုးစကားများ

ဆရာဟိန်းလတ်ရေးသားသော အင်္ဂလိပ်+မြန်မာစကားပုံနှင့် ဆိုရိုးစကားများစာအုပ်ထွက်ရှိလာပါသည်။ အင်္ဂလိပ်+မြန်မာစကားပုံနှင့် ဆိုရိုးစကားတွေကို ပိုမို နားလည်လေ့လာကျက်မှတ်နိုင်ဖို့ရာ စီစဉ်ပေးထားပါသည်။ စကားပုံများကိုလေ့လာခြင်းဖြင့် ဗဟုသုတကြွယ်ဝစေသည့်အပြင် အင်္ဂလိပ်စာပေကိုလည်း ထိထိမိမိ လေ့လာနိုင်သည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။ မိမိတို့၏ကျောင်းသင်ခန်းစာများအပြင် ပြင်ပဗဟုသုတများစွာ ရရှိစေပါသည်။ ဤစာအုပ်သည် ကျောင်းသား ကျောင်းသူများသာမက ဆရာ ဆရာမများ၊ သုတေသီများပါ လက်ကိုင်ထားသင့်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။

**ဤစာအုပ်ကို မဇ္ဈိမစာပေ အမှတ်(၂၃၇)၊ ပထမထပ်(ဝဲ) ၃၉ လမ်းအပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း ၀၁ - ၃၉၂၈၃၅၊ ၀၉ - ၅၀၅၆၈၄၃မှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိထားပါသည်။**

## သမိုင်းထဲက သက်ရှိရာဇဝင်များနှင့် တွေ့ဆုံခြင်းစာအုပ်ထွက်ရှိ

ခင်မောင်ထွေး(MNA)၏ "သမိုင်းထဲက သက်ရှိရာဇဝင်များနှင့် တွေ့ဆုံခြင်း" စာအုပ်ထွက်ရှိလာသည်။ အဆိုပါ စာအုပ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက သူရဦးတင်ဦး၊ စာရေးဆရာမသီတာ(စမ်းချောင်း)၊ ပထမအကြိမ်ပြည်သူ့လွှတ်တော် သဃ်န်းကျွန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွှန့်၊ ဝါရင့် နိုင်ငံရေးသမားကြီး ဦးသုဝေ၊ ဇဇမျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဦးကိုကိုကြီး၊ ဗိုလ်မှူးချုပ်သန်းတင်(ငြိမ်း) တို့နှင့်တွေ့ဆုံမေးမြန်းထားသည်။

"သမိုင်းထဲက သက်ရှိရာဇဝင်များနှင့် တွေ့ဆုံခြင်း" စာစုသည် စာဖတ်ပရိသတ်များ တစ်ခဏတာ ဖတ်ရှုရမည့် စာအုပ်မျိုးမဟုတ်ဘဲ သမိုင်းအကိုးအကား ပြုသူများအတွက်ပါ အထောက်အကူပြုမည့် စာအုပ်တစ်အုပ်အဖြစ် ရှုမြင်သုံးသပ်မိပါသည်"ဟု စံတော်ချိန်နေ့စဉ်သတင်းစာ အယ်ဒီတာချုပ်က အမှာစာရေးသားထားသည်။

စာဖတ်သူများနှင့် မျိုးဆက်သစ်လူငယ်များအတွက် အရေးကြီးသည့် သမိုင်းရေးရာဆိုင်ရာ အချက်အလက် မှတ်တမ်းများ ကျန်ရစ်စေရန် ဦးတည်ချက်ထားခဲ့ပြီး ထိုထိုသော ပုဂ္ဂိုလ်များ၏ ခံယူချက်၊ ရပ်တည်ချက်နှင့် အတွေးအမြင်သဘောထားများ၊ သင်ခန်းစာရယူဖွယ်၊ အတုယူဖွယ်များ၊ ပစ္စက္ခအခြေအနေများအပေါ် သုံးသပ်ချက်များ စသည်ဖြင့် အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်တို့ကို ခြုံငုံချိတ်ဆက်မိစေရန် ကြိုးပမ်းမေးမြန်း ရေးသားခဲ့ခြင်းဖြစ်ကြောင်း စာရေးသူက အမှာစာ၌ ရေးသားထားသည်။




**မဇ္ဈိမစာပေက တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ထုတ်ဝေသည်။**

## toufoe@;qyf

စာရေးသူအောင်ဇင်၏ အသက်သွေးပေးဆပ်၍ စာအုပ်တွင် မြန်မာနိုင်ငံတောင်ဘက်အစွန်း တနင်္သာရီတိုင်းဒေသကြီး၌ နေထိုင်ကြသော ဒေသခံပြည်သူတို့၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးအတွက် အသက်သွေးကြောပမာအရေးပါလှသော ရေး၊ ထားဝယ်၊ မြိတ် ကားလမ်း၏ လုံခြုံရေးနှင့် ခရီးသွားပြည်သူတို့၏ အသက်စည်းစိမ်လုံခြုံရေးအတွက် တပ်မတော်သားများသည် ဒေသခံပြည်သူတို့နှင့် ပူးပေါင်း၍ အသက်ပေးကာကွယ်စောင့်ရှောက်ခဲ့သည်ကို နောင်းလူတို့ သိရှိစေရန် ရေးသားတင်ပြထားသည်။

ထိုစဉ် ထိုအခါထိုကာလ ပြည်သူနှင့် တပ်မတော်သည် "ရေကိုသားသော် ကြားမထင်" ဆိုသကဲ့သို့ ချစ်ခင် စည်းလုံးညီညွတ်စွာ ရှိခဲ့ပုံကိုလည်းကောင်း၊ "ပြည်သူနှလုံး၊ မသိမ်းကြုံးက၊ ပြည်သူအင်အား မကိုးစားက၊ ဓားသွားသည်လည်းကြွေ၊ လှံလည်းခွေအံ့"ဟူသော စကားနှင့်အညီ တပ်မတော်သားများက ပြည်သူတို့အပေါ် အလေးအမြတ်ပြုခဲ့ကြသည်ကိုလည်းကောင်း နှစ်ထောင်းအားရပီတိဖြစ်ဖွယ်ဖတ်ရှုရမည်ဖြစ်ပေသည်။

အနာဂတ်နိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြည်သူနှင့် တပ်မတော်တို့ ချစ်ကြည်စည်းလုံးမှုရှိရန် လိုအပ်ပုံကို သင်ခန်းစာရယူနိုင်မည့် စာအုပ်ကောင်းတစ်အုပ်ဟူ၍သာ ညွှန်းလိုက်ပါရစေ။

**ရွက်စိမ်းစာပေမှထုတ်ပေပြီး စာအုပ်တန်ဖိုး ၂၅၀၀ိ/ -ကျပ်**
**ဆက်သွယ်ရန်ဖုန်း ၀၉ - ၈၆၂၈၃၃၃၊ ၀၉ - ၅၁၅၈၀၇၄**



# စက်ရေတွင်း(တွင်းနက်) တူးဖော်အောင်မြင်သောကြောင့် ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစွာရရှိ



**နေပြည်တော် ဇွန် ၃၀**

ဥတ္တရခရိုင် ဇေယျာသီရိမြို့နယ် မရင်းကြီးကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရက် ၁၀၀ အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော စက်ရေတွင်း(တွင်းနက်) တူးဖော်ခြင်းလုပ်ငန်း အောင်မြင်သောကြောင့် ဒေသခံများ သောက်သုံးရေ ဖူလုံစွာရရှိပြီဖြစ်သည်။

"ကျွန်တော်တို့ရွာမှာ အိမ်ခြေ ၃၃၂ အိမ်နှင့် လူဦးရေ ၁၁၀၅ ဦးရှိပါတယ်။ အရင်တုန်းက နွေရာသီဆိုရင် ရွာထဲမှာရှိတဲ့ လက်ငုတ်တွင်းတွေအားလုံး ရေခမ်းသွားတဲ့အတွက် သောက်သုံးရေ အခက်အခဲက အမြဲတမ်းလိုလို ရှိခဲ့ပါတယ်။ ပြီးတော့ ရေတွင်းတူးတဲ့အခါမှာလည်း ကျောက်ဖျာကြောတွေက ခံနေတဲ့အတွက် ရေတွင်းတူးရင်လည်း ပေ ၁၂၀ နဲ့ ၁၃၀ လောက်ထိပဲ တူးလို့ရပြီး ထုံးခါတ်များတဲ့ အပေါ်ရေကြောကရေကိုပဲ သုံးစွဲကြရတာပေါ့။ အခုတူးဖော်ပေးတဲ့ရေတွင်းက ရေထွက်အားလည်းအလွန်ကောင်းတယ်။ ရေမမောင်းရဘဲနဲ့ကို တစ်နာရီ ဂါလန် ၇၀ လောက် လျှံကျနေပါတယ်။ အခုဆိုရင် တစ်ရွာလုံးနီးပါး ရေကိုလုံလုံလောက်လောက် သုံးစွဲလို့ရတဲ့အတွက် တူးဖော်ပေးတဲ့ ကျေးလက်ဦးစီးဌာနကို ကျေးဇူးတင်ပါတယ်" ဟု ကျေးရွာရေကော်မတီဥက္ကဋ္ဌ ဦးသိန်းထွန်းက ပြောသည်။

ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဝင်းမြင့်ကလည်း စက်ရေတွင်းတူးဖော်ပေးခြင်းနှင့်ပတ်သက်၍ "၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရက် ၁၀၀ စီမံချက်နဲ့ မရင်းကြီးကျေးရွာမှာ စက်ရေတွင်းတွင်းနက်တစ်တွင်း တူးဖော်ပေးခဲ့ပါတယ်။ ဒီရွာမှာဆိုရင် အောက်ကကျောက်ဖျာကြောကိုပေါက်အောင် ကိုရီးယားစက်ကြီးတွေကိုငှားရမ်းပြီး ကျောက်တွေကိုဖောက်ကာ အနက်ပေ ၄၈၅ ပေအထိ တူးဖော်ပေးခဲ့ရပါတယ်။ ရေထွက်နှုန်းကတော့ တစ်နာရီကို ဂါလန် ၁၅၀၀ လောက်ရှိပြီးတော့ Pump မမောင်းတဲ့အချိန်မှာ ထုတ်ပေးထားတဲ့ Over Pipe အသေးကနေ တစ်နာရီကို ဂါလန် ၇၀ နှုန်းလောက် ထွက်ရှိပါတယ်။ အခုလို ရေတကယ်ရှားပါးတဲ့ကျေးရွာမှာ သောက်သုံးရေလုံလောက်တဲ့အပြင် ပေါပေါများများဖြစ်သွားတော့ ကျွန်တော်တို့လည်း ပီတိဖြစ်ရပါတယ်" ဟု ပြောသည်။

**ရွှေရဲရင့်**

# ပြင်းထန်အဆုတ်ရောင်ရောဂါပိုးကာကွယ်ဆေး(PCV10) ထိုးနှံပေးမည်

**ဘားအံ ဇွန် ၃၀**

ပြင်းထန်အဆုတ်ရောင်ရောဂါပိုးကာကွယ်ဆေး (PCV10 ) ကို ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၇ မြို့နယ်၊ ရပ်ကွက် ၅၀၊ ကျေးရွာ ၁၈၆၄ ရွာတို့မှ တစ်နှစ်အောက် ကလေးငယ်များအား ဇူလိုင် ၁ ရက်မှစ၍ ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် ထည့်သွင်းထိုးနှံသွားမည်ဖြစ်ကြောင်း ဇွန် ၂၈ ရက် နံနက် ၁၁ နာရီက ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံး၌ ပြုလုပ်သည့် ပြည်နယ်အဆင့် အသိပေးဆွေးနွေးပွဲမှ သိရသည်။

ယင်းဆွေးနွေးပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က တက်ရောက်အမှာစကားပြောပြီး ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းမင်းက ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် ကာကွယ်ဆေးသစ်အဖြစ် ထည့်သွင်းထိုးနှံမည့် ပြင်းထန်အဆုတ်ရောင်ရောဂါပိုးကာကွယ်ဆေး (PCV) အကြောင်းရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် ဆွေးနွေးပွဲသို့တက်ရောက်လာကြသော ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်ဌေးဌေးဝင်း၊ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဇာနီဝင်း၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာန ဒုတိယပြည်နယ်မှူး ဒေါက်တာကျော်စွာဝင်းနှင့် ဒေါက်တာမာတာတို့က ပြင်းထန်အဆုတ်ရောင်ရောဂါပိုးကာကွယ်ဆေးနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံ၌ ၂၀၁၃ ခုနှစ်တွင် နိုင်ငံအဝန်းပြုလုပ်ခဲ့သော ငါးနှစ်အောက်ကလေးသေဆုံးမှုအကြောင်းရင်း လေ့လာမှုအရ အသက်ရှူလမ်းကြောင်းရောဂါပိုးဝင်ခြင်းနှင့် ပြင်းထန်အဆုတ်ရောင်ရောဂါကြောင့် သေဆုံးမှုသည် ၁၂ ရာခိုင်နှုန်းရှိသည်ဟု သိရှိရပြီး ယခုအသုံးပြုသည့် (PCV10) သည် အဖြစ်များသော Streptococcus Pneumoniae (Pneumococcus) ဘက်တီးရီးယားပိုး အမျိုးအစားကွဲ ၁၀ မျိုးကြောင့်ဖြစ်သော ရောဂါများကို ကာကွယ်နိုင်ကြောင်းနှင့် လာမည့်နှစ်တွင် ဘက်တီးရီးယားပိုးအမျိုးအစားကွဲ ၁၃ မျိုးထိ ကာကွယ်နိုင်သော (PCV13) ကို ပြောင်းလဲသုံးစွဲမည်ဖြစ်ကြောင်း သိရသည်။

(PCV) သည် သီးသန့်တစ်မျိုးတည်းဖြစ်စေ၊ အခြားကာကွယ်ဆေးနှင့်အတူ ပေးလျှင်ဖြစ်စေ စိတ်ချရ၍ အန္တရာယ်ကင်းသောကာကွယ်ဆေးဖြစ်ပြီး ကာကွယ်ဆေးထိုးသောနေရာတွင် နီခြင်း၊ နာခြင်း၊ ခေတ္တဖျားနာခြင်း စသည့်နောက်ဆက်တွဲတုန့်ပြန်မှုများ ဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

(PCV) သည် WHO အသိအမှတ်ပြု ကာကွယ်ဆေးဖြစ်ပြီး တာရှည်ခံရန်ထိန်းသိမ်းပစ္စည်း မပါဝင်သော နှစ်ယောက်စာ အရည်ပုလင်းဖြစ်သည်။ ကလေးတစ်ဦးအတွက် ကန်ဒေါ်လာ ၃ ဒသမ ၀၅ ဒေါ်လာ ကုန်ကျမည်ဖြစ်ပြီး တစ်နှစ်အောက်ကလေးငယ်များကို ၃ ကြိမ်ထိုးနှံပေးရမည်ဖြစ်ကာ ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် အသက်နှစ်လ၊ လေးလနှင့် ခြောက်လတို့တွင် ထိုးနှံရမည်ဖြစ်သည်။

ဇူလိုင်လတွင် ပထမအကြိမ်ကာကွယ်ဆေးထိုးရန်လာရောက်သော နှစ်လအရွယ် ကလေးများကို ကာကွယ်ဆေးထိုးပေးမည်ဖြစ်ပြီး ကလေးအသက်နှစ်လကျော်သော်လည်း ကာကွယ်ဆေးထိုးပေးသွားမည်ဖြစ်သည်။ ဇူလိုင်လတွင် ဒုတိယအကြိမ်နှင့် တတိယအကြိမ် ကာကွယ်ဆေးထိုးရန် လာရောက်မည့် လေးလနှင့် ခြောက်လအရွယ် ကလေးများကို ကာကွယ်ဆေးထိုးပေးမည်မဟုတ်ကြောင်း သိရသည်။

ပြည်နယ်အတွင်းကာကွယ်ဆေးထိုးနှံခြင်းကို ဝေးလံခေါင်ဖျားသည့် ကျေးရွာများမှ ကလေးများ၊ အထူးဒေသများမှ ကလေးများကိုပါ မကျန်စေရန်အတွက် စီမံချက်အဆင့်ဆင့်ရေးဆွဲ၍ ကျန်းမာရေးဝန်ထမ်းအဆင့်ဆင့်နှင့် နှီးနွှယ်ဆက်စပ်သောအဖွဲ့အစည်းများ ပါဝင်သော အစုအဖွဲ့ပေါင်း ၆၁၀ ဖွဲ့တို့က အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

ပြင်းထန်အဆုတ်ရောင်ရောဂါပိုးကာကွယ်ဆေး (PCV) ကာကွယ်ဆေးသစ်ထည့်သွင်းထိုးနှံခြင်းလုပ်ငန်းကို ၂၀၁၆ ခုနှစ် ဇူလိုင် ၁ ရက်တွင် စတင်မည်ဖြစ်ပြီး ပြည်နယ်အတွင်းရှိ ကလေးများအားလုံးအတွက် ကာကွယ်ဆေးအားလုံးကို အခမဲ့ထိုးနှံတိုက်ကျွေးမည်ဖြစ်၍ မိဘပြည်သူများ၏ ရင်သွေးငယ်များကို ကာကွယ်ဆေးထိုးပေးသည့် နေရာများသို့ မပျက်မကွက်ခေါ်ဆောင်လာကြရန် ပြည်နယ်ကျန်းမာရေးဦးစီးဌာနနှင့် နှီးနွှယ်ဆက်စပ်သောအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များမှ နှိုးဆော်တိုက်တွန်းလျက်ရှိကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ကျိုက်ထိုမြို့၌ပိဋကတ်သုံးပုံ ကလပ်တော်ဖွင့်ပွဲ ကျင်းပ

**ကျိုက်ထို ဇွန် ၃၀**

ကျိုက်ထိုမြို့၌ ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ သင်္ကေတအမှတ်အသားအဖြစ် အဘိဓမ္မာပိဋကတ်တော်သုံးပုံအညွှန်း ကလပ်တော်ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၈ ရက် နံနက် ၉ နာရီ ၉ မိနစ် ၉ စက္ကန့်တွင် ရန်ကုန်-မော်လမြိုင်ကားလမ်းပေါ် ကျိုက်ထီးရိုးပြတိုက်ရှေ့ရှိ ကလပ်တော်ရှေ့၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆိုပူဇော်ပြီး အခမ်းအနားမှူးဦးနိုင်ဝင်းက အခုလို ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ သင်္ကေတအမှတ်အသားအဖြစ် သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာပိဋကတ်တော် ကလပ်ပုံစံငယ်ကို လမ်းလယ်ကျွန်း၌ တည်ဆောက်ရခြင်းမှာ ခရီးသွားပြည်သူများ ဖူးမြော်ရခြင်းကြောင့် ဘေးအန္တရာယ်ကင်းစေရန်နှင့် အမျိုးဘာသာသာသနာတော်၏ဂုဏ်ကို မြှင့်တင်စေရန်ရည်သန်၍ ကျိုက်ထိုမြို့နယ် တိပိဋကနိကာယ သာသနာပြုအဖွဲ့နှင့် မြို့နယ်ဓမ္မာမက ဝိသာခါအဖွဲ့တို့မှ ပူးပေါင်းလှူဒါန်းပူဇော်ခြင်းဖြစ်ကြောင်းကိုပြောကြားခဲ့သည်။

ယင်းနောက် ကျိုက်ထိုမြို့နယ် မင်းကွန်းတိပိဋကနိကာယသာသနာပြုအဖွဲ့ နိုင်ငံတော် သြဝါဒါစရိယ အောင်သပြေဗောဓိကိုးထောင်ကျောင်းဆရာတော်ဘဒ္ဒန္တပဏ္ဍိစ္စ၊ မြို့နယ်မင်းကွန်းတိပိဋကနိကာယသာသနာပြု ဥပဋ္ဌာကအဖွဲ့နာယက ဂူကျောင်းဆရာတော်ဘဒ္ဒန္တမင်္ဂလ၊ မြို့နယ်ဓမ္မာမကနာယကဦးစံမြင့်နှင့် ဦးသန့်ဇင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အမွှေးနံ့သာရည်များပက်ဖျန်းခဲ့ကြသည်။

ယင်းနောက် ဗုဒ္ဓ သာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **သန်းသန်းမော်**

## ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေး ကွင်းဆင်းစစ်ဆေး

**အိမ်မဲ ဇွန် ၃၀**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်ကျန်းမာရေးဦးစီးဌာနက အ. ထ. က အိမ်မဲကျောင်းတွင် ဇွန် ၂၈ ရက်က ကျောင်းသား၊ ကျောင်းသူများ ကျန်းမာရေးစစ်ဆေးမှုများဆောင်ရွက်ခြင်း၊ ကျန်းမာရေးမကောင်းသော ကျောင်းသား၊ ကျောင်းသူများအား ဆေးကုသပေးခြင်းနှင့် ကျောင်းတွင်းရောင်းချလျက်ရှိသော မုန့်ဆိုင်များတွင် အစားအစာများ သန့်ရှင်းမှုစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါကျောင်းကျန်းမာရေးစစ်ဆေးစောင့်ရှောက်မှုလုပ်ငန်းဆောင်ရွက်မှုများကို ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ပညာရေးဦးစီးဌာမှ ဆရာ၊ ဆရာမများနှင့် ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများက ပူးပေါင်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းဆိုင်ရာအလုပ်ရုံဆွေးနွေး

**မုံရွာ ဇွန် ၃၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ ကြီးမှူး၍ လုံခြုံစိတ်ချရမှုမရှိသော စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများအတွက် ပညာပေးခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များမှ လုံခြုံစိတ်ချပြီး အရည်အသွေးပြည့်မီကောင်းမွန်သော ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်းဖြင့် စားသုံးသူပြည်သူများကို အကာအကွယ်ပေးနိုင်ရန် ရည်ရွယ်၍ စားသုံးသူအကာအကွယ်ပေးရေး ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၂၈ ရက် နံနက် ၉ နာရီက မုံရွာစက်မှုဇုန်ခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းဟာ တစ်မျိုးသားလုံး တစ်နိုင်ငံလုံးနှင့် သက်ဆိုင်သည့်လုပ်ငန်းဖြစ်ပြီး အမျိုးသားအကျိုးစီးပွားအတွက် အရေးပါလှသည့် လုပ်ငန်းတစ်ရပ်ဖြစ်ပြီး စားသုံးသူအငြင်းပွားမှု ကိစ္စရပ်များကို ဥပဒေဘောင်အတွင်း ဖြေရှင်းသွားမည်ဖြစ်ကြောင်း၊ ပူးပေါင်းအဖွဲ့များဖြင့် သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်များရှိ ဈေးများတွင် FDA မှ စားသုံးရန်မသင့်ဟု တရားဝင်ကြေညာထားသော အစားအသောက်၊ ဆေးဝါးနှင့် လူသုံးကုန်ပစ္စည်းများ ရောင်းချခြင်း ရှိ-မရှိ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးအတွင်း အသိပညာပေးဟောပြောပွဲများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ယနေ့အထိ နေရာပေါင်း ၁၈၀၀ ကျော်ကို ကွင်းဆင်းဆောင်ရွက်နိုင်ခဲ့ကြောင်း၊ စားသုံးသူတွေအတွက်လည်း စားသုံးသူဆိုင်ရာ အခွင့်အလမ်းများ ရရှိခံစားနိုင်မှာဖြစ်သလို စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့်လည်း စံချိန်စံညွှန်းပြည့်မီသည့် ကုန်ပစ္စည်းတွေကို ထုတ်လုပ်ရောင်းချခြင်းဖြင့် ဈေးကွက်ယှဉ်ပြိုင်မှုစွမ်းအား မြင့်မားပြီး ဈေးကွက်ဝေစု ပိုမိုတိုးမြှင့်ရရှိနိုင်မှာဖြစ်သောကြောင့် စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများကို အားလုံးဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း တိုင်းဒေသကြီး စားသုံးသူ ရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးခင်ဇော်က ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာ ကိုယ်စားလှယ်များ၊ လုပ်ငန်းရှင်များအစုအဖွဲ့မှ ကိုယ်စားလှယ်များမှ စားသုံးသူဆိုင်ရာ အထွေထွေကိစ္စရပ်များကို အကြံပြုရှင်းလင်းဆွေးနွေးကြပြီး ရှေ့လုပ်ငန်းစဉ်များ ချမှတ်ကာ အလုပ်ရုံဆွေးနွေးပွဲ ဆုံးဖြတ်ချက်နှင့် ရလဒ်များကို ဖော်ထုတ်ခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှူးများနှင့် ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)မှ တာဝန်ရှိသူများ၊ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**

## အိမ်မဲမြို့နယ်တွင် တိရစ္ဆာန်များ၏ အာဟာရဗေဒ သင်တန်းဖွင့်

**အိမ်မဲ ဇွန် ၃၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကျေးရွာရှိပြည်သူများ အကျိုးရှိစွာအသုံးပြုနိုင်ရန် တိရစ္ဆာန်များ၏ အာဟာရဗေဒ သင်တန်းကို ဇွန် ၂၈ ရက်က အိမ်မဲမြို့မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံးခန်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် အိမ်မဲမြို့ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါက်တာယုလှိုင်နှင်း၊ ဒေါက်တာချောစိမ့်စိမ့်ထွန်းနှင့် ဒေါက်တာဖူးပွင့်ကုံ့ကော်ခင်တို့က တိရစ္ဆာန်များ၏အာဟာရနှင့်ပတ်သက်သည့်အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး သင်တန်းကို သင်တန်းသား ၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# အထက်ချင်းတွင်းဒေသသို့ ပြေးဆွဲလျက်ရှိသည့် ခရီးသည်တင် အမြန်ရေယာဉ်လိုင်းများ လတ်တလောကာလတွင် ခရီးသည်ရရှိမှုနည်းပါးနေ

**မုံရွာ ဇွန် ၃၀**
စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့သည် အထက်ချင်းတွင်းဒေသနှင့် အနယ်နယ်အရပ်သို့ ကုန်စည်ကူးသန်းဖလှယ်ရာ ကြားခံမြို့ကြီးတစ်မြို့ဖြစ်ပြီး မုံရွာဆိပ်ကမ်းမှ အထက်ချင်းတွင်းဒေသများသို့ နေ့စဉ်ပြေးဆွဲနေသည့်ခရီးသည်တင်အမြန်ရေယာဉ်များ လတ်တလောကာလတွင်ခရီးသည်ရရှိမှု နည်းပါးလျက်ရှိကြောင်း အမြန်ရေယာဉ်မောင်းသူတစ်ဦးထံမှ သိရသည်။

"လတ်တလောကာလမှာ ခရီးသည်ရရှိမှု သိသိသာသာလျော့နည်းနေပါတယ်။ အရင်တုန်းကတော့ မိုးတွင်းကာလမှာဆိုရင် အထက်ချင်းတွင်းဒေသကိုသွားရင် ရေလမ်းတစ်ခုကိုပဲ အားကိုးပြီး သွားလာကြတော့ ခရီးသည်ရရှိမှုများပြားပါတယ်။

ယခုကာလမှာကြတော့ လမ်းပမ်းဆက်သွယ်ရေးတွေကောင်းမွန်လာတဲ့အတွက် ခရီးသည်တော်တော်များများက ကုန်းလမ်းကနေ မော်တော်ကားနဲ့ပဲ လူရောကုန်ပစ္စည်းရောပါ ကူးလူးဆက်သွယ်လာကြတော့ ရေလမ်းကသွားတဲ့ခရီးသည် နည်းပါးလာပါတယ်။ မုံရွာမြို့ကနေ အထက်ချင်းတွင်းဒေသက မြို့ကြီးတွေဖြစ်တဲ့ မော်လိုက်၊ ဖောင်းပြင်၊ ဟုမ္မလင်းအထိတိုက်ရိုက် ကားတွေနဲ့ပဲ အများစုသွားလာကြသလို နောက်တစ်ခုက ခန္တီးတိုက်ရိုက်ပြေးတဲ့လိုင်းတွေပါရပ်သွားတော့ ခရီးသည်အလာ နည်းနည်းကျသွားတယ်"ဟု ရေယာဉ်အသင်းတစ်ခုမှ ကိုယ်စားလှယ်တစ်ဦးက ပြောသည်။

ယခုကာလတွင် ခရီးသည်လိုက်ပါမှုနည်းသော်လည်း ချင်းတွင်းမြစ်အတွင်းတွင် မုံရွာမြို့မှ အထက်ချင်းတွင်းဒေသများသို့ ကုန်တင်အမြန်ရေယာဉ်နှင့် လူစီးအမြန်ရေယာဉ်များကို အစုန်၊ အဆန် နေ့စဉ်၊ အပတ်စဉ်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။



(ဖိုးချမ်း-မုံရွာ)

# စစ်ကိုင်းတိုင်းဒေသကြီး ကျေးရွာ ၁၅၈ ရွာကို မြစိမ်းရောင် ကျေးရွာအဖြစ်သတ်မှတ်၍ ၂၀၁၆–၂၀၁၇ ဘဏ္ဍာနှစ်အတွက် ရန်ပုံငွေများ ထုတ်ချေး

**စစ်ကိုင်း ဇွန် ၃၀**
စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းကို တစ်ယူနစ်လျှင် ကျပ်သိန်းသုံးရာနှုန်းဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် မြို့နယ်ပေါင်း ၃၀ မှ ယူနစ်ပေါင်း ၁၄၀၊ ကျေးရွာပေါင်း ၁၅၈ ရွာကိုရွေးချယ်ကာ ကျေးရွာမြစိမ်းရောင်ကော်မတီများဖွဲ့စည်းပြီး မြစိမ်းရောင်ရန်ပုံငွေဆင့်ပွားသင်တန်းများပို့ချပြီးသည်နှင့်ရန်ပုံငွေကျပ်သိန်းသုံးရာစီကို ပေးအပ်သွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (မြစိမ်းရောင်ကျေးရွာစီမံကိန်း)တာဝန်ရှိသူထံမှ သိရသည်။

'စစ်ကိုင်းတိုင်းဒေသကြီးမှာ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို တစ်ယူနစ်ကျပ် သိန်းသုံးရာနဲ့ ၂၀၁၄-၂၀၁၅ ခုက ၁၄၄ ယူနစ် ကျေးရွာ ၁၆၃ ရွာ ၂၀၁၅ - ၂၀၁၆ ခုမှာ ၃၄၉ ယူနစ်ကျေးရွာ ၃၈၀ နဲ့ အခု၂၀၁၆ - ၂၀၁၇ မှာ ယူနစ် ၁၄၀ ကျေးရွာ ၁၅၈ ရွာ စုစုပေါင်း ၆၃၃ ယူနစ်ကျေးရွာပေါင်း ၇၀၁ ရွာမှာ အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။ ၂၀၁၄ - ၂၀၁၅ ခုနှစ် အတိုးရငွေဟာ ကျပ် ၅၂၄ ဒသမ ၄၉၄၇၁ သန်း ၂၀၁၅ - ၂၀၁၆ ခုနှစ် အတိုးရငွေဟာ ၁၀၃၀ ဒသမ ၈၁၉၁၅၅ သန်း၊ ၂၀၁၆ ခုဧပြီလအထိ အတိုးရငွေဟာ ကျပ် ၁၇၀၄ ဒသမ ၀၀၁၈၉၉ သန်း ရရှိပြီးဖြစ်ပါတယ်။ အဲဒီ အတိုးရငွေတွေကိုပြန်လည်ထုတ်ချေးနေတဲ့အတွက် ၂၀၁၆ ခုနှစ်ဧပြီလအထိ လုပ်ငန်းအမျိုးအစားအလိုက်ထုတ်ချေးရာမှာ စိုက်ပျိုးရေးလုပ်ငန်းမှာ ၃၄၅၄၄ ဦး၊ မွေးမြူရေးလုပ်ငန်းမှာ ၂၇၆၃၁ ဦး၊ မီးလင်းရေးလုပ်ငန်းမှာ ၅၁၀၊ ရေပေးရေး လုပ်ငန်းမှာ ၃၇၉ ဦး၊ အရောင်းအဝယ်လုပ်ငန်းမှာ ၄၇၈၈ ဦး၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းမှာ ၂၆၀၁ ဦးနဲ့ ကုန်ထုတ်လုပ်ငန်းမှာ ၁၅၂၅ ဦး စုစုပေါင်း ၇၁၉၇၈ ဦးကိုကျပ် ၁၅၆၇၃ ဒသမ ၃၇၇၇၂၈ သန်းထုတ်ချေးထားပါတယ်' ဟု မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ရှိသူက ပြောသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှ စတင်၍ ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၄ ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတစ်ခု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသငါးခုတို့ရှိ ခရိုင် ၇၀၊ မြို့နယ် ပေါင်း ၂၈၀၊ မြို့ပေါင်း ၁၁ မြို့အတွင်း ရှိကျေးရွာပေါင်း ၁၄၅၀ ကိုရွေးချယ်အကောင်အထည်ဖော်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာပေါင်း ၃၀၀၀ ကို ရွေးချယ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

မြစိမ်းရောင်ကျေးရွာကို ရွေးချယ်ရာတွင် ဆင်းရဲသောကျေးရွာဖြစ်ရမည်ဖြစ်သလို မွေးမြူရေး(သို့) စိုက်ပျိုးရေး အကောင်အထည်ဖော်နိုင်မှုရှိရမည်ဖြစ်ပြီး အရက်ပုန်း၊ လောင်းကစား၊ မူးယစ်ဆေးကင်းစင်သည့် ဥပဒေစိုးမိုးသောကျေးရွာဖြစ်ရမည်ဖြစ်သည်။ ယင်းအပြင်ကျေးရွာနေပြည်သူများ၏ စိတ်အားထက်သန်မှု၊ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့ကာ နယ်မြေလုံခြုံတည်ငြိမ်အေးချမ်းသည့်ကျေးရွာဖြစ်ကာ အိမ်ခြေအနည်းဆုံး ၈၀ နှင့်အထက်ရှိသော ကျေးရွာဖြစ်ရမည်ဖြစ်သည်။

အကယ်၍အိမ်ခြေ ၈၀ အောက်လျော့နည်းပါက အုပ်ချုပ်မှုလွယ်ကူသည့် နီးစပ်ရာကျေးရွာများနှင့် ပေါင်းစပ်ဖွဲ့စည်းရမည်ဖြစ်ကြောင်း၊ မြစိမ်းရောင်ကျေးရွာကို ရွေးချယ်ရာတွင်ရွေးချယ်ရေး ဦးဆောင်အဖွဲ့မှ ရွေးချယ်သည့်စနစ်အစား သက်ဆိုင်သူအားလုံးပါဝင်ရွေးချယ်သည့်စနစ်ဖြင့် ရွေးချယ်ခြင်းဖြစ်ကြောင်းသိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

# လူကုန်ကူးမှုတားဆီးကာကွယ်ရေးပညာပေးဟောပြော

**ဟိုပန် ဇွန် ၃၀**
မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့သည် ပြည်သူများ လူကုန်ကူးခံရမှုအန္တရာယ်မှ ကင်းဝေးစေရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဇွန် ၂၃ ရက် နံနက် ၉ နာရီခွဲက ဟိုပန်မြို့၊ အခြေခံပညာအထက်တန်းကျောင်း စာသမဟာခန်းမ၌ အသိပညာပေးဟောပြောပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဟိုပန်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးသီဟန်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ အမှတ် (၁၇) တပ်ဖွဲ့စု တပ်ဖွဲ့စိတ်(၂) ချင်းရွှေဟော်တပ်ဖွဲ့စိတ်မှူး ရဲအုပ်ဇော်ဝင်းမြင့်၊ တပ်ဖွဲ့စိတ်(၂)မှ ရဲအုပ်ကျော်သူရတို့က လူကုန်ကူးမှု စတင်ဖြစ်ပေါ်လာပုံသမိုင်းကြောင်း၊ မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးကြိုးပမ်း ဆောင်ရွက်နေမှုများ လူကုန်ကူးခံရသူများ၏ ဆိုးရွားစွာကြုံတွေ့ရမှု၊ ခါးသီးသောအတွေ့အကြုံဖြစ်စဉ်မှန်များ၊ အခြားနိုင်ငံများသို့ ရွှေ့ပြောင်းသွားရောက်အလုပ်လုပ်ကိုင်ရာမှ လူကုန်ကူးခံရသည့် ဖြစ်စဉ်အမှန်များ၊ အဓမ္မလက်ထပ်ထိမ်းမြားခြင်းနှင့်ပြည့်တန်ဆာပြုခြင်း စသောလူကုန်ကူးခံရမှုဖြစ်စဉ်များ၊ လူကုန်ကူးမှုပပျောက်ရေးအတွက် အများပြည်သူများ ပူးပေါင်းပါဝင်ကူညီသင့်ပုံစသည့် အကြောင်းအရာများကို အသိပညာပေးဟောပြောခဲ့သည်။

ယင်းနောက် တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအား လူကုန်ကူးမှုဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ခရိုင်ပြန်/ဆက်

# ရက် ၁၀၀ စီမံချက်ဖြင့် ညောင်ကန်ကျေးရွာသို့ မြေငှားဂရန်များ ထုတ်ပေးနိုင်ရေးကွင်းဆင်း ဆောင်ရွက်

**ပုလဲ ဇွန် ၃၀**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် ညောင်ကန်ကျေးရွာရှိ ပြည်သူများအား ပြည်သူ့အတွက် ရက် ၁၀၀ စီမံချက်ဖြင့် မြေငှားဂရန်များ ထုတ်ပေးနိုင်ရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်သူရသည် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဝန်ထမ်းများနှင့်အတူ ဇွန် ၂၇ ရက် နံနက် ၉ နာရီက ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပုလဲမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယဦးစီးမှူး ဦးကျော်သူရက "အများပြည်သူတို့ရဲ့ အခြေခံလိုအပ်ချက်တွေ အဆင်ပြေချောမွေ့စေရေးကိုရှေးရှုပြီး ဝန်ကြီးဌာနအသီးသီးရှိ ဌာနများအလိုက် ရက် ၁၀၀ အတွင်း ပြည်သူလူထုအတွက် ဆောင်ရွက်ပေးနိုင်မယ့်လုပ်ငန်းစဉ်များနဲ့ ဝန်ဆောင်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရေး ဆောင်ရွက်ပေးနေသလို ကျွန်တော်တို့မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေနဲ့ ညောင်ကန်ကျေးရွာရှိ မူလကျေးရွာမြေဧရိယာ ၁၀ ဒသမ ၇၂ ဧကထဲမှ အိမ်ခြေ ၆၈ အိမ်ကို မြေငှားဂရန်များ ထုတ်ပေးနိုင်ရေးအတွက် ကျေးရွာမြေငှားဂရန်အမှုတွဲများကို ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်" ဟု ပြောသည်။

အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေပေါ်တွင် နေထိုင်ကြသောပြည်သူများ အနေဖြင့် မြေငှားဂရန်ရရှိပါက လူနေထိုင်မှုခိုင်မာခြင်း၊ပိုင်ဆိုင်မှု ခိုင်မာခြင်း၊ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန်နှင့် စက်မှုလုပ်ငန်းများ လုပ်ကိုင်ရန်အတွက် အတိုးနှုန်းသက်သာစွာဖြင့် ဘဏ်များမှ အရင်းအနှီး ချေးငွေများ ချေးယူနိုင်ခြင်း၊ ပညာရေး၊ ကျန်းမာရေးကိစ္စရပ်များ အောင်မြင်စွာဆောင်ရွက်နိုင်ခြင်းနှင့် လူမှုစီးပွားဘဝ တိုးတက်လာမည်ဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၏ပြောပြချက်အရ သိရသည်။ မြို့နယ်ပြန်/ဆက်

# ဆေးဝါးအတုများနှင့် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများရောင်းချခြင်း ရှိ၊ မရှိ ရှောင်တခင်စစ်ဆေး

**တံတားဦး ဇွန် ၃၀**
ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ်အတွင်း ဆေးဝါးအတုများနှင့် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ ရောင်းချခြင်း မရှိစေရန်အတွက် ဆေးဝါးအတုများ တိုက်ဖျက်ရေးဆိုင်ရာ မြို့နယ်အဆင့် ကွင်းဆင်းဆောင်ရွက်ရေးအဖွဲ့က တံတားဦးမြို့ပေါ်ရှိ ဆေးဝါးအရောင်းဆိုင်များကို ဇွန် ၂၈ ရက် နံနက်ပိုင်းက ရှောင်တခင်ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

ယင်းနေ့က တံတားဦးမြို့နယ်အတွင်း ဆေးဝါးအတုများနှင့် မှတ်ပုံတင်ထားခြင်းမရှိသောဆေးဝါးများရောင်းချခြင်း ရှိ မရှိ စစ်ဆေးရာတွင် တံတားဦးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတိုးလွင် ဦးဆောင်၍ မြို့မရဲစခန်းမှူး ဒုရဲမှူး အောင်သိန်းကျော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများပါဝင်သော မြို့နယ်အဆင့် ကွင်းဆင်းဆောင်ရွက်ရေးအဖွဲ့ဝင်များက မြို့ပေါ်ရှိ ဆေးဝါးအရောင်းဆိုင်များကို လှည့်လည်စစ်ဆေး၍ ဆိုင်ပိုင်ရှင်များအား ဆေးဝါးအတုများနှင့် မှတ်ပုံတင်ထားခြင်းမရှိသောဆေးဝါးများ ရောင်းချခြင်းမပြုရန် အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည် ။

ရဲတင့်



ကြော်ငြာ


# ဦးအောင်အောင်

B.A Econ; MPA; ACCA Part(II); D.A(UK); Dip in Stats;DMAc

LCCI International Qualifications

Approved Centre

Level - I + II, III 10%Discount

Level - I+II

| | | | |
|---|---|---|---|
| (A) | SAT 7:00 - 8:30am SUN 25.6.2016 | (D) | THU 6:00 - 8:00pm FRI 7.7.2016 |
| (B) | THU 9:30 - 12:00am FRI 30.6.2016 | (E) | MON 7:00 - 8:30am TUE / WED 11.7.2016 |
| (C) | SUN 2:00 - 5:00pm 3.7.2016 | (F) | MON 4:00 - 6:00pm TUE 18.7.2016 |

Level- III (A) (3.7. 2016)
A/C IAS (SUN 9:00 - 12:00)
CMA (SUN 12:30 - 3:30)
ABC (SUN 3:30 - 5:30)

Level- III (B) (6.7. 2016)
A/C IAS (TUE, WED 9:30-11:30)
CMA (MON, TUE, WED 12:00 - 2:00)
ABC (MON 9:30 -11:30)

Level- III (C) (11.7. 2016)
A/C IAS (TUE, WED 6:00-8:00 pm)
CMA (THU, FRI, SAT 6:00-8:00pm)
ABC (MON 6:00 -8:00 pm)

၂၃၉၊ (တ)ထပ်၊ ဘားလမ်း ကျောက်တံတား၊ ရန်ကုန်။
095103002, 0978 5103002

STRATEGY FIRST

own BUSINESS management

သင့်လုပ်ငန်းကို စနစ်တကျ စီမံခန့်ခွဲနိုင်ဖို့ နည်းလမ်းကောင်းများ ရှာဖွေပါ။

မိရိုးဖလာ စီမံခန့်ခွဲမှုနှင့် မလုံလောက်တော့သော ကိုယ်ပိုင်လုပ်ငန်းရှင်များအတွက်

Certificate in Own Business Management (OBM) Level 2
Manage your business (57 hrs) Batch 13

သင်ကြားပေးမည့် ဘာသာရပ်ခေါင်းစဉ်များ

1. Principles of Management
Lecturer: Daw Aye Aye Win
2. Managing Finance
Lecturer: Daw Htay Htay Myint
3. Managing the Markets
Lecturer: U Aung Chit Khin
4. Managing Manufacturing & Operations
Lecturer: Daw Aye Aye Win
5. Managing Human Resource
Lecturer: Dr. Daw Ohnmar Myint



Schedule
Wed, Thu, Fri, Sat (9:00 am to 12:00 pm) and
Sat ( 1:00 pm to 4:00 pm ) 6 July to 30 July 2016
Fees - 275,000 Ks

ဇူလိုင်လ (၆) ရက်နေ့စမည်။

#8, Ground Floor, Panchan Tower, Myaynigone, San Chaung Township, Yangon.
# 289, Pyay Road (Near Myaynigone City Mart), San Chaung Township, Yangon, Myanmar

CALL NOW: (09) 250 7171 66 ~ 68

အပျိုစင်လို ဝင်းပစို နုပျိုလင်းလက် အမျိုးသမီးတိုင်းအတွက်. . .

ယမင်းပျို အမှတ်တံဆိပ်

ရာသီမှန် သွေးသန့်မီးယပ်ဆေး

မီးယပ်မမှန်၊ ထိန်၊ ကျန်၊ ချုပ်၊ ၄ုပ်ဖြစ်ခြင်း၊ ရက်ကျော်၊ လကျော်၊ နှစ်ကျော်ဖြစ်ခြင်း၊ ရာသီသွေးပေါ်ခါနီးနှင့် ဖြစ်ပေါ်ဆဲအချိန်အခါများတွင် ခါး၊ ရင်၊ ဆီးစပ်များ ကိုက်ခဲနာကျင်ခြင်း၊ သွေးဆင်းမှုနည်းခြင်း၊ သွေးလုပ်ကျန်ခြင်း၊ သွေးမသန့်ခြင်း၊ အသားအရေယားယံခြင်း၊ မီးယပ်ကွက်များ ထွက်ခြင်း၊ အဖုအပိန့်များဖြစ်ပေါ်ခြင်း၊ အတုံးအခဲများ ဆင်းသက်ခြင်း၊ အဖြူမီးယပ်၊ အဝါမီးယပ်၊ သွေးဆုံမီးယပ် ရောဂါများအတွက် သုံးစွဲနိုင်ပါသည်။

ပင်ရင်း - စကြာပင်းဆေးတိုက်နှင့် ဆေးကုဌာန
အမှတ်(၆၆၆)၊ ဘုရင့်နောင်လမ်း၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၆၉၃၁၀၉၁၊ ၀၉ ၇၃ ၂၁၀၆၁။

ပျောက်ဆုံးခြင်း

Jinli Knitting Shipping Co., Ltd၏ သွင်းကုန်လိုင်စင်ပါမစ် YILC 16 17 0048 6-4 2016 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၀၄၉၆၄၁

သင့်သွေးဖြင့် အသက်ကယ်ပါ




SAMSUNG

Galaxy J 6

ပိုမိုကောင်းမွန်သော ဘဝအတွက် Galaxy J5 | J7 2016




(*ဒေတာလျော့ချမှုတွင် Youtube နှင့် Web Browser သုံးစွဲခြင်း အတွက်သာလျော့ချပေးသည်။ Facebook နှင့် COC သုံးစွဲခြင်း မပါဝင်ပါ။)

samsungmobilemyanmar samsungmyanmar samsungmyanmar

Call Center 01 2399 888 (Mon-Sun) 8AM to 6PM

အပြို့ပြို့အနယ်နယ်ရှိ Samsung Brand Shops များနှင့် ကိုယ်စားလှယ် အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။

SAMSUNG


MPT
ရွှေသို့လှမ်းရှိ မြန်မာပြည်
ငွေဖြည့်အပိုဆု
၁၀၀%
အထိ ယူလိုက်ပါ
ငွေဖြည့်ပမာဏ
အပိုဆုပမာဏ
၁,၀၀၀ ကျပ်
၂၀၀ ကျပ်
၃,၀၀၀ ကျပ်
၁,၀၀၀ ကျပ်
၅,၀၀၀ ကျပ်
၂,၀၀၀ ကျပ်
၁၀,၀၀၀ ကျပ်
၁၀,၀၀၀ ကျပ်
၂၀,၀၀၀ ကျပ်
၂၀,၀၀၀ ကျပ်
၃၀,၀၀၀ ကျပ်
၃၀,၀၀၀ ကျပ်
ဇွန်လ(၂၈)ရက် မှ
ဇူလိုင်လ(၂)ရက်နေ့ အထိ
MPT
ရွှေသို့လှမ်းရှိ မြန်မာပြည်
အပိုဆုကြေးအား ဖုန်းငွေဖြည့်သည့်နေ့မှစ၍
၁၀ရက်အတွင်း အသုံးပြုနိုင်ပါသည်။
အပိုဆုကြေးအား
MPT မိုဘိုင်း အချင်းချင်း ဖုန်းခေါ်ဆိုခြင်း နှင့်
စာတိုပေးပို့ခြင်း၊ အင်တာနက် အသုံးပြုခြင်းတို့တွင်
သုံးစွဲနိုင်ပါသည်။
* ၂၀၁၆ ဧပြီလ ၁ ရက်နေ့မှ စ၍ လက်ရှိနှုန်းထားများတွင်
အစိုးရကုန်သွယ်လုပ်ငန်းခွန် ၅% ထပ်ဆောင်းကောက်ခံသွားပါမည်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday


LG
Life's Good
TMW Enterprise Limited
EURO 2016
PROMOTION
9th June~ 19th, July | 2016
Special
LED TV
24" | 28" | 32" | 43"
24" Monitor LED TV
(24MT48V)
28" LED TV
(28MT48VF)
32" LED TV
(32LF550, LF510)
43" LED TV
(43LF540T, LF510T, LH511T)
FREE GIFT
+
"ထပ်ဆင့်ကံစမ်းနိုင်မည့် Grand Lucky Draw"
1st Prize - 65UF850T
(65" Ultra HD Smart 3D LED TV)
2nd Prize - 49LF540T
(49" LED TV)
3rd Prize - 43LH511T
(43" LED TV)
SCREEN SIZE ကြီး ကြိုက်သူများအတွက်
ULTRA HD 5K SMART LED TV
GIGANTIC SCREEN
105"
FREE GIFT
65" OLED 4K Smart Curved 3D LED TV
ULTRA HD SMART 3D LED TV
84"
FREE GIFT
55" OLED Full HD Smart Curved 3D LED TV
4K SMART LED TV
79"
FREE GIFT
55" SMART LED TV
55LH600T
4K SMART LED TV
70"
FREE GIFT
49" WIFI SMART LED TV
49LF590T
OLED FULL HD SMART CURVED 3D LED TV /
OLED 4K SMART CURVED 3D LED TV
55" | 65"
FREE GIFT
Handset G5 SE
ULTRA HD SMART 3D/
CURVED 3D LED TV
55" | 65"
FREE GIFT
43" WIFI SMART LED TV
43LF590T
4K SMART 3D LED TV /
SMART LED TV
55" | 65"
FREE GIFT
24" LED TV
24MT48V
SMART LED TV
55"
FREE GIFT
Blu-ray Player
BP250
4K SMART LED TV
49" | 55"
FREE GIFT
LG K10
4K SMART LED TV
43"
FREE GIFT
LG K7
LED TV
49" (LF540T), 43" | 49" (LF590T) Wi-Fi Smart
FREE GIFT
DVD Player
DP132H
HOME THEATER
FREE GIFT
Memory Stick
PLAYER & SPEAKER
FREE GIFT
Cap
AIR CONDITIONER
ALL AIR CONDITIONER
LG Air Conditioner ဝယ်ယူသူများအတွက်
(30th June အထိသာ)
FLOOR STANDING & CEILING CASSETTE
5% Discount
REFRIGERATOR
FREE GIFT
1 Door
(163 / 193 L)
2 Doors
(205 / 225 / 272 / 335 L) >>> Safe Guard
2 Doors
(425/507/524 L) >>> Vacuum Cleaner VC2316
Side by Side >>> Microwave Oven MS2042D
Side by Side
(4 Doors) >>> 1 Door Refrigerator GNY201SL
WASHING MACHINE
FREE GIFT
Semi (7/ 10.5kg)
Top Load (7.5/8/10kg) >>> Detergent
Top Load
(10.5 / 12 / 13 / 14kg) >>> Towel + Detergent
Top Load (17kg)
Front Load (7 / 8kg) >>> Vacuum Cleaner VC2216NNDV
Front Load
(10.5 / 14 / 16kg
7/4 | 8/5 | 17/9 |
14/8kg Wash & Dry)
Dryer (10.5 kg) >>> Vacuum Cleaner VC4220NHT
LG BRAND SHOP :
Sule
Myanmar Plaza
Pathein
Nyaung Lay Pin
Kabar Aye
Mandalay
Mawlamyine
Lashio
Pansodan
Nay Pyi Taw
Pyinmana
WAI YAN Electronics :
Pansodan
Bo Aung Kyaw
Nay Pyi Taw
Lashio
Kabar Aye
Insein
Taunggyi
Pyay
South Dagon
Mandalay
Bago
LG loves Myanmar
TMW Enterprise Limited
LG BRAND SHOP များ၊ WAI YAN Electronics


Ocean
SUPERCENTER
BEST VALUE PRODUCTS
AND MORE...
SUPER SAVER
တန်ဖိုးမှတန်
1st ~ 14th July, 2016
Hot Drink fair
SAVE
OVALTINE
-3 in 1 Malted Milk (Box)
-Chocolate Flavour (Box)
385g
WOW!
Buy 1 Box
Get Glass
free
ANLENE
Gold Boneactiv
Milk Powder
800g
10,400
Ks.11,900
HORLICKS
Malt Gold (Bottle)
400g
5,050
Ks.5,600
NESCAFE
Coffee Gold
Decaffinated
200g/ Blend Fresh &
Rich Aroma 100g
(100g) Ks.9,000
(200g) Ks.16,200
NESCAFE
Gold Blend Coffee
100g/ Gold Coffee
Rich Aroma 175g
(100g) Ks.6,900
(175g) Ks.10,350
NESCAFE
Red Cup Coffee
200g (Bottle)
NESTLE
Coffeemix Mate 400g
Buy 2 Get 1
Mug
free
NESCAFE
3 in 1 Coffeemix
Rich & Aroma
30's 492g
Buy 1 Get 3
On Pack Promotion
NESCAFE
3 in 1 Coffeemix
-Espresso Roast
-Creamy Delight
10% Off
MOCCONA
Trio 3 in 1 Coffeemix
-Classic/ Espresso/
Gold/ Rich & Smooth
Buy 1 Get 1
Mug
free
GOOD DAY
3 in 1 Instant Coffee
-Mocacinno/ Original
30's 600g
Buy 1 Get 1
On Pack Promotion
PREMIER
3 in 1 Coffeemix
600g
2,600
Ks.2,700
SUPER
3 in 1 Coffeemix
48's 960g
Buy 1 Get 1
Mug
free
BIRDY
3 in 1 Coffee
Super Creamy
30's 510g
3,100
Ks.3,200
RICH
3 in 1 Coffeemix
Creamy 30's 540g
Buy 1 Get 1
Mug
free
GENIUS
100% Arabica Coffee
Fine Ground and Corse
220g
Buy 1 Get 1
Mug
free
DUTCH LADY
UHT Milk Full Cream
1 Ltr
Buy 2 Get 1
Glass
free
NAGAR PYAN
English Breakfast Tea
50's 100g
3,400
Ks.3,800
SUNFLOWER
Jasmine Tea
120g
3,150
Ks.3,600
MAW SHAN
Green Tea (Box)
120g
1,300
Ks.1,450
FROZEN SALMON
FISH STEAK
1,230
100g/Ks.1,340
FRESH MINCED
MUTTON
860
100g/Ks.1,075
900
pc/Ks.1,080
MYANMAR PINEAPPLE
300
100g/Ks.360
KOREA SINKO PEAR
1,000
pc/Ks.1,250
CAULIFLOWER
240
100g/Ks.285
ASPARAGUS
ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်။
Prices may change without prior notice. While Stocks Last!
BEST VALUE BEST PRODUCTS AND MORE...
ပစ္စည်းလည်းမှန် ဈေးလည်းတန် ...


မေမေနဲ့ Similac Gain IQ ပေါင်းစပ်မှု
အကောင်းဆုံးလေ့လာသင်ယူမှု
Similac Gain IQ
သင်နဲ့ သင့်ကလေး အတူလုပ်ဆောင်တဲ့အပြုအမူတိုင်းဟာ သူ့ကိုသင်ယူမှုအသစ်တွေ အမြဲရရှိစေပါတယ်...ဒါပေမယ့်...သူ့အတွက်လေ့လာမှုအသစ်တွေကို ပိုမိုသင်ယူနိုင်စေဖို့ကောင်းမွန်တဲ့အာဟာရဓာတ်တွေလိုအပ်ပါတယ်...Similac ရဲ့ Eye Q Plus System မှာ DHA သာမက Choline, Lutein, Taurine, Zinc စသည့် အာဟာရများကို သိပ္ပံနည်းကျပေါင်းစပ်ထားတာကြောင့် ဦးနှောက်ရဲ့ဆက်သွယ်မှုများကို ပိုမိုကောင်းမွန်စေပြီး အကောင်းဆုံးသင်ယူမှုကို ပေးစွမ်းနိုင်ပါတယ်...
Distributed By
PAHTAMA GROUP
Abbott Nutrition Careline
01-8551428
09 260 35 62 62
abbottnutrition@pahtama.com
Abbott


Forever Gems by ရွှေနန်းတော်
Up to 35% off
ရွှေနန်းတော်စိန်ရွှေရတနာဆိုင်(၄)ဆိုင်၏
"ရွှေပြည်တစ်ဝန်း ရွှေရောင်လွှမ်းမယ့်နေ့ရက်များ"
၁.၇.၂၀၁၆ မှ ၃၁.၁၂.၂၀၁၆ အထိ
Toyota Brand New ကား (၃)စီး
(၂)ကျပ်သား ရွှေဆွဲကြိုး (၁၀)ကုံး
(၁)ကျပ်သား ရွှေဆွဲကြိုး (၁၀)ကုံး
(၅)မူးသား ရွှေဆွဲကြိုး (၂၀)ကုံး
ချက်ချင်းပေါက် ချက်ချင်းယူဗလာမပါကံစမ်းမဲ
(၁) ကျပ်သား ရွှေဆွဲကြိုး (၅) ကုံး
(၁၂ပဲ) ရွှေဆွဲကြိုး (၅) ကုံး
(၈ပဲ) ရွှေဆွဲကြိုး (၁၀)ကုံး
ရွှေသားကံစမ်းမဲ(၁၅၀)ကျော်ချီးမြှင့်ပေးမည်။
အများဆုံးဝယ်ယူသူ(၂၅)ဦး (၃၁.၁၂.၂၀၁၆)အထိ
ရွှေ(၁၀)ကျပ်သား၊ ရွှေ(၇)ကျပ်သား၊
ရွှေ(၅)ကျပ်သားအပါအဝင်
ရွှေသားဆုမဲ(၂၅)ဆု
Golden Palace Super Diamond card
GIA/HRD Certificate Available, Hongkong လက်ရာစိန်ထည်များ
MPU/Visa/Master/Debit Cards
Silver card,Gold card, Diamond card အကျိုးခံစားခွင့်များနှင့်
3D CAD/CAM ဖြင့် ကမ္ဘာ့အဆင့်မှီ လက်ဝတ်ရတနာများကို
ထုတ်လုပ်ရောင်းချပေးခြင်း၊ Order ထည်များကိုလည်းလက်ခံခြင်းများ
ဆောင်ရွက်ပေးနေပါသည်။
ဆိုင်(၁)- PH: 01-210572,01-229409,01-227212
ဆိုင်(၂)- PH:01-211728, 01-226977,01-228751
ဆိုင်(၃)- မြို့သစ်၊ JUNCTION SQUARE SHOPPING CENTRE PH:01-211728, 09-731 45462,09-731 45463
ဆိုင်(၄)- (G-05A), မြို့သစ်၊ MYANMAR PLAZA (HAGL GROUP) NEAR SEDONA HOTEL), PH: 09-2653 99966, 09-2653 99977


oppo
A37
သစ်လွင်တောက်ပ
ကင်မရာပုံရိပ်အလှ
Ni Ni Khin Zaw
A37 GIFT PACKS
အရမ်းတန်တဲ့
လက်ဆောင်ပစ္စည်းများ
(1.7.2016 မှ 15.8.2016 ရက်အထိသာ)
ooredoo
Get 4GB Data Free
အသေးစိတ်အချက်အလက်ကို ဆိုင်တွင်း သို့မဟုတ်
OPPO Myanmar Facebook တွင် လေ့လာနိုင်ပါသည်။


Ocean SUPERCENTER (ပုသိမ်)
NOW OPEN!
ဆိုင်သစ်ဖွင့်ပွဲအထိမ်းအမှတ်
အထူးအစီအစဉ်များ
30th June ~ 30th September, 2016
ကားအစီးရေ(၁၀)နှင့်မော်တော်ဆိုင်ကယ်(၃၀၀)စီးခန့် ရပ်နားနိုင်သော ကျယ်ဝန်းသည့်ကားပါကင်
ဆိုင်ခန်းပေါင်း(၁၆)ဆိုင်ကျော်
ခေတ်မီ၍ လုံခြုံစိတ်ချရတဲ့ကလေးကစားကွင်း
နိုင်ငံတကာအဆင့်မီ စားသောက်ဆိုင်များ
Ocean Supercenter အပါအဝင် ဆိုင်ခန်းများမှ
ကျပ် သုံးသောင်းနှင့်အထက် ဝယ်ယူသူတိုင်း
အထူးဆု » ကျပ်(၁၀)သိန်းတန် ဈေးဝယ်ခွင့်ကတ် အပါအဝင် အဖိုးတန်ဆုမဲပေါင်းများစွာ...
(၅)သိန်း (၁)ဆု
(၃)သိန်း (၁)ဆု
(၁)သိန်း (၁)ဆု
(၅)သောင်း (၁)ဆု
(၁)သောင်း (၁၅)ဆု
ပျော်ပွဲ ရွှင်ပွဲနှင့် ကံထူးရှင် ရွေးချယ်ပွဲ
July 30, Aug 27 & Sept 30
နိုင်ငံကျော် တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများ၊ Life & Dance အကအဖွဲ့၏ အကအလှများနှင့်အတူ အခြားအစီအစဉ်ကောင်းများစွာဖြင့် ဖျော်ဖြေတင်ဆက် ပေးသွားမည်ဖြစ်ပါသည်။
စက်တင်ဘာလ (၃၀)ရက်နေ့တွင် အထူးဆု(၁၀)သိန်းအား ကံစမ်းမဲဖောက်ပေးသွားပါမည်။
BLANCO
CANDY LAND
CHERRY OO
CityCore
ERKE
ESCORT
K-Queen
PAPILLON
SEASONS
technoland
TTT
ကမ်းနားလမ်း၊ ပုသိမ်မြို့(မြို့တော်ခန်းမအနီး)၊ ဧရာဝတီတိုင်းဒေသကြီး။
www.oceansupercenter.com.mm
LIKE US ON facebook


နံပါတ်လှလှ ရွေးဝယ်ရအောင်
၁,၅၀၀ ကျပ်မှစပြီး စိတ်ကြိုက်နံပါတ်တွေကို နီးစပ်ရာ
အရှီဒူး အရောင်းဆိုင်တွေမှာ အခုပဲ ပြေးဝယ်လိုက်ရအောင်။
ooredoo
စိတ်ကြိုက်နံပါတ်လား
လက်ရှိ သုံးနေတဲ့ နံပါတ်နဲ့ ဆင်တူလား
ကိုယ့်နာမည် ထပ်တူကျတဲ့ နံပါတ်လား
သတ်မှတ်ထားသော အူရီဒူးအရောင်းဆိုင်များကို www.ooredoo.com.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကိုရီးယားနံပါတ် 1, CJ Foods Myanmar မှ မော်လမြိုင် အရောင်းကိုယ်စားလှယ်ရှာဖွေခြင်း**

**ဖြန့်ချိမည့်ပစ္စည်း**-ပဲပိစပ်ဆီ၊ ဟင်းသီးဟင်းရွက်ဆီ

လက်ရှိ မော်လမြိုင်၌ စားသောက်ကုန်ဖြန့်ဖြူးနေသော လက်ကားဆိုင်များအား ဦးစားပေးမည်။

စိတ်ဝင်စားပါက ဖုန်း ၀၉-၇၉၃၁၇၅၇၄၆သို့ ဆက်သွယ်နိုင်ပါသည်။

မဖင်မာဆွေ(B.Med.Tech)
၉-၁၀ တန်း ဘာသာစုံ
(Special Guide)အိမ်လိုက်သင်သည်၊ ... GCE ...
အထူးမလှကျင့်ပေးသည်၊
09-5159730, 01-376849

**တန်မှတန် အမြန်ရောင်းမည်**
ပေ(၂၀×၆၀)၊ ဒု(ထပ်)၊ တာမွေ ဈေးဟောင်းလမ်း၊ တာမွေမြို့နယ်၊ အဆင့်မြင့်ပြင်ပြီး အသင့်နေနိုင်။ သိန်း(၈၅၀)ညှိနှိုင်း
Phone: 09-425029537
09-978764941

# ဒေါ်ခိုင်ချိုမြင့်
M.Sc, D.A, E.D.B.A, ACCA (Final)
**ACCA, CIMA (Business Law)**
(ကျောင်းအပ်လက်ခံနေပါပြီ)
အမှတ်-၁၄၅၊ ပထပ် (ဝဲ)၊ ၃၇လမ်း။
ဖုန်း - ၀၉၅၁၆၆၂၇၂

မြန်မာပြည်တွင်ပထမဦးဆုံး
တစ်ဦးတည်း Organic လက်မှတ်ရ
သဘာဝပေါင်းဆန်းမွှေးစစ်စစ်နှင့်Organicပဲဆီသန့်ဖြန့်ဖြူးရေး
ကျန်းမာပျော်ရွှင် အသက်ရှည်ဖို့
ဓာတ်ထွက်ဆိုးကျိုးအလွန်နည်းသည့်
"သဘာဝအမှတ်တံဆိပ်"
"ဇော်ဝဲနှစ်"ပေါင်းဆန်းမွှေးစားကြစို့
ဖုန်း-၀၁-၂၂၁၈၃၄၊၀၉-၅၁၅၀၅၂၅၊၀၉-၇၈၅၁၅၀၅၂၅




**သိန်းသန်းဆက်**
အိမ်ပြောင်း/အိမ်ရွှေ့ဝန်ဆောင်မှုလုပ်ငန်း
ကားနှင့်လုပ်သားအပါ
Ph: 09-440390558
09-784109116

GLOBAL PHOENIX REAL ESTATE
ပြင်ဆင်ပြီး ကွန်ဒိုအခန်း၊ လုံးချင်းအိမ်များကို ငှားရမ်းလိုသော နိုင်ငံခြားသားစည့်သည်များ ရှိနေပါသည်။ Global Phoenix သို့ ပိုင်ရှင်များ အမြန်ဆက်သွယ်ပေးပါ။
09 - 260 2600 29 / 59
No. 153, 1st Fl, Anawrahta Road, Corner of 47th St, Botahtaung Tsp.
globalphoenix.realestate@gmail.com




ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

(ကောင်းမြန်မာ)
တောင်ပိုင်း၊ ဆိပ်ကမ်း
မြေကွက်ဝယ်လိုသည်။
ဖုန်း-၀၉ ၄၁၁၇၃၉၇၂

**ဒဂုံမြို့သစ်**
အရှေ့ပိုင်း
သိတ်ကမ်းမြို့နယ်
တောင်ပိုင်း မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620

**အမည်ပြောင်း** ဦးဇော်လှိုင်ထွန်း[၁၂/စခန(နိုင်)၀၂၂၀၉၇]၏သမီး အထက(၂)ဗဟန်း၊ န၀မတန်း(F)တွင် ပညာသင်ကြားနေသော မယွန်းသီရိဇော်အား မကျော့ရွှုပါဟန်ဟု ပြောင်းလဲခေါ်ပါရန်။

**ဖောင်းကြွပျောက်လျှောက်ထားခြင်း** ယာဉ်အမှတ် 6K/5877၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့













**မိခင်အမည်မှန်**

တပ်ကုန်းမြို့နယ်၊ ရွှေစုအုပ်စု၊ ရွှေစုကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲတွင် ပညာသင်ကြားနေသော ဒသမတန်းမှ မဖြူဇင်ဦး၊ အဋ္ဌမတန်းမှ မပြည့်ပြည့်ဇော်နှင့် ဆဋ္ဌမတန်းမှ မောင်ပြည့်ဖြိုးမောင်တို့၏မိခင်မှာ ဒေါ်ခင်မာသန်း [၉/တကန(နိုင်)၁၇၅၁၇၉] ဖြစ်ပါကြောင်း။ **ဒေါ်ခင်မာသန်း [၉/တကန(နိုင်)၁၇၅၁၇၉]**

**အဝတ်လျှော်စက်ရုံရောင်းရန်**

လက်ရှိလည်ပတ် အသုံးပြုနေသော စက်ရုံသုံး အဝတ်လျှော်စက်ပစ္စည်း အစုံလိုက် ရောင်းရန်။ (ဟိုတယ်၊လုပ်ငန်းသုံး၊အကြီးစား အဝတ်လျှော်စက်လုပ်ငန်း)
Ph:09 965132161, 09 782938161

"သင်တန်းဟူသည် ထိပ်တန်းတစ်နေရာသို့ တက်ရာတွင် မရှိမဖြစ်လှေကားတစ်ခုဖြစ်သည်။"
ALL Trainings Are Essenential For Your Success
Vehicle Driving & Maintenance Training
၂၀၁၆ ခု၊ အပတ်စဉ်(၄၀)၊ ဇူလိုင်လ (၃)ရက်နေ့ဖွင့်မြို

# ရောင်နီဦး
# AURORA

ယာဉ်မောင်း စက်ပြင်သင်တန်းကျောင်း
အမှတ် ၁၄၊ ဖဲမလမ်း၊ (၅)ရပ်ကွက်၊ (ရှပ်ရှင်ရုံနောက်ကျော)၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
Ph-09-73235126, 09-43163080, 09-43170116
သင်တန်းခွဲ -အမှတ် ၅၂၉၊ အနော်ရထာလမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်။
Ph-09-43187831, 09-420317778






**အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ ကမာကြည်လမ်း၊ တိုက်အမှတ်(၂၂)၊ တတိယထပ်၊(၄ - လွှာ)ခြေရင်းခန်းဟုခေါ်တွင်သော(၁၈' ×၅၅')အကျယ်အဝန်းရှိ တိုက်ခန်းအပါအဝင်ယင်းတိုက်ခန်း၌ ဆက်စပ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားရှိ ပိုင်ဆိုင်၍ရောင်းချပိုင်ခွင့်ရှိသည်ဟုဆိုကြသူ ဦးရဲမြင့်(ခ)ဦးဟူဆောင်းအာမက်(၁၂/တမန(နိုင်)၀၉၄၈၈၃)နှင့် ဦးလှမြင့်(ခ)ဦးဆွေတာလင်း(၁၂/တမန(နိုင်)၀၉၉၈၉၀)တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးဇော်မြင့်သိန်း(၈/ပခက(နိုင်)၁၄၉၆၅၀)ကဝယ်ယူ၍ လက်ရောက်ရရှိပိုင်ဆိုင်ထားပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

တရားလွှတ်တော်ရှေ့နေများ | လွှဲအပ်ညွှန်ကြားချက်အရ -

| | | | |
|---|---|---|---|
| ဦးသန်းညွန့်(စဥ်-၃၅၅၀) | ဦးအောင်နိုင်ဦး(စဥ်-၄၂၇၂) | ဦးမျိုးညွန့်(စဥ်-၅၁၄၂) | ဒေါက်တာအေးဇင်ဘော်(စဥ်-၉၃၈၁) |
| LL.B,C.P.T,C.J.T | LL.B | LL.B,D.B.L | LL.B,LL.M,M.Res,Ph.D |

အထက်တန်းရှေ့နေများ

| | | |
|---|---|---|
| ဒေါ်လှိုင်ယဉ်မွန် (စဥ်-၄၀၆၄၀) | ဒေါ်အေးသုဇာ (စဥ်-၃၀၂၆၄) | ဒေါ်ဆွေးစုလှိုင် (စဥ်-၃၄၅၁၇) |
| LL.B | LL.B,D.B.L,D.I.L | LL.B,D.B.L,D.I.L |

" စိုင်း ခွန် နောင် " ကုမ္ပဏီ(အိမ်၊ ခြံ၊ မြေ)နှင့်ဥပဒေအကြံပေးလုပ်ငန်း
ရုံးချုပ် - အမှတ်(၁)၊ ပင်ရှေ့ညောင်လမ်း၊ (ILBC ကျောင်းအနီး)၊ တာမွေမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၁ - ၅၅၁၁၉၇၊ ၅၄၁၅၀၁၊ ၀၉ ၂၅၄ ၂၉၇ ၉၉။

# ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။

၁။ လှည်းကူးမြို့ မြို့ပတ်လမ်း၊မြို့မရပ်ကွက်၊ စလစ်မြေ၊
(32'/19'x50') - (55) သိန်း
၂။ ဘုရားလမ်း၊ (G ဥယျာဉ်မြေကျပြီး)
(40'x60')-(130) သိန်း,(100) သိန်း, (65) သိန်း
Ph: 09-450378377,09-421161198,09-799716395

**လှည်းကူးမြို့ပေါ်ရှိ မြေကွက်များရောင်းရန်**

၁။ လှည်းကူးမြို့ပေါ်၊ ရိပ်သာရပ်ကွက်၊
ဗိုလ်ချုပ်အောင်ဆန်းလမ်း (ရေ၊ မီး)အဆင်ပြေ၊
ကွန်ကရစ်လမ်းခင်းပြီး
ပေ(၁၆×၈၀)၊ ပေ(၂၀×၈၀)၊ ပေ(၄၀×၆၀)၊ ပေ(၄၀×၈၀)
ကျပ်သိန်း (၈၀)မှ (၁၈၀)ထိ
၂။ ရန်ကုန်-ပဲခူးလမ်းမနှင့်နီး၊ ဘုရားလမ်း၊ ပေ(၁၀၀×၄၅)၊ သိန်း ၃၂၀
ဖုန်း-၀၉-၂၅၅၇၆၅၂၀၀၊ ၀၉-၅၃၂၀၁၈၄

# အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ၂၀၁၆ ခုနှစ် လူကုန်ကူးမှုဆိုင်ရာ အစီရင်ခံစာနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

၁။ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအစိုးရသစ်အနေဖြင့် ရွှေ့ပြောင်းအလုပ်သမားများ၊ လူကုန်ကူးခံရသူများနှင့် အဓမ္မစေခိုင်းခံရသူများကို ကာကွယ်နိုင်ရေးအတွက် အားထုတ်ကြိုးပမ်းမှုများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေသည့်အချိန်အခါမျိုးတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ၂၀၁၆ ခုနှစ် လူကုန်ကူးမှုဆိုင်ရာ အစီရင်ခံစာ၌ မြန်မာနိုင်ငံအား အဆင့်(၂) စောင့်ကြည့်စာရင်းမှ အဆင့်(၃) သို့ လျှော့ချခဲ့ခြင်းအတွက် စိတ်မကောင်းဖြစ်မိပါသည်။

၂။ မြန်မာနိုင်ငံသည် အဆင့်(၂) စောင့်ကြည့်စာရင်း၏ စံနှုန်းများကို ပြည့်မီလျက်ရှိသော်လည်း လွန်ခဲ့သည့် လေးနှစ်တာကာလတွင် အဆင့်(၂) စောင့်ကြည့်စာရင်း၌ ဆက်လက်ရှိနေခဲ့ရာ သတ်မှတ်ချက်များအရ ယင်းသို့ ဆက်လက်ထားရှိရန် မဖြစ်နိုင်တော့ခြင်းကြောင့် မြန်မာနိုင်ငံအား အဆင့်(၃) သို့ ပြောင်းလဲသတ်မှတ်လိုက်ခြင်းဖြစ်ကြောင်း နားလည်ပါသည်။ အဆင့်(၃) စာရင်းဝင်နိုင်ငံများနှင့် သက်ဆိုင်သည့်ကန့်သတ်ချက်များသည် မြန်မာနိုင်ငံနှင့် အမေရိကန်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ မထိခိုက်စေရန်အတွက် ဆောင်ရွက်မှုများပြုလုပ်လိမ့်မည်ဟု မျှော်လင့်ပါသည်။ အထူးသဖြင့် လူကုန်ကူးမှုကို ဖြစ်ပေါ်စေသည့် အဓိကအကြောင်းရင်းတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံမှ အလေးထားဆောင်ရွက်လျက်ရှိသည့် ဆင်းရဲမှုလျှော့ချရေးကို မထိခိုက်စေလိုပါ။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ○

# မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆက်လက်ကျင်းပ



**နေပြည်တော် ဇွန် ၃၀**

(၅၃) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်တွင် ကျင်းပလျက်ရှိရာ ယနေ့ ကျောက်စိမ်းအတွဲ ၆၈၄ တွဲ ရောင်းချခဲ့ရကြောင်း သိရသည်။

ပြီးခဲ့သည့် ပြပွဲရက်များတွင် ပုလဲရောင်းချရမှု ယူရို ၃ ဒသမ ၁၂ သန်း၊ ကျောက်မျက်ရောင်းချရမှု ၃ ဒသမ ၂၉ သန်းရှိကြောင်း သိရပြီး ဇွန် ၂၈ ရက်မှစ၍ ကျောက်စိမ်းအတွဲများကို အိတ်ဖွင့်တင်ဒါစနစ်၊ ဈေးပြိုင်စနစ်များဖြင့် ရောင်းချလျက်ရှိရာ ယနေ့အထိ ယူရို ၁၅၇ ဒသမ ၄၇ သန်းတန်ဖိုးရှိ ကျောက်စိမ်းအတွဲများ ရောင်းချခဲ့ရကြောင်း သိရသည်။

ထို့ပြင် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်တွင်းရတနာကုန်သည်များအပြင် ပြည်ပရတနာကုန်သည်များလည်း လာရောက်ကြောင်းသိရပြီး တရုတ်၊ ဩစတြေးလျ၊ အိန္ဒိယ၊ ဂျပန်၊ စင်ကာပူ၊ ထိုင်း၊ ဩစတြီးယားနှင့် အင်ဒိုနီးရှား အစရှိသည့် နိုင်ငံများမှ ရတနာကုန်သည်များ လာရောက်ကြောင်း သိရသည်။

ထိုသို့ မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ နှစ်စဉ်မပျက်မကွက် **စာမျက်နှာ ၃ ကော်လံ ၄ သို့** ✪

## ထူးကဲဒီရေတက်မည်

**နေပြည်တော် ဇွန် ၃၀**

ဇူလိုင် ၃ ရက်မှ ဇူလိုင် ၇ ရက်အထိ ကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ၂၀ ဒသမ ၂၁ ပေခန့်မှ ၂၀ ဒသမ ၆၇ ပေခန့်အထိ ထူးကဲဒီရေတက်ဖွယ်ရှိကြောင်း၊ ယခင် ၂၀၁၄-၂၀၁၅ ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံ ရေစစ်မျဉ်းအထက် အမြင့် ၂၂ ပေခန့်ထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း၊ အခြေခံရေစစ်မျဉ်း အထက်အမြင့်ပေ ၂၀ ကျော်လွန်သဖြင့်သာ သတင်းထုတ်ပြန်ခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သတိပေးအကြောင်းကြားထားသည်။ **(ကြေးမုံ)**

## MNL ပြိုင်ပွဲ ပွဲစဉ် (၁၆) တွင် ရှမ်းယူနိုက်တက်နှင့် ရောဝတီတွေ့ဆုံ



**ရန်ကုန် ဇွန် ၃၀**

၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၆) ကို ဇူလိုင် ၂ ရက်နှင့် ၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး အသင်းကြီးနှစ်သင်းဖြစ်သည့် ရှမ်းယူနိုက်တက်အသင်းနှင့် ရောဝတီအသင်းတို့ ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

ပွဲစဉ် (၁၆)အဖြစ် ဇူလိုင် ၂ ရက်တွင် တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ရောဝတီအသင်း၊ သုဝဏ္ဏကွင်း၌ ဇွဲကပင်အသင်းနှင့် ဧယျာရွှေမြေအသင်း၊ အောင်ဆန်းကွင်း၌ ချင်းယူနိုက်တက်အသင်းနှင့် ရန်ကုန်အသင်း၊ ဇူလိုင် ၃ ရက်တွင် ဗထူးကွင်း၌ ရတနာပုံအသင်းနှင့် Southern အသင်း၊ သုဝဏ္ဏကွင်း၌ Horizon အသင်းနှင့် ဟံသာဝတီအသင်း၊ အောင်ဆန်းကွင်း၌ မကွေးအသင်းနှင့် ရခိုင်အသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ပွဲစဉ်(၁၅) အပြီးတွင် ရတနာပုံအသင်းက (၄၁) မှတ်ဖြင့် ထိပ်ဆုံးတွင် ဦးဆောင်နေပြီး မကွေး၊ ဟံသာဝတီနှင့် ဧယျာရွှေမြေအသင်းတို့က ၂၅ မှတ်စီ၊ ရန်ကုန်နှင့် ရောဝတီအသင်းတို့က ၂၃ မှတ်စီ၊ ရှမ်းယူနိုက်တက်နှင့် ဇွဲကပင်အသင်းတို့က **စာမျက်နှာ ၃ ကော်လံ ၅ သို့** ❒


ဦးအောင်နိုင် (ရွှေတံဆိပ်ဆုရှင် - CPA)

ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၅ ခုနှစ်အတွင်း ကျင်းပခဲ့သော LCCI စာရင်းကိုင်ပညာရပ်ဆိုင်ရာ စာမေးပွဲများတွင် ယခင်နှစ်များကဲ့သို့ ကမ္ဘာနှင့် မြန်မာ ပထမဆု၊ ဒုတိယဆု စုစုပေါင်း (၁၆)ဆု ပေါ်ထွက်ခဲ့ပါသည်။ ပထမရွှေတံဆိပ်ဆုရှင်များ၊ ဒုတိယငွေတံဆိပ်ဆုရှင်များနှင့် ဘာသာစုံဂုဏ်ထူးရှင်များအတွက် ဝမ်းမြောက်ဝမ်းသာ ပီတိဖြစ်ရပါကြောင်း။ ပံ့ပိုးကူညီပေးပါသော မိဘများနှင့် ဆရာ/ဆရာမများကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။

ဆရာဦးအောင်နိုင်၊ ဆရာမဒေါ်နန်းရွှေ နှင့်
Management Team,
ASA-Aung Naing-School of Accountancy




အမှတ် - ၂၄၄(တတိယထပ်)၊ မိုးဗျိုင်းနှင့် ခုံးတံတားကြား၊ ပန်းဆိုးတန်းလမ်း(ထက်)။ Tel: 01-377610, 09-730 66231, 09-730 99752, 09-320 60060 U Aung Naing-LCCI(official page)